# ပုံမှန်းမွေးလှိုင်ကြာ



ရေးသူ အရှင်နန္ဒိယ (မဟာဝိဇ္ဇာ)

၁၄၁၀၄

သစ္စာဝါဒီအသျှင်နန္ဒဝံသ

(မဟာဝိဇ္ဇာ)

# ပျုံမွှန်းမွှေးလှိုင်ကြူ

ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ်ထုတ်ဝေခွင့်
မှတ်ပုံတင်အမှတ် (၉၀၀)

ပထမအကြိမ်
၁၉၇၀-ခု၊ ဇန္နဝါရီလ
အုပ်ရေ ၃၀၀၀
မျက်နှာဖုံးပန်းချီ – ဇော်ဟိန်းမောင်
ဘလောက် – နယူးဘားမား
အဖုံးရိုက် - စိန်ရတနာ

**ထုတ်ဝေသူ**

ဦးနန္ဒဝံသ
ကင်းလွတ်ခွင့်အမှတ် (၃၄၉)
သန္တိသုခကျောင်း
အမရပူရမြို့။

**ပုံနှိပ်သူ**

ဦးပါ၊ (၀၁၇၂၀)
စိန်ရတနာပုံနှိပ်တိုက်
၃၁၅၊ ကျိက္ကဆံလမ်း၊ တာမွေ၊ ရန်ကုန်မြို့ ၊

# ဓမ္မဒါန

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ၁ |
| ၂။ | အညွှန်း | ၁၇ |
| ၃။ | ပွဲမွှန်းမွေးလိုင်ကြူနိုင်ကြပါစေ | ၂၉ |
| ၄။ | ဆရာကောင်းဆရာမြတ်လိုအပ်ခြင်း | ၄၇ |
| ၅။ | အတွေ့အကြုံများ | ၅၃ |
| ၆။ | ဝိပဿနာဉာဏ်အမြင် | ၆၁ |
| ၇။ | မဂ်ဉာဏ်ဖိုဉာဏ်တည်ဆောက်နည်း | ၆၇ |
| ၈။ | တရားရှာ ခန္ဓာမှာတွေ့ | ၇၃ |
| ၉။ | ကလေးသူငယ်နှင့် ရဟန္တာ | ၈၁ |
| ၁၀။ | သံသရာမှပါလာသော ကိလေသာ အငွေ့အသက်အထုံအလေ့များ | ၈၅ |
| ၁၁။ | ဝိပဿနာဆိုသည်မှာ | ၉၁ |
| ၁၂။ | ကိုယ်ကျိုးစွန့်လွှတ်မှု | ၉၇ |
| ၁၃။ | လောကုတ္တရာချမ်းသာနှင့် လောကီချမ်းသာ | ၁၀၁ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | အောင်မြင်ခြင်း၏ ဟိုတဘက်မှာ | ၁၀၇ |
| ၁၅။ | ရှုပ်နှာမ်သည်အပျက်ပါ | ၁၁၁ |
| ၁၆။ | ဇွဲလုံ့လ | ၁၁၅ |
| ၁၇။ | ခန္ဓာဝန် | ၁၁၉ |
| ၁၈။ | တရားစစ်တရားမှန်လိုချင်မှု | ၁၂၅ |
| ၁၉။ | သစ္စာအကြောင်းသိရန်လိုသည် | ၁၂၉ |
| ၂၀။ | သမုဒယကို ဘာကြောင့် ပယ်ကြရပါသနည်း | ၁၃၅ |
| ၂၁။ | ဒုက္ခအပျက်ရှုနည်း။ | ၁၃၉ |
| ၂၂။ | တဏှာကိုအဘယ်ကြောင့်ပယ်ရသနည်း | ၁၄၃ |
| ၂၃။ | အတွင်းအောင်မြင်ခြင်း | ၁၄၉ |
| ၂၄။ | နိုင်းနှိုင်းချိန်ချိန်သုခမိန် | ၁၅၉ |
| ၂၅။ | ရုပ်တို့နာမ်တို့သည် ကိုယ်ပိုင်ပစ္စည်းများမဟုတ်ကြ | ၁၆၃ |
| ၂၆။ | ခန္ဓာဇာတ်သိမ်း လွတ်ငြိမ်းရာရှာ | ၁၆၉ |
| ၂၇။ | ကိလေသာ | ၁၇၃ |
| ၂၈။ | ဆန့်ကျင်ဘက်အစုံတို့၏ လွှဲဟန်များ | ၁၇၇ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | နိဗ္ဗာန်ကိုမျက်မှောက်ပြုနည်း | ၁၇၃ |
| ၃၀။ | နိဗ္ဗာန်ကိုအဘယ်ကြောင့် မျက်မှောက်ပြုချင်ပါသနည်း | ၁၇၇ |
| ၃၁။ | နိဗ္ဗာန်သည် ဘာမှမရှိဟုဆိုရာဝယ် | ၁၉၃ |
| ၃၂။ | သာသနာတော်မြတ်ကြောင်း | ၁၉၉ |
| ၃၃။ | ကိလေသာကုန်ခန်းခြင်း | ၂၀၃ |
| ၃၄။ | ရဟန္တာများ | ၂၀၇ |
| ၃၅။ | ရုပ်နာမ်သည် အချည်းနှီးပါ | ၂၁၃ |
| ၃၆။ | သစ္စာဝါဒီအသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ) ဟောကြားချီးမြှင့်တော်မူသည့်တရားတော် ကောက်နုတ်ချက်များ။ | ၂၂၁ |
| ၃၇။ | သစ္စာဝါဒီ အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ) ဟောကြား ချီးမြှင့်တော်မူသော ဝိပဿနာနည်းပညာ တရားတော် | ၂၄၁ |

မာတိကာ ပြီးပြီ။

# အမှာစာ

ဤကျမ်းအမည်သည် "ပျံ့မွှန်းမွှေးလှိုင်ကြူ" ဖြစ်ပါသည်။ အနက်အဓိပ္ပါယ်မှာ သစ္စာဥဒါဏ်ပန်းများ၏ ရနံ့တသင်းသင်း တပျံ့ပျံ့ မွှေးလှိုင်ကြူရလေသည့် သဘောပင် ဖြစ်ပါသည်။ ဆရာတော်၏ အတွေးအခေါ်များ ဆန်းသစ်သလို၊ စာအုပ်အမည်များလည်း ဆန်းသစ်ကာ လူတန်းစားမျိုးစုံတို့၏ စိတ်ဝင်စားမှုနှင့် လေ့လာလိုက်စားမှုကို ခံယူရပါသည်။ သုံးနှစ်အတွင်း ဆရာတော်၏ စာအုပ် ၁၉၀၀၀ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယခု "ပျံ့မွှန်းမွှေးလှိုင်ကြူ"မှာ ဆရာတော်၏ လေးနက်သော အယူအဆနှင့် ဆန်းသစ်သော အမြင်များ ပါရှိရာ၊ စာရှုသူတို့၏ လက်ဝယ်သို့ ရောက်ရှိလာ

ပြီဖြစ်ပါသည်။ ဆရာတော်၏ ထူးခြားသော ဂုဏ်သတ္တိတံခုမှာ လက်တွေ့ကျင့်သုံးဆောက်တည်ပြီးမှ ရေးသားခြင်းအမှု ပြုတတ်သောအကျင့်နှင့် စွမ်းရည်ပင်ဖြစ်ပါသည်။ တရားပွဲများ ချီးမြှင့်စဉ်ကလည်း တရားပလ္လင်ပေါ်တွင် တရားဆင်ခြင်ယင်း ဟောပြောလာခဲ့ကြောင်း ဆရာတော်၏ ပရိသတ်များ သိပြီးဖြစ်ပါသည်။ ယခုလို ကျမ်းစာအုပ်ပြုစုရာ၌လည်း ဆရာတော်ကိုယ်တိုင်တရားဉာဏ်ရည်ဝင်စားမှုနှင့်ယှဉ်သော ရေးသားပုံကို ဆရာတော်၏ စာဖတ်ပရိသတ်အတွက် အထူး မိတ်ဆက်နိဒါန်းရေးရန်ပင်မလိုတော့ပါ။

အထူးကောက်ချက်ချနိုင်သည့်အချက်မှာဆရာတော်၏ လက်တွေ့ကျင့်စဉ် ဒဿနအမြင်မှ ဆင်ခြင်ဉာဏ်ပညာအသိထူးပင် ဖြစ်ပါသည်။ ဤ "ပုံ့မွန်းမွှေးလှိုင်ကြူ"၌ ဆရာတော်၏ ဉာဏ်ပညာကျက်စားမှုဆိုင်ရာ

အလေးပေးဖေါ်ပြမှုများကို တွေ့ရှိနိုင်သဖြင့် ဖတ်ရသူတို့ အားရ နှစ်ထောင်းဘွယ်ရာ ကိုယ်ပိုင်ဒဿနအမြင်ဉာဏ်ဆင်ခြင်ပုံတို့ကို တွေ့ရပါမည်။

ဤစာအုပ်တွင် ခက်ခဲနက်နဲသော ပြဿနာအချို့၏အဖြေများကို တိကျပြတ်သားစွာ ဆုံးဖြတ်ချက်ပြုထားရာ အသေးစိတ်ကိုမူ စာရှုသူ ဓမ္မယောဂီကိုယ်တိုင် ဖတ်ရှု၍ ဉာဏ်ပညာပွားနိုင်ပါစေဟု ဆန္ဒပြုလိုပါသည်။ ဤစာအုပ်သည်ဆရာတော်ပြုစုနေသည့် "အခေါင်မြတ်ပန်းအောင်ပန်းမွေးလှိုင်ကြူ" ၏ ရှေ့ပြေးနမူနာတရပ်ပင် မဟုတ်ပါလော။

ပျံ့မွှန်းမွှေးလှိုင်ကြူသည် သစ္စာဂုဏ်ရည်များ ပျံ့နှံ့မွှန်းထုံ၊ ရနံ့စုံကြိုင်သင်း၊ လှိုင်ခြင်းမက လှိုင်ရခြင်းပင်ဖြစ်ပါသည်။

ဆရာတော်၏ သစ္စာတရားကို မြတ်နိုးခြင်း၊ ဤသို့ မြတ်နိုးသဖြင့် သစ္စာတရားပေးသနားနိုင်သည့် ဆရာကောင်းဆရာမြတ်ကို တွေ့ခဲ့ခြင်း၊ ဆရာကောင်းဆရာမြတ် ဆိုဆုံးမသည့် သစ္စာရရာ ရကြောင်း နည်းလမ်းကောင်းများကို ကျင့်သုံးဆောက်တည်ခြင်း၊ ပြတ်သားပိုင်ခြားခြင်း၊ စွန့်စားခြင်းနှင့် သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်၊ ဘဝကိုပါ ပေးဆက်ခြင်းတို့၏ အကျိုးသက်ရောက်မှု များသည် ဤ "ပုံ့မှန်းမွေးလှိုင်ကြူ" ကို ပူဇော်စေနိုင်ခြင်းပင်ဖြစ်ပါလိမ့်မည်။

မြတ်စွာဘုရားသခင်၏ သားတော် သမီးတော်ပီသစေဘို့ ကျင့်ကြံ့အားထုတ် ကြိုးကုတ်ရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပါ၊ မြတ်ဘုရားအလိုကျ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို အစွန်းနှစ်ဘက်လွတ်အောင် မဇ္ဈိမပဋိပဒါကျကျ အလယ်မှလျှောက်လှမ်းယင်း ရုပ်,နာမ်

ဒုက္ခကို ဉာဏ်အမြင်ရှင်းရှင်းဖြင့် မြင်တတ်နိုင်ဘို့၊ ခပ်သိမ်းကုန်သောပူပြင်စီစဉ်အပ်သောတရားတို့၏ မမြဲနိုင်ပုံကို ပညာသတိ အမြဲရှိနေနိုင်ဘို့၊ ခပ်သိမ်းသော တရားတို့၏ မပိုင်နိုင်ပုံသဘောကို ဆင်ခြင်မပြတ် နှလုံးသွင်းတတ်နိုင်ဘို့မှာ အမှန်တကယ်ပင် ခက်ခဲလှပါသည်။

ဤခက်ခဲသော၊ မလွယ်ကူသောလမ်းစဉ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပြန်သောအခါတွင်မူ၊ အောင်မြင်မှုသရဖူကို ရယူကိုင်လှမ်းယင်း အောင်စည်ဆော်ရွှမ်း ကြရပြန်တော့သည်။

ဆရာတော်၏ တရားပွဲများ၌မှာ သူ့မတူအောင် ထူးခြားပြီး ခေတ်ပညာတတ်များ၊ ကျောင်းသားလူငယ်များ၊ ဝိပဿနာ ယောဂီများ၊ ဆရာတော် သမားတော်များ၊ လူတန်းစားအားလုံးကိုပင် စိမ့်ဝင်စေနိုင်သော၊ စိတ်ဝင်စားစေနိုင်သော အရည်အချင်းများရှိ

ပါသည်။ ဟောကြားသမျှတို့မှာ ကျမ်းဂန်နှင့် မညီညွတ်သည်မရှိ၊ ပဋိပတ္တိအင်အားကြီးမားသော ဆရာတော်၏ အဟောအပြောတို့မှာ စာပေကျမ်းဂန်နှင့် ညှိသောအခါ၊ အံ့မခမ်း ညီညွတ်ကြကြောင်း ပညာရှင်များ တွေ့လာရပါသည်။ ထို့ကြောင့် ရဟန်းဝတ်၍ မကြာမြင့်မီကာလအတွင်းမှာပင် တရားပွဲများ ဆက်တိုက် သတင်းစာများတွင် အသျှင်နန္ဒဝံသချင်း ထပ်ဆင့်မိုးမွန်ခဲ့ရပေသည်။ ရဟန်းဝါနှင့်စာပါက ဆရာတော်၏ နိုင်ငံကျော်ကြား လူသိများမှုမှာ အဆမတန် အင်အားကြီးမားခဲ့ပါသည်။

ဝါတွင်းသုံးလတွင် အနီးအပါးမြို့များ၌ တရားဟောကြောင်းဖြင့် ဖော်ပြခဲ့ပါသည်။ တရားပွဲသည် ညစဉ်ညတိုင်း ရှိမနေသည့်အတွက် တရားပွဲ မရှိသောကာလများအကြောင်း ဖော်ပြလိုပါသေးသည်။ ပြီးခဲ့

သော ၁၃၄၀-ခုနှစ်ကမူ သုဿာန်မူတင်ဆောင်သည်ဟု ဆိုရမည်လား မသိ၊ အမရပူရနှင့်မန္တလေးတဝိုက်ရှိ သုဿာန်များကို စစ်စစ်ပေါက်ပေါက် ရှာဖွေ၍ တရားအားထုတ် ထွက်လေ့ရှိပါသည်။ မိုးတွင်းကာလဖြစ်၍ ရာသီဥတုသာယာမှုနည်းပါးသော်လည်း ထွက်မည်ဆိုလျှင် မိုးမည်မျှရွာရွာ၊ လေမည်မျှထန်ထန် ထွက်လေ့ရှိပါသည်။ မန္တလေးတဝိုက်ရှိ ဆင်ဖြူကန်သင်္ချိုင်း၊ ရဟိုင်းသင်္ချိုင်း၊ အုတ်စက်သင်္ချိုင်း၊ ဦးကောသင်္ချိုင်း၊ ခံကုန်း သင်္ချိုင်း၊ အမရပူရရှိ လင်ဇင်းကုန်း သင်္ချိုင်း စံပြကွက်သစ် အနောက်ဘက် တက်သေးအင်းသင်္ချိုင်းတို့မှာ တခေါက်စီနှင့် စိတ်တိုင်းမကျလျှင် ၂-ခေါက်၊ ၃ခေါက်၊ ၄-ခေါက်၊ ၅-ခေါက် အထိ သွားရောက်တရားအားထုတ်တော်မူခဲ့သည်။

တကယ်တမ်းတွင်မူ ဆရာတော်သည် တရားဟောရုံမျှမက၊ တရားပြသမှုလည်း ပြုပါသည်။ မိမိကိုယ်တိုင်

ကျင်ကြံခဲ့ပုံများကို ပုတီးစိပ်စဉ်က ဘယ်သို့၊ အာနာပါနနှင့် သမာဓိတည်ထောင်စဉ်က ဘယ်ညာ၊ ဆရာမြတ်နှင့်တွေ့ပြီး ဝေဒနာနုပဿနာ သတိပဋ္ဌာန်အား ထုတ်စဉ်ကဘယ်ပုံ စသည်ဖြင့် ရှင်းပြလေ့ရှိပါသည်။ ကိုယ်တိုင် ကျင့်ကြံစဉ်က အတွေ့အကြုံများနှင့် ယှဉ်၍ မြတ်စွာဘုရားဟောတော်မူသည့် ဝိပဿနာ ကျင့်စဉ်များကို ပြသရာတွင် အထူးသဖြင့် ဂယ်ပေါက်ကြီး ခြောက်ပေါက်ရှိသည့် တောင်ပို့ကြီးတွင် ခိုအောင်းနေသည့် ဖွတ်သတ္တဝါကို ဖမ်းမည်ရှိသော် အပေါက်ငါးပေါက်ကိုပိတ်၍ အဓိကအပေါက်မှစောင့်၍ ဖွတ်ဖမ်းရသည့် နည်းတူ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ အာရုံငါးပါးတံခါးများပိတ်၍ စိတ်အာရုံတို့ဖြစ်ပေါ်ရာ ဟာဒယကိုသာဉာဏ်စိုက်၍ရှုသတ်ရသည်။ ရှုခါစတွင် ဟာဒယကိုရှာမတွေ့သူများ၊ အာရုံစူးစိုက် မထားတတ်သူများ၊ အခက်အခဲများ တွေ့တတ်ကြရသော်လည်း

မအောင်မြင်နိုင်၊ မကျော်လွှားနိုင်သည့် အခက်အခဲများ မဟုတ်ချေ။ မဆုံးနိုင်မည့် အာရုံများနောက်သို့ လိုက်နေမည့်အစား " **မနောပေါက်** " ခေါ်၊ " ဓမ္မသံချိုင်း" ခေါ်" "ဟဒယ" တွင် ရှုသတ်သမှုပြုခြင်းသည် အရေးပါသည်ဟု ဆိုရပါမည်။ ရှုဉာဏ်၏ ထက်မြက်မှုအလိုက် ဖြစ်မှုပျက်မှုတို့၏ အစိပ်အကျဲ တွေ့ရပါသည်။ လိုယင်းမှာ ဖြစ်လာသမျှ ပျက်ရသည် ဖြစ်၍၊ ပေါ်သမျှ အပျက်ရှုနေရန်သာ ဖြစ်ပါသည်။ ဖြစ်ပေါ်လာသမျှ "ဒုက္ခ" တရားဖြစ်ပြီး၊ ချုပ်ပျက်သွားသမျှ "**အနိစ္စ**"တရားဖြစ်သည်။ ဤသို့ ချုပ်ပျက်ရသည်မှာလည်းမပိုင်သည့် "**အနတ္တ**"သဘောကြောင့်ပင် ဖြစ်သည်။ လက္ခဏာသုံးပါး တပြိုင်တည်း နားလည်နိုင်ခြင်းဖြင့် သစ္စာဆိုက်သိ နားလည်နိုင်သည်ဟု ဆိုကြပါစို့။

ဤနေရာတွင် အဘယ်ကြောင့် သစ္စာဆိုက်အောင် နားလည်သည်ဟု ဆိုနိုင်ပါသနည်း။ စောကြောဘွယ် ရှိပါသည်။ ရုပ်,နာမ်သည် ဒုက္ခပင်ဖြစ်ပြီး ဒုက္ခကို ဒုက္ခ

ဟု သိခြင်းပင်လျှင် ဒုက္ခသစ္စာ ဆိုက်ပါပြီ။ ဒုက္ခ၏ အကြောင်းခံတရားမှာ တွယ်တာမှု သမုဒယပင်ဖြစ်ရာ၊ မိမိခန္ဓာကိုတွယ်တာမှု၊ ဘဝကို တွယ်တာမှု၊ ကာမဂုဏ်ကိုတွယ်တာမှုတို့သည် ဒုက္ခဖြစ်ရန်အကြောင်းခံ တရားများဟု ဆိုရပေမည်။ ဒုက္ခသဘောနှင့်ဒုက္ခ၏ အကြောင်းခံသဘောတို့ကို သိပြီးသည်၏ နောက်တွင် ဒုက္ခလွတ်ရာ (နိရောဓ)နှင့် ဒုက္ခလွတ်ကြောင်း (မဂ္ဂ) တို့ကို ဝင်စားအားထုတ်ရတော့မည် ဖြစ်၏။ ဤသည်ပင် သစ္စာဆိုက်ခြင်းမဟုတ်ပါလော။

ထို့ကြောင့်ပင် လက္ခဏာသုံးပါးနှင့် သစ္စာလေးချက်၊ တပြိုင်နက်အခြေခံနေသည့် စိတ္တာနုပဿနာကျင့်စဉ်ကို ဆရာတော် အလေးပေး ပြသနေခြင်းဖြစ်သည်။

ဘဝင်ဟဒယတွင် ဖြစ်ပေါ်သော စိတ်များကို အပျက်ရှုရာတွင် အစပိုင်း၌ အကြမ်းစားပေါ်စိတ်များဟုဆိုရမည်ဖြစ်သော၊ လောဘ၊ ဒေါသ၊ မောဟ၊ ရာဂ ပြန့်လွင့်မှု၊ ကြံဆမှုများကို ရှုသတ်ရသည်။ ရှုဖန်များသော် သိမ်မွေ့သွားသည်ဟု ဆိုရပေမည်။ အကြမ်း

စား၌များ ကုန်ဆုံးသော် အလတ်စား၊ အလတ်စားများကုန်ဆုံးသော် အနုစား၊ စသည်ဖြင့် ရှုသတ်ရာ၊ စိတ္တာနုပဿနာအလုပ်မှတဆင့် ဓမ္မာနုပဿနာပိုင်းသို့ ကူးပြောင်း သွား တော့သည်။ ကြည်ခြင်း၊ အေးခြင်း၊ ငြိမ်းခြင်း၊ လွတ်ခြင်း၊ ဟာခြင်း၊ ပေါ့ခြင်း၊ ချမ်းသာခြင်း ပေါ်သမျှ အနိစ္စ တင်ရှုနေရခြင်းသည် တကယ် မပင်ပန်း သော်လည်း လွယ်ကူသော အလုပ်တော့ မဟုတ်ပေ။

ရှုစဉ်က ဖော်ပြခဲ့သည့်အတိုင်း ဖြစ်ပေါ်လာသမျှ "ဒုက္ခ"၊ ချုပ်ပျက်သမျှ "အနိစ္စ"၊ ချုပ်ပျက်ရမှာ မပိုင်၍ "အနတ္တ"၊မပိုင်လျှင်မဆိုင်တော့၍ "ဥပေက္ခာ" လမ်းစဉ်ဖြင့် ရှုသတ်ရလေရာ ဤနေရာတွင် ဥပေက္ခာ ထားရာ၌ မောဟ ဝင်လာတတ်ပါသည်။ ဒုက္ခကို ဒုက္ခဟု မြင်၍ အပျက်ရှုရန် မခဲယဉ်းသော်လည်း ဒုက္ခချုပ်ပျက်၍ သုခယောင်ယောင် ဖြစ်လာ သော အခါ၊ ဒုက္ခဟု မြင်အောင်ရှုရသည်မှာ ခဲယဉ်းပြန်ပါသည်။ ပေါ်လာသမျှ ဒုက္ခဟုညွှန်ပြသည့်ဆရာတော်၏

စကားကို ဟုတ်မှန်စွာနားလည်ပြီး ဒုက္ခဟု သတ်မှတ်နိုင်ပါမှသာ အပျက်ရှုရာ၌ လွယ်ကူနိုင်ပေတော့မည်။ သို့မဟုတ်ပါက ပီတိကိုပင် ဖက်တွယ်နေတတ်လေ့ရှိသည်။

ဆရာတော်ဟောပြောပြသနေသောစိတ္တာနုပဿနာသတိပဋ္ဌာန်နှင့်ပတ်သက်၍ အကျဉ်းကို ဖော်ပြခြင်းဖြစ်ပါသည်။ အသေးစိတ်ကိုမူ ဆရာတော် ဟောကြားဖော်ပြပြီး ဖြစ်ပါသည်။

တရားပြခြင်းနှင့်ပတ်သက်၍ ယူဆချက်ကိုအလျဉ်းသင့်၍ ရှင်းလင်းဖော်ပြလိုပါသေးသည်။ ယခု ခေတ်တွင် အချို့သော ပုဂ္ဂိုလ်များသည် ကိုယ်တိုင်တရားကျင့်ကြံခြင်းမရှိ၊ ကိလေသာလျော့ပါးအောင် အားထုတ်ခြင်းမရှိ၍၊ တရားမပြနိုင်သောအခါ၊ ဘုရားပြစားခြင်းပင်ဖြစ်ပါသည်။ မည်သည့်အသားနှင့်ထုထားသည့်မည်သည့်ဘုရား၊ အိပ်မက်အရပေါ်လာသည်၊ မည်သို့ရသည်၊ မည်သူကပေးသည်၊ ပူဇော်သည့်သူ ဘုန်း

ကျက်သရေတိုးမည်၊ စီးပွား၊ လာဘ်လာဘတိုးမည်၊ ရာထူးဩဇာတိက္ကမတိုးမည် စသည်ဖြင့် နာမည်ကြီးအောင် လုပ်ကြံဖန်တီးခြင်းမျိုးများစွာ ရှိနေပါသည်။ အချို့သောသူများက ဆရာတော်ထံ မေးလျှောက်လာကြပါသည်။ မိမိသည် သာသနာပြုလိုပါသည်။ အောင်မြင်နိုင်ပါမည်လား၊အောင်မြင်အောင် ကူညီပါ၊ မေတ္တာပို့ပေးပါ စသည်ဖြင့် ဖြစ်သည်။ဤသို့ မေးမြန်းလျှောက်ထားသူများကို ဆရာတော်က မိမိရင်တွင်း၌ အရင် သာသနာပြု၍ အောင်မြင်လျှင် အပြင်သာသနာပြုပါ အောင်မြင်ပါမည်ဟူ၍ မိန့်ကြားလေ့ ရှိပါသည်။

တကာရင်းများနှင့် အလျဉ်းသင့်သည့် အခါတွင်မူ မြတ်စွာဘုရားသခင်၏ တပည့်သား သံဃာတော်အနေဖြင့် မိမိခံယူချက်များကို ရှင်းပြတတ်ပါသည်။ ဆရာတော် ကိုယ်တိုင်ကလည်း သံဃာတော်သည် မြတ်စွာဘုရားသခင်အလိုကျ ကျင့်ကြံ နေထိုင်မည်ဆိုလျှင်၊ တရားလေ့လာရမည်၊ တရားကျင့်ရမည်၊တရား

ဟောရမည်၊ တရားပြရမည်၊ ဘုရားပြစားရန် မဟုတ်ပေ။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဒ၊ သာသနာသုံးရပ်တွင် လုံးဝအကျုံးမဝင်သော စားပေါက်ထွင်မှုကို အမွှမ်းတင်တော်မမူပေ၊

သာသနာပြုသည် ဆိုရာဝယ် မိမိရင်တွင်း၌ ဓမ္မစေတီတည်၊ ရင်တွင်း ကိလေသာဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာနများကို ချိုးနှိမ်ပြီးမှ မိမိကိုမိမိ သာသနာပြုပြီးမှ အပြင်တွင် သာသနာပြုရန်ဖြစ်သည်။ တနည်းအားဖြင့် အဇ္ဈတ္တအောင်မြင်ပြီးမှ ဗဟိဒ္ဓအောင်မြင်စေရန် ကြိုးစားရပါသည်။ မိမိကိုယ်တိုင်က လောဘမီး၊ ဒေါသမီး၊ ဟုန်းဟုန်းတောက် ရင်းတွင်း ကိလေသာ ထူပြောလျက်၊ သာသနာပြုသည် အမည်ခံပြီး၊ ဘုရားဟောင်းများ ပြုပြင်ကြရာ၊ သာသနာ ကြည်ညိုသူ၊ ရှေးသူဟောင်းတို့ လှူဒါန်း ခဲ့ကြသည့် ရွှေငွေကျောက်သံပတ္တမြားနှင့် တွေ့သောအခါ လောဘမထိန်းနိုင်ခဲ့ကြသည့် ဖြစ်ရပ် များလည်း ရှိခဲ့ ဘူးပါသည်။ ထို့ကြောင့် တကာ တကာမ အများအား ရင်တွင်း

ဓမ္မစေတီ တည်နိုင်ကြရန် အားပေးနေခြင်း ဖြစ်ပေသည်။ ဤသည်မှာလည်း ဆရာတော်၏ တဦးတည်း ခံယူချက်မဟုတ်၊ ဆရာတော်ကို တရားရည်ဝနှလုံးလှအောင် ဆုံးမညွှန်ပြ တော်မူခဲ့သည် ဆရာမြတ်၏ အယူအဆ၊ အဆုံးအမပင် ဖြစ်ပါတော့သည်။

ဆရာမြတ်၏ အဆုံးအမတွင် ဗုဒ္ဓဘာသာ ဖြစ်ပါက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ၊ မြတ်စွာဘုရား၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော် ဆည်းပူး၍ ကိုယ်တိုင်ထိုးထွင်းသိမြင်အပ်သော ဤကားသစ္စာ၊ ဤကားလက္ခဏာ၊ ဤကား နဝလောကုတ္တရာ တရားစသော တရားမြတ်တို့အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ၊ မြတ်စွာဘုရားသားတော်များ ဖြစ်ကြကုန်လျက်၊ သာသနာတော်၏ အကျိုး သယ်ပိုး

ထမ်းရွက် ကြပါသော သံဃာတော် အရှင်မြတ်များအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ဟူ၍ ရတနာသုံးပါးကိုသာလျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ရပါမည်။

သရဏဂုံသုံးပါးမှတပါး ဘိုးဘိုးဘွားဘွား အခြားကိုးကွယ် ဆည်းကပ်ရာ ရှာနေပါလျှင် ဗုဒ္ဓဘာသာဟု မခေါ်တွင်နိုင်ပါ၊ ဗုဒ္ဓဘာသာ အမည်ခံပြီး၊ အင်းအိုင်ခလဲ့၊ လက်ဖွဲ့ မန္တရား ( ၃၇ )မင်းနတ်နှင့် ဓါတ်လုံး ကိုးကွယ်နေပါလျှင် မအပ်မရာ ဗုဒ္ဓဘာသာဟူ၍ မခေါ်ထိုက်ပါချေ။ မြတ်စွာဘုရားက အနိစ္စ မမြဲသည့်အပျက်တရား ဟောတော်မူခဲ့သည်။ သူတို့က နိစ္စမြဲရန်၊ ကမ္ဘာသက်တမ်းရှည်ရန်၊ ပြုလုပ်နေကြသည်။ မြတ်စွာဘုရားသခင်က သဗ္ဗေသင်္ခါရဒုက္ခ၊ ခပ်သိမ်းကုန်သော ပြုပြင်စီမံမှုတရားတို့သည် ဆင်းရဲ၏ ဟောသည်။ သူတို့က ဓါတ်လုံးအစွမ်းဖြင့် ချမ်းသာပါသည် ဆိုနေကြသည်။ မြတ်ဘုရား၏ အနတ္တကိုမူ နားမှလေသံပင် မကြားစံ့ကြ။ သူတို့တွင် အာတမာ မအို၊ မနာ၊ မသေနိုင်သည့်

တန်ခိုးရှင်ရှိသည်။ ဘုရားကိုပင် ကန့်လန့် တိုက်ဝံ့ကြသည်။ ရိုင်းလိုက်သောသူများပါပေ။ အချို့ရှိပါသေးသည်။ ကိုယ်တိုင်က သံဃာဖြစ်ပါလျက် မြတ်စွာဘုရား၏ သာသနာတော် သုံးရပ်တွင် တရပ်တွင်မျှ အကျုံးမဝင်သည့် ဖိုထိုးခြင်း ဓါတ်လုံးလုပ်ခြင်းဖြင့် အချိန်ကုန်သည်။ ကိုယ်တိုင် စွမ်းစွမ်းတမံ ပေါက်မြောက်လျှင် တော်ပါလေ၏။ တချို့မှာမူ မိမိကိုယ်တိုင်လည်း မပေါက်မြောက်၊သို့သော်လည်း လာလာသမျှ ပရိသတ်ကို ဓါတ်လုံးဝေငှနိုင်ရန်၊ လှူငွေ နေ့စားပေး၍ ဓါတ်လုံးထိုးကာ ဖြန့်ဝေပေးနေသည်။ မိမိက ဓါတ်လုံးပေးခြင်းဖြင့် ရရှိသူက တစုံတရာ တုံ့ပြန်ရန် မျှော်လင့်ဟန်တူသည်။ သူ့တွက်ကိန်းနှင့် သူ့အတွက် မဆိုးလှသော်လည်း မြတ်စွာဘုရား၏အလိုကျ ဗုဒ္ဓဘာသာဝင်သူတော်စင်ဟူ၍တော့ မသတ်မှတ်နိုင်ချေ။

ဆရာတော် အသျှင်နန္ဒဝံသ၏ ဝေဒနာ ပြုပြင်ခြင်းနှင့် ပတ်သက်၍ စိတ်ဝင်စားသူများကို အလျဉ်းသင့်၍

သိသလောက် တဆက်တည်း ရှင်းပြပါမည်။ ဆေးကုသ လျှင် အာပတ်သင့်နိုင်ပါသည်။ ရုပ်,နာမ်တို့တွင် ခံစား နေရသော ရောဂါဝေဒနာများကို ဆေးဝါးသုံးစွဲခြင်း မရှိ၊ အင်းချ မီးထွန်းခြင်း၊ ဥုံ မန္တာန်များ ရွတ် ဖတ်ခြင်း၊ လက်ဖွဲ့ ဓါတ်လုံး ဆောင်ခိုင်းခြင်း လုံးဝမရှိ။ ရေမန်းပင်မတိုက်၊ မိမိသည် ဤ၍ ဤမျှ ကိုယ်ကျိုး စွန့်လွှတ်၍ မြတ်စွာဘုရားအလိုကျ သစ္စာတရားကျင့်ကြံ အားထုတ်ပါ၏။ ဤကုသိုလ် စွမ်းအားကြောင့် ထိုထို ရုပ်,နာမ်၌ စွဲငြိကပ်တွယ်နေသော ရောဂါဝေဒနာများ သည် ပိန်းကြာဖက်တွင် ရေမတင်နိုင်သကဲ့သို့ လျော့ကျ ပျောက်ကင်းပါစေသား ဟူသော အဓိဋ္ဌာန် မျိုးသာ ပြုလုပ်ရာ အဘယ်မှာလျှင် အပြစ် အာပတ်ရှိနိုင်ပါမည် နည်း။ အင်္ဂုလိမာလ ကိုယ်တော်မြတ်ကြီးသည်ပင် မီး မဖွားနိုင်သော ကိုယ်ဝန်ဆောင်တဦးကို သစ္စာအဓိဋ္ဌာန် ဖြင့် ဝေဒနာမှ ချမ်းသာရာ ရစေခဲ့ဘူးပေပြီ။ မိမိ၏ ကျင့်ကြံမှု အင်အားများသလောက် စွန့်လွှတ်မှုအင်အား များသလောက်၊ သစ္စာစူးရှ ထက်မြက်ပေမည်။ ဆရာ

မြတ်ကိုယ်တိုင်လည်း ဤနည်းလမ်း ဤစွမ်းရည်တို့ကို အသုံးပြုတော် မူခဲ့သည်။

အကြောင်းတိုက်ဆိုင်သဖြင့် အသက်ထင်ရှားရှိစဉ်က ဆရာမြတ် ဆုံးမခဲ့ဘူးသည့် အကြောင်းနှင့် ဆရာတော် ရဟန်းဝတ် ဖြစ်သည့် အကြောင်းတို့ကို တဆက်တည်း ဖော်ပြပါမည်။

ဝိပဿနာတရား အားထုတ်တော့မည်ဆိုလျှင် စိတ်ထဲမှာ ယုံမှားမှုဝြောင့်တွေ ဖြုတ်ပစ်ပါ၊ နှုတ်ပစ်ပါ ဟူ၍ ဆရာမြတ် ဆုံးမခဲ့ဘူးပါသည်။ ပထမတွင် စိတ်၏ ဆူးငြောင့် ခလုတ်ဆိုသည်ကို နားမလည် နိုင်ခဲ့ပါ။ နောင် ဆုံးမဖန်များတော့မှ စေတောခီလ ငါးပါးကို ပယ်ခိုင်းခြင်းမှန်း သိပါတော့သည်။ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင် အပေါ်၌ ယုံမှား သံသယဝင်ခြင်း၊ လောကုတ္တရာ တရား၊ မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်ပရိယတ်တို့အပေါ်၌ ယုံမှားသံသယ ဝင်ခြင်း၊ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို စောင့်

ထိန်းတော် မူနေကြသည့် သံဃာတော် အရှင်မြတ်တို့ အပေါ်၌ ယုံမှားသံသယရှိခြင်း၊ သီလ သမာဓိ၊ ပညာ သိက္ခာသုံးပါး၌ ဆုံးဖြတ်နိုင်ခြင်းမရှိ၊ ယုံမှားသံသယ ဝင်ခြင်း၊ သီတင်းသုံးဖော် တရားအားထုတ်ဖော်တို့၏ အပေါ်၌ ယုံမှား အမျက်ထွက်ခြင်း၊ ထိခိုက်သောစိတ် နှလုံးရှိခြင်းဟူသော၊ စိတ်၏ ငြောင့်ငါးပါးကို ဖယ်ခိုင်း ခြင်း ဖြစ်ပါသည်။ သို့မှသာ ဝိပဿနာတရားကို ဖြောင့် ဖြောင့် အားထုတ်နိုင်မည် ဖြစ်ပါသည်။

ဤမှာဘက် ခန္ဓာ ၅-ပါး ဒုက္ခကမ်းမှ ဟိုမှာဘက် နိဗ္ဗာန်နန်းသို့ ဩဃလေးသွယ်၊ ရေစီးသန်သည့် ကိလေ သာပင်လယ်ကို ဖြတ်ကျော်နိုင်ရန် မြတ်ဘုရား အဆုံး အမအတိုင်း မဂ္ဂင်ရှစ်တန်၊ဖောင်ယာဉ်ပျံစီးနိုင်ဘို့ ကြိုး ပမ်းရပါမည်။ ဩဃလေးဖြာ သံသရာသည် ကျော်လွှန် ရန် ခက်ခဲသော ပယ်လယ်ကြီးပင် ဖြစ်ပါသည်။ ကာ မောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ လေးဖြာ ပင်လယ်၊ ဒုက္ခနယ်ကို သိပယ်လွှန်မြောက်ရပေမည်။

**ကာမောဃ။** ။ကာမသြဃ-ရူပ၊ သဒ္ဒ၊ ရသ၊ ဂန္ဓ ဖောဋ္ဌဗ္ဗ၊ ကာမဂုဏ် ၅-ပါး ပင်လယ် ကြီးကား ကူးခတ်ရန် ခက်ခဲလှပါ၏။ ကာမတဏှာ၊ အကုသိုလ် စေတနာနှင့်တွဲ၍ လုပ်မိပြန်လျှင် အပါယ်လေးဘုံသို့မြုပ် တတ်၏။ ကုသိုလ် စေတနာနှင့်တွဲ၍ ကာမတဏှာ အလုပ်,လုပ်ပြန်လျှင်လည်း သုဂတိဘုံသို့ မျောပြန်ပါသည်။ ဤ သို့လျှင် မြုပ်တတ်၊ မျောတတ်ပါသော သံသရာရေစီး၊ ကာမောဃ ပင်လယ်ကြီး ကိုရှင်း။

**ဘဝေါဃ ။** ။ဘဝသြဃ–ကာမ၊ ရူပ၊ အရူပ တည်း ဟူသော ဘုံသုံးပါးကို တပ်မက်နေသော ဘဝတဏှာဟု ဆိုရမည့် ဘဝေါဃ၊ ပင် လယ်ကြီးကိုရှင်း။

ဒိဋ္ဌောဂ။ ။အယူလွဲမှားသည့် (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိတရား ဩဃ ပင် လယ် ကြီး သည် လည်း လွန်မြောက်ရန် ခက်ခဲလှပါ၏။ အကြောင်းမှန်သမျှ ပယ်သည့် အဟေတုက ဒိဋ္ဌိအကျိုးမှန်သမျှ ပယ်သည့် နတ္ထိကဒိဋ္ဌိ၊ အလုပ်မှန်သမျှ အဆိုးရော အကောင်းပါ ပယ်သည့်အကိရိယဒိဋ္ဌိတည်းဟူသော နိယတ ဒိဋ္ဌိကြီး ၃ ပါးသည် မြတ်စွာဘုရား၏ လမ်း စဉ်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ပေသည်။ ထို့ပြင် သက္ကာယ၊ သဿတနှင့် ဥစ္ဆေဒ တည်းဟူသော ဒိဋ္ဌောဂပင်လယ်ကြီးကိုရင်း။

**အဝိဇ္ဇာဂ ။** ။ မသိပင်လယ်ကြီးဖြစ်သည်၊ ရုပ်,နာမ် ကိုမသိ အနိစ္စကိုလည်းမသိ၊ ဒုက္ခမှန် သမျှမသိ၊ သစ္စာလေးပါးလည်းမသိ၊ မြတ်ဘုရားဂုဏ်ကျေးဇူး တရားတော် မြတ်၏ ဂုဏ်ကျေးဇူး၊ သံဃာတော် မြတ်များ၏ ဂုဏ်ကျေးဇူးတော်တို့ကို မသိ၊ နိဗ္ဗာန်ကိုဉာဏ်နှင့် မသိမမြင် နိုင်သည့် အဝိဇ္ဇာဂပယ်လယ်ကြီးကို ၎င်း၊ လွန်မြောက်အောင် ကူးရပါ မည်။

သောတာပန် ဖြစ်လျှင် ဒိဋ္ဌောဂ ပင်လယ်ကို **ကျော်**ဖြတ်ကူးမြောက်ပြီးပါမည်။ အနာဂမ်ဖြစ်လျှင် **ကာမော**ဂ ပင်လယ်ကြီးကို ကျော်ဖြတ်ပြီး မြောက်ပါ **မည်**။ ရဟန္တာဖြစ်လျှင်မူ အရဟတ္တမဂ္ဂဉာဏ်နှင့်ဘဝေါဂ **နှင့်**အဝိဇ္ဇာဂပင်လယ်ကြီးများကို ကျော်ဖြတ်မည်ဖြစ်၍ **စာနည်း**အားဖြင့် ဩဃလေးပါးလုံးကိုပင် လွန်မြောက် **နိုင်**ကြပါသည်။

ဆရာမြတ်ထံ သာသနာအတွက် ခန္ဓာငါးပါး ရုပ်နမ်နှစ်ပါး လျှူထားသူ တပည့်တပန်း တော်တော်များများ ရှိပါသည်။ အများမှာမူ ပါးစပ်လျှူလျှူထားသကဲ့သို့ရှိပြီး၊ ယခုတိုင် မိသားစုစားဝတ်နေရေးနှင့် လုံးလည်ခတ်ပြီး ကာမတဏှာ၊ ဘဝ တဏှာတို့နှင့် နစ်မျောနေကြရာ၊ ဆရာတော်တဦးသာ ပြောသည့်အတိုင်း လုပ်သွားနိုင်သည့် အာဇာနည်ပုဂ္ဂိုလ်ဟု ဆိုရပါတော့မည်။ ထိုပုဂ္ဂိုလ်များကိုလည်း အပြစ်တင်နေသည်မဟုတ်ပါ။ နွားခြံကြီးနှင့်တူသော ဘုံသုံးပါးတွင် ခန္ဓာငါးပါး တိုင်ငုတ်ကြီးများ ခိုင်ခိုင်စိုက်၍ သံယောဇဉ် ၁၀ ပါး ကြိုးကြီးများနှင့် တုတ်နှောင်ထားခြင်းခံရသည့် သတ္တဝါတို့အဖို့ မရုန်းနိုင်သည်မှာ မဆန်းပါချေ။ ဒုက္ခကြီးက ကြီးလွန်းလို့ပါဆို၍ ငိုယိုနေရုံနှင့်လည်း မပြီးနိုင်၊ လွတ်ထွက်အောင် ရုန်းကန်နိုင်ဘို့သာ ရှိပါသည်။

ယခုအခါတွင် အလွတ် မရုန်းနိုင် သေးသော်လည်း၊ သဒ္ဓါ၊သီလ၊ သုတ၊စာဂ အစရှိသောသူတော်ကောင်း ဥစ္စာရတနာများနှင့် ဆရာမြတ်သွန်သင်တော်

မှူခဲ့သည့်အတိုင်း ရတနာသုံးပါး ဦးထိပ်မှာထားပြီး ဝိပဿနာတရား အားသွန်ကြိုးပမ်းယင်း သာသနာတော်အတွက် ခြေစုံပစ်ဝင်မည့်သူများ ရရှိလာသော အခါ ဆရာတော်အတွက် ပိုမို အားတက်လာပါလိမ့်မည်။

သာသနာတော်၏အကျိုးကိုလည်း ဆတက်ထမ်းပိုး တိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ပါသည်။ ဆရာမြတ်အတွက် ဆရာတော်ကဲ့သို့ စွမ်းစွမ်းတမံ၊ သာသနာ၏အမွေခံမည့် တပည့်သား ရခဲ့သလို၊ ဆရာတော်၏အတွက်လည်း အလားတူ အားကိုးပြုနိုင်မည့် အမွေဆက်ခံသူ ရရှိနိုင်ပါစေဟူ၍ ဆန္ဒ ပြုလိုက်ရပါသည်။

သစ္စာဉာဏ်ပန်းများ ပွံ့မွှန်း၍ မွှေးလှိုင် ကြူနိုင်ကြပါစေ။

ညွန့်ညွန့်ဝင်း (မဟာဝိဇ္ဇာ)
ကထိက၊ ပထဝီဝင်ဌာန၊
ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊
မန္တလေး။

# ပျံ့မွှန်းမွှေးလှိုင်ကြူ

သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ပူဇော်လျက်ရင်း၊ ဦးထိပ်၌ ပန်ဆင်လျက်ရင်း၊ နိဗ္ဗာန်ကို ရည်စူး၍ ဤစာအုပ်ကို ပြုစုပါသည်။

အသျှင်နန္ဒဝံသ [မဟာဝိသုဒ္ဓ]

# ပျံ့မွှန်းမွှေး လှိုင်ကြ၍ နိုင်ကြပါစေ....

မြတ်စွာဘုရား၏ သားတော် သမီးတော် ပီသစေရန်၊ ကျင့်ကြံကြိုးစားရခြင်း၌ နှစ်ခြိုက်စွာ၊ ပီတိဖြစ်စွာ၊ နှလုံးကြည်မွေ့ ချမ်းမြေ့စွာ ဤစာစုကို ပြုစုပါ၏။

မြတ်စွာဘုရား သားတော် ပီသစေရန် ကျင့်ကြံရခြင်း၌ လွယ်ကူသည်ဟု မယူအပ်ချေ။ ပင်ပန်းဝန်လေးဘွယ်ရာ မရှိဟု ယူဆခြင်း ပြုနိုင်လင့်ကစား ခက်ခဲနက်နဲမှုများ၊ စွန့်စားမှုများ ပါရှိနေသည်ကို တွေ့ရသည်။ အဓိကမှာ ကိလေသာမာရ် အောင်ပွဲခံရန်ပင် ဖြစ်ပါသည်။

ကိလေသာမာရ်ကို နှိမ်ချိုး ပျပ်ဝပ်စေရန် ကျင့်ဆောင်ရခြင်း၌ သဒ္ဓါသတိ သမာဓိနှင့် စုံပြည့်ပညာ ပါရမည်၊ ဇွဲနှင့်အသဲနှင့် ခိုင်မာရမည်၊ လေလာတိုင်း ယိမ်းနေ၍မဖြစ်နိုင်၊ လောကဓံလာတိုင်း တုန်လှုပ်နေ၍ မဖြစ်နိုင်၊ ပြတ်သားရမည်၊ တည်ငြိမ်ရမည်။ ပိုင်းပိုင်းခြားခြား နားလည်သဘောပေါက် သွားပြီးလျှင်တော့ ဟိုဘက်ပိုင်းမှာ စိတ်ချရသည်။

သည်ဘက်ပိုင်း စပ်ကူးမတ်ကူးမှာ လေလာတိုင်း မလှုပ်စေဘို့ အထူးကြိုးစား ကျင့်ဆောင်ရမည်။

ရွှေမန်းတင်မောင် သီချင်းကဲ့သို့ 'အို လောကဓံ၊ အသင် လောကခံရယ်၊ ဆန်းကြယ်လွန်းလှတယ်၊ မတွန်းလှန်နိုင်ဘူး တကယ်' ဖြစ်တတ်သည်။ လောကဓံကို တွန်းလှန်ဘို့ကြိုးစား ပါ၊ ကိလေသာမာရ် အောင်ပွဲခံနိုင်ပါစေ။

ဤသို့ရည်လျက် ဤစာစုကို ပြုစုသည်။ အချို့နေရာများ ၌ အသေးစိတ် ခြယ်မှုန်းပေးသည်။ အတုယူလိုကယူနိုင်စေရန် ဖြစ်သည်။ ယောဂီတို့ကို အကြံပေး လက်တွဲ ခေါ်ခြင်းဖြစ် သည်။ ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့ ဟူ၍မရှိစေ ရ။ ပြောသလိုလဲလုပ်ပါ၊ လုပ်ပြသလိုလဲ လုပ်ဆောင်လိုက်နာ ကျင့်ကြံပါဟု လမ်းပြပါသည်။

ဤလမ်းစဉ်သည် မြတ်သောလမ်းစဉ် အောင်မြင်စေသော လမ်းစဉ်ဖြစ်သဖြင့်တကယ်အောင်မြင်ချင်လျှင် တကယ်ဖတ်ရှု မှတ်သား လေ့လာပွားများ ဆည်းပူးအားထုတ်ပါ၊ လိုရင်း စခန်းပင်ဖြစ်ပါသည်။

သစ္စာတရားရှာဖွေရာ၌ ဆရာကောင်း ဆရာမြတ် လိုအပ် သည်။ ဆရာမြတ် ဟူသည်မှာ ကိုယ်တိုင်က မြတ်သောလမ်း စဉ်ကို အောင်အောင်မြင်မြင် လျှောက်သွားဘူးပြီးသား ဖြစ် ရမည်။ ဆရာကိုယ်တိုင် မရောက်ဘူးသော နေရာကိုတပည့် များအား ယောင်ဝါး ဖြီးဖြန်းညာလှိုင်းနေ၍ ဆရာမြတ် မဖြစ်နိုင်၊ ဆရာယုတ်သာ ဖြစ်မည်။

မြတ်သော ဆရာတို့သည် သူတို့ကိုယ်တိုင် အမှန်တကယ် အောင်မြင်ပေါက်မြောက်ကြဘူးပြီးသားဖြစ်သည်။ သို့မှသာ မိမိတပည့် သားသမီးများအား အမှားနှင့်အမှန် ဝေဘန်ပိုင်းဖြတ်ကာ မြတ်ရာလမ်းသို့ ဆောင်စွမ်းနိုင်မည်။

ဆရာကိုယ်တိုင်က အိုးနင်းခွက်နင်းဆိုလျှင် တပည့်နောက်လိုက်များသည် သနားစရာ ကံဆိုးမိုးမှောင်ကျကာ ချောက်ကမ္ဘားဥ္ဓ လျှောက်သွားသကဲ့သို့ ကြောက်အားဖြင့် မှောက်မှားကုန်ကြရှာမည်။ လိုရင်းအချိန်၌ အားကိုးရာမဲ့ ဖြစ်သွားမည်။ ဒုက္ခပင်လယ်ဝေကုန်ကြမည်။

ဆရာမလုပ်နိုင်လျှင် မလုပ်သည်က ပိုကောင်းသည်။ တတ်ယောင်ကား ဆရာလုပ်လျှင် မဟုတ်တာလုပ် မဟပ်တာဖြစ်လျက်၊ ဆရာစစ် ဆရာမှန်မဖြစ်နိုင်၊ သစ္စာတရားနယ်ပယ်သည် နူးညံ့သည်။ သိမ်မွေ့သည်။ အသိခက်သည်။ နက်နဲသည်။ တိကျသည်။ ပြတ်သားသည်။

ဤသဘောတရား မကျေညက်က ဖြေကွက်မရှိ။

✱ မိမိပညာ

သတိသာလျှင်

မဟာသြသဓ

ဆေးမည်စွရှင့်။

* ပညာသတိ
မရှိသောသူ
မိုက်သောဟူ၏။

* မမိုက်လိုလျှင်
စရိုက်အိုကို
မလိုက်လို ရှောင်ပစ်လို့
နောင်အသစ် တကယ်ပြင်
ကောင်းဘို့အစဉ်။

* ခွင့်သာခိုက်ကမှ
မလိုက်ချင်လျှင်
အမိုက်နှင့်သာ
နေရလေလိမ့်
ခွင့်သာဆဲမှ
မခဲချင်လျှင်
အလွဲနှင့်သာ နေရလေလိမ့်။

* ခွင့်သာတုန်းမှ
မရုန်းချင်လျှင်
အရှုံးနှင့်သာ နေရလေလိမ့်....။
ဟူသကဲ့သို့ပင်တည်း။

✱ သနားလေသနော်
တရားအရေဖျော်လို
တစ်ဇွန်းနောက်
သွန်းကော်လို့တိုက်လိုက်မယ်
ပျူပျူငှာ
ယူစရာ
လူနာမမိုက်ပါနဲ့
မောဟိုက်လို့ချူးလျှင်တော့
သံသရာတော တဝိုက်မှာဖြင့်
မျှော့လိုက်လိမ့်အုံး။

✱ သန့်ကောင်လက္ကယ်
တောအုပ်လယ်၌
ရှစ်နယ်ပတ်လုံး
အပြည့်ဖုံးသည့်
မိုးလုံးတိမ်တိုက်
လျှပ်မကြိုက်သား
အမိုက်အပြား
အင်လေးပါးထက်

ကိုယ်ကားရာထောင်

မကအောင်

အမှောင်မကျရန်လိုပါသည်။

ပွဲမြန်းမွေးလှိုင်ကြူကို ဖတ်လိုက်ပါ၊ မှတ်လိုက်ပါ၊လေ့လာလိုက်ပါ၊ လိုက်နာကျင့်ကြံ နိုင်ပြီဆိုမှတော့....

အခေါင်မြတ်ပန်း အောင်ပန်းမွေးလှိုင်ကြူ သွားပါလိမ့်မည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး တဆူ၏ ဂုဏ်တော်များကို အခြားသော မြတ်စွာဘုရားတဆူက ထုတ်ဖေါ်ချီးကျူးသည့်ရှိသော် အာယုကပ်သည်သာ အဆုံးသို့ ရောက်သွားမည်။ ဂုဏ်တော်တို့ကား မကုန်စင်နိုင်သေးပေ။

မြတ်စွာဘုရားသခင်၏ ပါရမီတော်တို့ကို မြတ်စွာဘုရားကိုယ်တော်တိုင်သာ အသိဆုံးဖြစ်သည်။အခြားသော သာမာန်ပုဂ္ဂိုလ်များ မကြံစည်နိုင်ပေ၊ ဤမျှကြီးမားသော ဂုဏ်တော်ပါရမီတော်တို့ဖြင့် အခေါင်မြတ်ပန်း နိဗ္ဗာန်နန်းသို့ စံမြန်းတော် မူနိုင်ခဲ့ပေပြီ။ မည်မျှအားရ ကြည်ညိုဘွယ်ရာ ကောင်းလှပါသနည်း။

ဗုဒ္ဓဘာသာ သူတော်စင်ပီပီ မြတ်ဘုရား အလိုတော်ကျ ကိလေသာကုန်ခန်း၊ ရဟန္တာဖြစ်အောင် သူသူ ကိုယ်ကိုယ် ကြိုးစားရန် လိုအပ်နေပေပြီ။

ဒီဘ၀ကိုစွမပြီးလျှင် အကြီးဆုံးသော ပြစ်မှုကို ကျူးလွန်ရာကျမည်။

အပြစ်ကြောက်လျှင် ကိုစွပြီးစီးအောင် ဆောင်ရွက်လေ။ ဝဋ်ကြွင်းငုတ်အမြစ်ငြောင့်များကို ခုတ်ထွင်း ရှင်းလင်းလေ။ ကိလေသာရေသောက်မြစ်ကြီးသည် အဆိုးဆုံးဖြစ်၏။ သောက်လေ သောက်လေ ငတ်မပြေမဟုတ်ပါလော။ သောက်လွန်းမက သောက်လွန်းလှလျှင် မဝမပြေ မရဏမြေသို့ အသေစောစွာ ကျရောက်ပါလိမ့်။

* သဘောအမှန်
ပြောရန်ရှိသမျှ
အဝဝကို
တစမချန်
ဖွင့်အန်၍ပြပါမည်။
ကျနသေချာ
ရေလည်စွာဖြင့်
ဤမှာတရား
ရှုသတ်ပွားလော။
အမှားအဝိဇ္ဇာ
တဏှာဇာခွဲ
အနှစ်မဲ့သည့်
ပြဲ့ပြဲ့မိစ္ဆာ

သွေးငင်ရာသို့
ခန္ဓာဆင်းရဲ
မလွဲမသွေ
အမြဲသေ
ကွဲကျေပျက်စီး
အချည်းနှည်းတည့်။

* အော်....အမြတ်မရ
အလဟဿ
ခန္ဓာ အပြန်တရာသေဆုံးတော့
ရှုံ့ချင်တိုင်းရှုံ့စေ
အမုန်းမဖက်
ပြုံးကွက်ကိုသာ
ရှန်းထွက်လိုရာ
မရှာမကြည့်
သတိမခိုင်
ဉာဏ်မနိုင်ဘူး
ပိုင်ပိုင်ကြီးရဲစွမ်းအောင်
မလွဲတမ်းကျင့်စဉ်ကို

မြင့်တင်ကာ
အသင့်ပြင် ပေးလိုက်မယ်
အရေးစိုက်၍ဖတ်ပါတော့....။

ဤခေတ်သည် သိပ္ပံခေတ်ဖြစ်သည်၊ သိပ္ပံခေတ်ဆိုသည်မှာ လက်တွေ့ခေတ်ဖြစ်သည်၊ လက်တွေ့ခေတ်ဆိုသည်မှာ လက်နှင့်တွေ့ရသောအရာကိုမှ ယုံကြည်လက်ခံရခြင်းမျိုးတော့ မဟုတ်ပေ။

သိပ္ပံပညာနယ်ပယ်၌ပင် ယေဘုယျဥပဒေသများကို လက်ခံနေကြရသည်။

သို့ဖြစ်၍ သိပ္ပံနယ်ပယ်၌ပင် လက်နှင့် မတွေ့ရှိရနိုင်သော သဘာဝဓမ္မ ဥပဒေသကြီးများ၊ ယေဘုယျသဘောတရားကြီးများကို လက်ခံနေကြရပေသည်။

သို့သော်....“ယေဘုယျ သဘောတရားကြီးများနှင့် တဦးပုဂ္ဂလအတွေ့အကြုံ အယူအဆများကို ညှိနှိုင်းဆက်စပ်တတ်ရန် လိုအပ်ပေသည်။” ဤစာအုပ်တွင် အဆိုပါညှိနှိုင်း ဆက်စပ်ယူရတတ်ပုံကို ကုံကုံငင တင်ပြဆွေးနွေးထားပေသည်။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓအလိုတော်ကျ တရားသဘာဝများဖြစ်ကြသော်လည်း ခေတ်ပညာရှင်များ ဖတ်ရှုနားလည်သဘောပေါက်နိုင်စေရန် ရည်သန်နိုင်ခြင်းဖြစ်သည်။

သိပ္ပံ၌ အတွေ့အကြုံကို အရေးပေးသည်၊ မြတ်ဗုဒ္ဓ၏သစ္စာဝါဒမှာလည်း လက်တွေ့ကျင့်ကြံ့အားထုတ်ခြင်းဖြင့် ဉာဏ်ပညာ တည်ဆောက်ရင့်ကျက်စေရသည်၊ ဗုဒ္ဓဝါဒတွင် စိတ်ကူးယဉ်မှုကို လက်မခံ၊ စိတ်အထင်ကိုငြင်းဖျက်သည်၊ လက်တွေ့ကျမှုကို အဓိကပြုသည်၊ ဉာဏ်အမြင်ကို အမှန်တင်သည်။

ယနေ့ခေတ် လူငယ်အချို့ သံသယဝါဒကို နှစ်ခြိုက်ကြသည်။ အရာရာကိုမယုံဘူး၊ ကိုယ်တွေ့ကြုံမှယုံမယ်ဟု အယူရှိကြသည်။

အကောင်းဆုံးမှာ ယုံသင့်သည်ကိုယုံ၍ လက်တွေ့ လေ့လာဆည်းပူး စမ်းသပ်သင့်သည်တို့ကို လေ့လာစမ်းသပ်သင့်ကြသည်။ အရာရာကို သံသယဖြစ်နေလျှင်လည်း ဉာဏ်ပညာကို အသုံးမပြုရာရောက်မည်၊ အရာရာကို လက်ခံယုံကြည်နေလျှင်လည်း ဝေဘန်ပိုင်းခြားမှု အားနည်းရာကျမည်။ ဤစာအုပ်သည် မည်သည့်အပိုင်းကို မည်သို့လက်ခံ ယုံကြည်သင့်ကြောင်း ဖော်ညွှန်းမည်၊ မည်သည့်အပိုင်းကို စီစစ်ဝေဘန်ဉာဏ်အရာလွှာသုံးရန်အကြံပြုမည်၊ လူငယ်များနှင့် ဘာသာရေးကို ဆက်စပ်ပေးသော ကိုယ်တွေ့ဉာဏ်မြင် လုပ်ငန်းစဉ်တရားစာအုပ်တအုပ် ဖြစ်နေပေလိမ့်မည်။

အများအားဖြင့် အတွေ့အကြုံ နုနယ်သူတို့သည် စိတ်ကူးယဉ်လေ့ရှိကြသည်။ (သို့မဟုတ်) အမှန်တရားကို မတွေ့ကြုံဘူးသူတို့သည်ကိုယ်စိတ်ထင်ရာမှန်းဆ၍စိတ်ကူးယဉ်ကြည့်တတ်

ကြသည်။ ဤနေရာ၌ ယထာဘူတကျကျ အမှန်သိရသူက ထုတ်ဖော်တင်ပြသည်ကို မိမိက ပညာဥာဏ်ဖြင့် ချိန်ဆဆင်ခြင် အသိဉာဏ်ယှဉ်၍ ဘဝင်ကျအောင် ဃနသေချာ ရေရေရာရာ ရှိရန်လိုသည်။ အသိပညာဟူသည် လေ့လာလျှင်လိုပါသည်၊ လေ့ကျင့်ကြည့်ပါ၊ လာပါလိမ့်မည်။

လူသားတို့၏ အသိပညာဉာဏ် နယ်ပယ်အကျယ်အဝန်းကို ခေတ်လူငယ်တို့ တိုင်းတာသတ်မှတ်လိုကြသည်။ ဤနေရာ၌ မျက်ကန်း မျက်ကန်းချင်း လမ်းပြကန့်သတ်၍ မဖြစ်နိုင်။ အသိပညာဉာဏ် အလင်းခေတ်ရှိပြီး သူကသာ ကျန်လူများကို လမ်းကောင်းလမ်းမှန် ပြသနိုင်ပေမည်။

လူ့ဘဝ၌ အတွေ့အကြုံသည် အဓိကလော၊ ဆင်ခြင်ခြင်းသည် အဓိကလော၊ ကျောက်တုံးနှင့်ခါး တည့်တည့်ကြီးတွေ့ကြုံကြရလျှင် ခါးတုံးသွားမည်။ ကျောက်တုံးသော်လည်း ကွဲသွားမည်။ နာသွားမည်။ ကျောက်တုံးပေါ်တွင် ခါးကိုခတ်၍ ရှပ်၍သွေးလျှင် ခါးထက်လာမည်။ ခါးထက်မျက်ရန်အတွက် ကျောက်တုံးနှင့် တွေ့ကြုံရခြင်းသည် လိုရင်းလော။ ထက်မြက်အောင် သွေးသောနည်းစံနစ်သည် လိုရင်းလော။

လူအားလုံး သေမျိုးဖြစ်သည်။

ထို့ကြောင့် မွေးဖွားလာရသော လူသားတယောက်သည် တနေ့သော် သေဆုံးရပါလိမ့်မည်။

လူသားတယောက်ချင်း သေဆုံးခဲ့ကြရသဖြင့် လူသား အားလုံး သေမျိုးတွေဟု နိဂုံးဆွဲနိုင်ခဲ့ခြင်း မဟုတ်ပါလော။

ယုတ္တိဗေဒ၌ ခြုံယူဆင်ခြင်နည်းနှင့် ထုတ်ယူဆင်ခြင်နည်း တို့သည် အပြန်ပြန်အလှန်လှန်ကျေးဇူးပြုဆက်နွယ်လျက်ရှိခဲ့ကြ ရသည်။

ယောဂီတဦး ဒီဘ၀ တရားရမည်လော၊ တရားရမည့် ယောဂီသည် တရားမကျင့်ပဲကို မနေနိုင်အောင် အခြေအနေ အရပ်ရပ်တို့က ဖန်တီးပေးရသလော။

လူကိုယ်တိုင် စွန့်စားမှုဖြင့် ကြိုးစား၍ တရားကျင့်လိုက် ရခြင်းလော။

အတိတ်က အကြောင်းကံဘာရားသည် မည်မျှအထိလွှမ်းမိုး ကြိုးကိုင်နိုင်ပါသနည်း။ လူသည် အတိတ်၏ သားကောင် လော၊ မည်မျှအထိ အတိတ်၏ သားကောင်ဖြစ်သနည်း။ ပစ္စုပ္ပန်စွမ်းရည်သည် အတိတ်၏ အင်အားကို ဟန့်တားနိုင် သလော၊ မည်၍ မည်မျှအထိ ဟန့်တားနိုင်သနည်း။

တရားကျင့်သောအခါ နေရာသည် အရေးကြီးသလော၊ မကြီးဘူးလော ၊ တရားလိုချင်သူသည် သချိုင်းကုန်း၌အဘယ့် ကြောင့် ညကြီးအချိန်မတော် သွားရောက်၍ တရားအား ထုတ်ရသနည်း။ ကျောင်း ၊ သိမ်းထဲ၌ တရားမရနိုင်၍ လော။

စွန့်လွှတ်ခြင်း၌ အတွင်းစွန့်လွှတ်ခြင်းလော၊ အပြင် စွန့်လွှတ်ခြင်းလော၊ အရာရာကို စွန့်လွှတ်နိုင်ရန် ကြိုးစားသူသည် နောက်ဆုံး၌ ဘာကျန်ရှိနေမည်နည်း။

လောကုတ္တရာသည် ကုန်အောင်လုပ်ရသည်။ အရာရာကို ကုန်အောင်လုပ်သည်ရှိသော် ဘာကျန်ပါမည်နည်း။ အဘယ့်ကြောင့်နည်း။ လူတဦးတယောက်၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်ရေး၌ ပတ်ဝန်းကျင်သည်စွမ်းသလော၊ ဗီဇသည်စွမ်းသလော၊ မည်သည့်အတိုင်းအတာအထိ စွမ်းဆောင်နိုင်ကြသနည်း။

ခွေးထောက်သရက်
ရောပေါက်ယှက်က
သရက်ချိုမြ
ဗန္ဓုရလျှင်
ကွယ်ပအပြီး
အခါးသီး၏....တဲ့

သို့သော်....ရှုံ့နှံ့ထဲမှပဒုမ္မာကြာသည်မွှေးရနံ့လှိုင်ပါသည်။

တရားရှာ ခန္ဓာမှာတွေ့မည်။ ခန္ဓာရှိသူတိုင်း ခန္ဓာထဲ၌ တရားရှာနိုင်သည်။ ဘာနှင့် ရှာမည်နည်း။ ဘယ်ဆိုရှာမည်နည်း။ ခန္ဓာရှိရုံမျှနှင့် ရိပ်သာသွားရန်မလိုအပ်တော့ပြီလော။

တရားကို အချိန်မည်မျှ ကြာအောင် ထိုင်ရမည်နည်း။ (၅) မိနစ် (၁၀) မိနစ်လော၊ (၁) နာရီ (၂) နာရီလော။ အကြောင်းအသို့ရှိသနည်း။

တရားရှင်များသည် မော်ကြွားတတ်သလော၊ ငါတရားရပြီဟုပြောကြဟောကြသလော၊ ပြောအပ်ဟောအပ်သလော၊ အစွန်းမည်သို့ လွတ်စေမည်နည်း။

ဆရာကောင်းသည် တပည့်ယောဂီကို တရားရစေနိုင်သလော၊ တပည့်ဘာသာ ကျင့်ကြံသောအခါမှ တရားရမည်မဟုတ်သလော၊ ဆရာ့အခန်းကဏ္ဍသည် မည်သို့နည်း။

သာသနာ့အကျိုးကို မည်သို့ပြုကြပါမည်နည်း။ ကိုယ်တိုင်က ကိလေသာ လျော့ပါးအောင် ကင်းစင်အောင် မကျင့်ဆောင်နိုင်ပါပဲနှင့် သာသနာ့အကျိုးသယ်ပိုး၍ ဖြစ်နိုင်ပါသလော၊ သာသနာတော်သည် မည်မျှအထိ စင်ကြယ်ပါသနည်း၊ ကိလေသာအညစ်အကြေးနှင့် အပ်စပ်ပါ၏လော။

မြင့်မြတ်သော သာသနာ့တော်အတွက် မြင့်မြတ်သော အကျင့်မရှိလျှင် အချည်းနှီးပင်တည်း။ အတ္တမာနဒိဋ္ဌိကြီးသမျှ အချည်းနှီးချည့်တည်း။

သာသနာပြုသူများ များပြားလှလေရာ အတုနှင့်အစစ် မည်သို့ခွဲခြမ်းစိတ်ဖြာမည်နည်း။ သာသနာတွင် ညာသံပေး၊ ဟန်ရေးပြ၍ ဖြစ်နိုင်ပါသလော။

ဗုဒ္ဓဘာသာ၌ စိတ်ကူးယဉ်၍ရသလော။ သဘာဝကျကျ ဟုတ်တိုင်းမှန်စွာ ကျင့်ကြံရသလော။ မိမိကိုယ်ကို အရိယာဖြစ်

စေချင်တိုင်းဖြစ်နိုင်ပါသလော။ အမှန်ကျင့်မှုအကြောင်းအကျိုး ညီညွတ်မှုဖြစ်စေနိုင်ခြင်းလော။ အမှားကို မှားမှန်း မသိသေးခြင်းသည် အဝိဇ္ဇာဟု ဆိုသော်လည်း အမှားကိုမှားသည်ဟု တွေ့မြင်သွားခြင်းသည် အမှန်ကို တွေ့မြင်သွားခြင်းပင် မဟုတ်ပါသလော။ အမှားကိုမြင် အမှန်ပြင် ဉာဏ်ရှင်လျှင် ကိစ္စပြီးနိုင်ပါသလော။

ဝေဘန်ဆန်းစစ်မှုနှင့် လေ့လာဆည်းပူးလိုစိတ် ဇွဲသည် အမှန်မြတ်နိုးသူတိုင်း ရှာဖွေသူတိုင်းအတွက် လိုအပ်ချက်ပင် မဟုတ်ပါလော။

ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို ဉာဏ်ပညာဖြင့် ချိန်ဆရလျက်၊ ဟုတ်သည် မဟုတ်သည်ကို လက်တွေ့စိစစ် စမ်းသပ်ရသည် မဟုတ်ပါလော။

ဤလောက၌ သိလျှင်ပြီးကြစတမ်းလား။ ပြီးလောက်သောအသိဆိုသည်မှာလည်း မည်သို့သောအရည်အချင်းများ ရှိရပါမည်နည်း။

ဘဝတခု၏တန်ဘိုးသည် အဘယ်သို့နည်း။

ရွှေရှိမှုလော၊ ငွေရှိမှုလော၊ ရင်တွင်းဒုက္ခငြိမ်းအေးမှုလော၊ ချမ်းသာစစ်သည် အဘယ်မှာနည်း၊ အဘယ်သို့လျှင် ရရှိခံစားနိုင်သနည်း။

နေ့စဉ် လုပ်ငန်းယန္တရားနှင့် အချိန်ကုန်ခဲမည်လော၊ ခေတ္တရပ်နား တရားနှင့်ပြေ သစ္စာအမွေကို မရှာဖွေတော့ပြီလော။

အသေကို မည်သို့ စိတ်ချလက်ချ ရင်ဆိုင်မည်နည်း။

သေမင်းကို အောင်နိုင် နိုင်ပါသလော၊ မည်သို့သောနည်း ရှိပါသနည်း။

အမှားကိုအမှားဟု ဘယ်သောအခါ သိလာနိုင်သနည်း။

မသိ၍ လိုချင်မိသော ဆင်းရဲခြင်းကို ရရှိနေသောအခါ မည်သို့လွတ်မြောက်စေ နိုင်သနည်း။

ရုပ်,နာမ်သည် ဆင်းရဲလျှင် မည်သည့်အရာသည် ချမ်းသာသနည်း။ အဘယ်ကြောင့်နည်း။

နိဗ္ဗာန်ကိုရချင်ရောက်ချင်ခြင်းသည် လောဘလော၊နိဗ္ဗာန်သည် ရချင်ရောက်ချင်စရာ အကောင်းဆုံး မဟုတ်ပါလော၊ နိဗ္ဗာန်ကို ရချင်ရုံသက်သက်ဖြင့် ရပါသလော၊ အမှန်တကယ် ကျင့်ကြံ ကြိုးစားအားထုတ်ပါမှ ရနိုင်ရောက်နိုင်ခြင်းလော။

နိဗ္ဗာန်၌ ဘာရှိသနည်း။ဘယ်လိုသိနိုင်သနည်း၊ဘာ့ကြောင့် သိသနည်း။

တရားအားထုတ်ခြင်းကို ဒုက္ခဟုယူဆကောင်းပါသလော။ တရားအားထုတ်သည်ဆိုရာ အဘယ်သို့ပါနည်း။သိမှတ်လော၊ ရှုသတ်လော၊ ဒုက္ခကိုဒုက္ခဖြင့် ရှုသလော၊ အနိစ္စကိုအနိစ္စဖြင့် ရှုသလော။ စိတ်ကိုဉာဏ်ဖြင့် ရှုသလော။ ဉာဏ်ကိုမည်သို့ရရှိစေနိုင်သနည်း။ဉာဏ်ပညာရရာရကြောင်း နည်းလမ်းကောင်းများကို အသေးစိတ်သိလိုပါသလား။

ရဟန္တာများ နိဗ္ဗာန် မည်သို့စံဝင်ကြပါသနည်း။

နောက်ဆုံး သေရလို့ပျော်သူနှင့် ဒုက္ခပင်လယ် ဝေရမှာ မှို ဆင်းရဲရသူ တပါးသူကို နှာလည်စေရန် ကိုယ့်ကိုယ်ကို အသေးစိတ်နားလည်သင့်သည် မဟုတ်ပါလော။

မှားနေသူကို အဘယ်ကြောင့် ခွင့်လွှတ်ရသနည်း။အဘယ် သို့ ခွင့်လွှတ်ရသနည်း။ မြော်မြင်ဆင်ခြင်နိုင်စွမ်းရည် မည်မျှ အထိ လိုအပ်သနည်း။

တရားရကာနီးအခက်အခဲတွေကြုံတတ်ပါသလား။အဘယ် ကြောင့်နည်း၊စမ်းသပ်စစ်ဆေးမှုများ လိုအပ်ပါသလား။

လောကသည် အဘယ်သို့ရှိသနည်း။သင့်တင့်စွာ နှလုံးသွင်း ရန် လမ်းညွှန်မှုဝါဒ မည်သို့ရရှိနိုင်သနည်း။ လိုရင်းသည် ဒိမိလော၊သူတပါးလော။

အကြောင်းမပြုသော သံယောဇဉ်ဟူသည် အဘယ်နည်း။

တရားရရန်လွယ်သလော၊ ခက်သလော၊ လူဝတ်ကြောင် နှင့် ဖြစ်နိုင်ပါသလော။

ပါရမီသည်မည်သို့နည်း။အချိန်တန်လျှင် အလိုလိုတရားရ သွားမည်လော။

မေတ္တာဟူသည် အဘယ်နည်း၊ လာဘ် မျှော် ခြင်းသည် ကောင်းသလော၊ ဖြူစင်သန့်ရှင်းသော စေတနာသည်အကျိုး ဖြစ်ထွန်းပါ၏လော။

မာနကြီးရန်မလို စိတ်ခိုင်မာရန်လိုသည်။
ရွှေလောကြီးရန်မလို မခပေါ့လျှော့ရန်လိုသည်။
တုန်လှုပ်ရန်မလို တည်ငြိမ်ရန်လိုသည်။
ကြောက်ရန်မလို မှန်ကန်ရန်လိုသည်။
ရက်စက်ရန်မလို ပြတ်သားရန်လိုသည်။

အပြောနှင့်မပြီး လက်တွေ့ကျင့်မှ ပြီးမည်။ လက်တွေ့ကျင့်ကြံရန် နည်းလမ်းကောင်းများကို ဤစာအုပ်တွင် တွေ့ရှိနိုင်ပါစေသတည်း။

အသျှင်နန္ဒဝံသ [မဟာဝိဇ္ဇာ]

# ဆရာကောင်း ဆရာမြတ် လိုအပ်ခြင်း

ဤသာသနာ၌ အကန်းသည် အကန်းကို တုတ်ဆွဲ၍မဖြစ်နိုင်ချေ။ ချောက်ကမ်းပါး များပြားလှစွာသော ဤသံသရာလမ်းခရီးတွင် မျက်မမြင်တဦးက အခြားသော မျက်မမြင်များကို လမ်းပြ၍ မရစကောင်း။

သစ္စာမသိသေးသူက အခြားသော အဝိဇ္ဇာ တဏှာသမားများကို ရှေ့သွားခေါင်းဆောင်ပြု၍ နိဗ္ဗာန် သောင်ကမ်းတဘက်စခန်းသို့ တက်လှမ်းရန် ကြိုးစားနေကြသည်ဆိုသည်မှာ သဘာဝမကျပေ။

ကိုယ့်ကိုယ်ကိုယ်မှမကယ်နိုင်သော အာစရိယ ကမ္မဋ္ဌာနစရိယက အခြားသော ယောဂီများကို တရားပြနေသည် ဆိုသည်မှာ ရယ်ဖွယ်ရာဖြစ်နေသည်။ မသိသူက မတတ်သူကို သင်ပေးနေခြင်းသည် သဘာဝကျပါသလော။ ပညာလက်ဆင့်ကမ်းရာ၌ မဖြစ်စကောင်းသော အမှားမျိုးကို ကျူးလွန်နေကြခြင်းမည်ပေသည်။

လောကီဥပမာ၌ပင် မသိသေး၊ မတတ်သေးသူဆရာသမား
4 က ကလေးသူငယ် လူမမယ် ကျောင်းသူကျောင်းသားများကို

သင်ကြားပေးရခြင်းမျိုး မဖြစ်သင့်၊ သိပြီး တတ်ပြီးသူများ ကသာ တ,နပဲ့ပြင် သွန်သင်ညွှန်ကြရခြင်းမျိုး ဖြစ်သင့်သည်။

လောကီဉ်ပင်လျှင် ဤသို့ရှိသော် လောကုတ္တရာသည် မည်မျှနက်နဲပါသနည်း၊ သိမ်မွေ့ပါသနည်း၊ ပို၍ပင် တတ်သိလိမ္မာပြီး ဆရာသမား လိုအပ်တော့သည်မဟုတ်ပါလော။

လောကုတ္တရာ လမ်းခရီး၌ ဆရာကောင်းဆရာမြတ်တို့သည် သာ ကိုယ်တိုင်ရောက်ဖူး ပေါက်မြောက် အောင်မြင်ဖူးကြပေမည်။ ရောက်ဖူးပေါက်ဖူး အောင်မြင်ဘူးသူတို့၏ ဦးဆောင်ရာသို့ လိုက်ပါလာရခြင်းသည် စိတ်ချမ်းမြေ့ဘွယ်ပင် ဖြစ်တော့သည်။

သာမန်ပုဂ္ဂိုလ်သည် ရုပ်,နာမ်နှင့် မယှဉ်သော နိဗ္ဗာန်သို့ အဘယ်သို့လျှင် မျက်မှောက်ပြုဘူးနိုင်ကြပါမည်နည်း၊ တပါးသူကို ဦးဆောင်ခေါ်ဘို့ဆိုသည်မှာ ဝေလာဝေးပင်ဖြစ်နေပေလိမ့်မည်။

သာသနာ၌ လူတတ်လုပ်၍ ဆရာတဆူမင်းမူနေသူသည် သူကိုယ်တိုင် လောကုတ္တရာအကြောင်း ကောင်းစွာမသိပါက အလဟဿပင်တည်း။ ကြီးစွာသော ဝန်လေးပင်ပန်းမှုပင်တည်း။ ကြီးမားသော ပြစ်မှုကို ကျူးလွန်နေမိခြင်းတည်း၊ ယောဂီ အများ ချောက်ကမ်းပါးထဲ မှောက်မှားကျရောက်ကုန်ရန်အကြောင်းဖန်သော်၊ ကောင်းရန် လားလားမှမရှိနိုင်တော့ပေ။

ဤသာသနာ၌ ဆရာတု ဆရာယောင်များ သတိထားသင့်ပေသည်။ မပိုင်သောဇာတ်ကို မကခုအပ်သင့်ကြပေ၊ ယောဂီများလည်း အကျိုးယုတ်၊ ကိုယ်တိုင်လည်း ဆိုးယုတ်သော အပြစ်ဒဏ်ခံရမည်မှာ ကေန်မုချမျှသာတည်း။

အတ္တမာနကြီး၍ ဆရာတဆူ မင်းမူလိုသူတို့သည် ငရဲမီးကို ကိုင်စမ်းသည်ကမှ သက်သာကြပေလိမ့်ဦးမည်၊ မိမိအတွက်သာမက တပါးသူများကိုပါ အကျိုးယုတ်စေသည့်အတွက် ဆိုးရွားယုတ်မာလှပေသည်။

ကိုယ်တိုင်သစ္စာဆို၍ ဘာမှန်းမသိ၊ အရိယာဆို၍ ဘာမှန်းမသိ၊ လူတတ်လူမြတ်ကြီးလုပ်စားကြသော်၊ သေလျှင် အပယ်အိုးသို့ စောက်ထိုးကျကြရဘို့သာ နီးစပ်လေသည်၊ သာသနာသည် ဤမျှ နက်ရှိုင်းသည်ကို မသိ နားမလည်ကြချေ။ သာသနာကို ပေါ့ပေါ့ထားလျှင် မှားကြမည်သာတည်း။

ယခုကဲ့သို့ ရေးသားလိုက်ခြင်းသည် တဦးပုဂ္ဂလ မိစ္ဆာရိယ ရှိ၍မဟုတ်၊ မမှားသင့်သည်တို့ ဆက်လက်မမှားကြစေရန် သတိပေး ရေးသားနေခြင်းမျိုးဖြစ်သည်။

သာသနာ၌ ငါသာလျှင်ဆရာလုပ်သူတို့မှာ ဟုတ်လျှင် တော်ပါ၏၊ မဟုတ်လျှင် သံသရာဝဲ ချောက်ထဲကျကာ၊ မှားယွင်းမှုဒဏ် ကောင်းကောင်းကြီးခံရမည် ကေန်မုချ ဓမ္မသဘာဝနိယာမလမ်းစဉ်မျှသာတည်း။

ဆရာမြတ်သည်သာ တတ်သိကျွမ်းကျင်ဘူးသော ဝိပဿနာနယ်ပယ်၌ ကျွင်လည်ကျေညက်စွာ ပြသနိုင်မည်။

ဒါစိတ် ဒါဉာဏ် ဒါမဂ် ဒါဖိုလ် ဒါနိဗ္ဗာန် ဒါငါရဲ ခွဲခြားသတ်မှတ်နိုင်မည်၊ လမ်းလွဲဒိဋ္ဌိကျင့်စဉ်ကို အပြွတ်ဖြုတ်ပေးနိုင်မည်။

တဏှာ သမုဒယ ဥပါဒါန်ကို နောက်ပြန်မငဲ့၊ တည့်တည့်တကြောင်းတည်း၊ တဖြောင့်တည်း လမ်းညွှန်နိုင်မည်၊ ဝေ့ဝိုက် ညာဖြန်း လေကိုဖမ်း ဒန်းကိုစီးနေပုံမျိုးကို လက်မခံ၊ တိကျစွာ၊ စစ်မှန်စွာ၊ ပြတ်သားစွာ၊ နက်ရှိုင်းစွာ၊ အကျိုးပြုစွာ၊ အမြော်အမြင်ပြည့်ဝစွာ ဆရာလုပ်၍ ဟုတ်ရာမှန်ရာ ဉာဏ်အရာဖြင့် မှန်ကန်စွာ လမ်းပြနိုင်ပေမည်။

သစ္စာလမ်းစဉ်သည် သာမညလမ်းစဉ်မဟုတ်ပေ၊ သာသနာသည် အတိမ်းအစောင်းမခံပေ၊ လွန်စွာမှ တည့်မတ်ရပေသည်၊ တိတိကျကျ၊ ဂဃ နဏမသိလျှင် မကိုင်တွယ်သည်က ပိုကောင်းသည်။ တတ်ယောင်ကား ဆရာတဆူ မင်းမူချင်လျှင် မှားတော့မည်သာ။ သစ္စာသိလျှင် တော်သေးသည်၊သစ္စာလည်း မသိ၊ ယောင်တိယောင်ချာ စိတ်ထင်ရာစိုင်းလျှင်တော့ ရှိုင်းကုန်ကြမည်သာ။

ဤသာသနာ၌ ငါဆရာလုပ်ချင်တိုင်း လုပ်၍မဖြစ်၊ စံနစ်တကျ ဓမ္မသဘာဝမှို တိကျစစ်မှန် ကေန်ကော ဉာဏ်ပညာပြည့်ဝမှ ဆရာ့ဂုဏ်ရည်ပီနိုင်ပေလိမ့်မည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# အတွေ့အကြုံများ

စာရေးသူသည် ဆရာမြတ်နှင့် မတွေ့ကြုံရသေးခင်က၊အချိန်ကုန်ကာ ဟိုလိုလို ဒီလိုလို၊ ယားတားတား ဝါးတားတား ဖြစ်နေခဲ့ရသည်၊ သမထယောင်ယောင် ဘာယောင်ယောင်ဖြစ်နေခဲ့သေးသည်။

ဝင်လေ (တစ်) ထွက်လေ(နှစ်)၊ ဝင်တစ်,ထွက်နှစ် နှစ်ခုပေါင်း တစ်စုံတစ်၊ ဝင်လေ(သုံး) ထွက်လေ (လေး) ဝင် (သုံး) ထွက် (လေး) နှစ်ခုပေါင်း နှစ်စုံနှစ်။

ဤသို့ စသည်ဖြင့် ဝင်လေထွက်လေကို ရာဂဏန်းအထိ ရအောင် ကြိုးစားခဲ့ဘူးသည်၊ သမာဓိတော့ ရခဲ့ဘူးသည်မှာ မှန်ပါ၏၊ ပညာမပါချေ။

ထို့နောက် ဂုဏ်တော်ပုတီးစိပ်ခဲ့ဘူးသည်၊ ပါရမီအထိုက်အလျောက် ပါလာခဲ့လို့လားမသိ၊ ပုတီးစိပ်သောအခါ သမာဓိတော်တော်ကောင်းသည်၊ ရံခါရံခါ ပီတိအထူးဖြစ်၍ ကြည်နူးရသည်၊ သို့သော် ပညာဉာဏ်မပါခဲ့နိုင်သေးချေ။

အတိတ်ဘဝများစွာက ဖြည့်ဆည်း ကျင့်ကြံလာခဲ့သော ပါရမီမျိုးစေ့သည် သည်ဘဝ၌ မီးခဲပြာဖုံးသဘောမျိုးဖြစ်နေတတ်သည်၊ ထိုက်သင့်သော စရဏ ကျင့်ကြံအားထုတ်လိုက်ပါက ပါရမီမျိုးစေ့ ဖွံ့ဖြိုးတိုးတက်လာတတ်သည်။

သို့သော်....ပညာမျိုးစေ့ မပါလာလျှင် သီလမျိုးစေ့ သမာဓိမျိုးစေ့မှ ပညာပင်ပျို့ အလိုလိုပေါ်ပေါက်၍မလာနိုင်ပေ၊ ဤအချက်ကို ရှေ့ဆက်ဆွေးနွေးတင်ပြပါဦးမည်။

ယခုခေတ် ယောဂီများ နည်းစံနစ် ယွင်းမှားစွာ ကျင့်ကြံပါလျက်နှင့် ထူးခြားမှုတွေရှိရကြောင်း ဝန်ခံလာကြသည်ကို မကြာခဏ သိလာရသည်၊ အဘယ့်ကြောင့်ပါသနည်း။

ဗုဒ္ဓသာသနာ အစစ်အမှန် မထွန်းကားသော တိုင်းနိုင်ငံအချို့မှာပင် သမာဓိစခန်းများ အောင်မြင်နေကြသည်ကို ကမ္ဘာ့အရပ်ရပ်တွင် ပြောစမှတ် မှတ်တမ်းပြုနေကြပေသည်။

ဗုဒ္ဓသာသနာထွန်းကားသော ဤမြန်မာနိုင်ငံတွင် သမာဓိရရုံမျှနှင့် ကြေနပ်နှစ်သက်နေကြသည်မှာ အကျိုး သက်ရောက်မှုနည်းပါးကြောင်း သိသာ ထင်ရှားလှသည်၊ မည်သူမဆိုလေ့ကျင့်လျှင် အထိုက်အလျောက်တော့ ထူးခြားကြမည်။ ကြည်လင်ကြမည်၊ ပီတိဖြစ်ကြမည်၊ ကျေနပ်မှုရကြရမည်သာ။

သို့သော်....သမာဓိအထိုက်အလျောက် ရရုံမျှနှင့် ကျေနပ်နေလျှင် နိဗ္ဗာန်ကို မသွားနိုင်၊ မရောက်နိုင်အောင် ဖြစ်နေပေမည်။

နိဗ္ဗာန်အကြောင်း၊ အမှန် သိလို နားလည်လိုလျှင် မြတ်ဗုဒ္ဓနှစ်ခြိုက်တော်မူသည့် လမ်းစဉ်ကို အပြီးအပိုင် စံနိုင်ချင်လျှင် ပီတိတွင် နားမနေရန် ဝေဘန်ဆန်းစစ်သင့်ကြပေသည်။

ဤစာအုပ်တွင် ပီတိအဆင့်မှ ထိမိစွာ ကျော်လွှား ဖြတ်သန်း၍ နိဗ္ဗာန်နန်းအထိ တက်လှမ်းနိုင်စေမည့် အကျင့်အယူမူဝါဒ **လမ်းညွှန်မှုများ** ဖေါ်ပြသွားပါမည်။

စာရေးသူသည် ဤသို့သော သဘော (ဝါ) နိဗ္ဗာန်နှင့်ပီတိ ခွဲခြားသိနိုင်သော သဘောကို **ဆရာမြတ်နှင့်တွေ့ကြုံခွင့်**ရတော့မှ သိရှိနားလည်ခဲ့ရသည်ဖြစ်ရာ၊ စာရှုသူများကိုလည်း စာနာတရား ထားရှိလျက် ဖွင့်ဟထုတ်ဖေါ် ဆွေးနွေးတင်ပြပါသည်။

ဆရာကောင်း၊ဆရာမြတ်သည် ပရမတ်သစ္စာကိုဖေါ်ကျူးရာ၌ လိုအပ်လှကြောင်း ကောင်းစွာ သဘောပေါက်ကြပါသည်။ သို့သော်....ဆရာ**ကောင်း**ကို မည်သို့ **ရွေး**ချယ်ရပါမည်နည်း။

ကောင်းသည်၊ ဆိုးသည်။

မြတ်သည်၊ ယုတ်သည်။

အကျိုးရှိသည်၊ အကျိုးယုတ်သည်။

မှန်သည်၊ မှားသည်ကို **ဝေဘန်**ပိုင်းခြားနိုင်သော ဉာဏ်ပညာ အမြော်အမြင်ဖြင့် ဆင်ခြင်နိုင်ရန် အရေးကြီးပေသည်။

စာရေးသူသည် ဆရာကောင်း ဆရာမြက်ကို **မ**တွေ့ရသေးမီ တောင်တောင်အီအီနှင့် အကြားအမြင် ရသလိုလိုရှိသော ပုဂ္ဂိုလ်များကို အထင်ကြီးခဲ့မိဘူးသည်။

ထိုစဉ်က အကြားအမြင်ဆိုသည်ကို ကောင်းစွာသဘော မပေါက်ခဲ့ပေ၊ မိမိလုပ်ခဲ့သမျှကို သိသူ၊ မိမိစိတ်ကိုသိသူကို အထင်ကြီးတတ်သော သဘောအပြည့်အဝ ရှိနေသည်။

နောင်သောအခါမှသမထနှင့်သော်၎င်း၊ ဆေးဝါးဂါထာ မန္တာန် အင်းအိုင် ခလှဲ့ လက်ဖွဲ့များနှင့်သော်၎င်း၊ ဖြစ်စဉ် လိုက် သိနိုင် ပြောနိုင်၍ အကြားအမြင် ရသည်ဟုဆိုသော စွမ်းရည်အစုစုတို့ကို အထင်မကြီးရမှန်း သိလာခဲ့သည်။

ဝိပဿနာနှင့်မြင်သော အကြားအမြင်ထက်ပို၍ ကောင်း သော အကြားအမြင်သည် မရှိနိုင်ကြောင်း နောင်သောအခါ မှ သိလာရသည်။

ဆရာမြတ် ရှင်းပြသောအခါမှ ဉာဏ်အမြင်နှင့်စိတ်အထင် သရဲမှော်၊ ရုက္ခစိုးမှော်၊ မှော်မျိုးစုံအကြောင်း ကောင်း ကောင်းကြီး သဘောပေါက်လာခဲ့ရသည်။

တလမ်းသွား မှော်ဆရာများသည် ကြာကြာ ဝါးလေ ခါးလေဖြစ်လျက် အဆိပ်ရည်ထွက်လာမည်ကို ကြိုတင်သတိ ချပ်လာနိုင်တော့သည်။

စာရေးသူတို့၏ ဆရာမြတ်မှာ လွန်စွာမှ ဗဟုသုတပြည့်ဝ စုံလင်သောပုဂ္ဂိုလ်ထူးဖြစ်သည်။ စာရေးသူတို့အား ဗဟုသုတ အဝဝကို ကျနသေချာ ရေလည်စွာ သင်ကြား ပို့ချပေး သည်။

ရှေးဦးစွာ ဆရာမြတ်ထံ ဝေဒနာ နုပဿနာ တရားပွားများအားထုတ်ရသည်။ အချိန်မှာ (၁) နာရီခန့်ကြာလေ့ရှိသည်။

နောင်သောအခါ စိတ္တာနုပဿနာကို ဆရာမြတ်က တိုးတက်ပြသသည်။ ထိုအခါ အနည်းငယ်သက်သာရလာကြသည်။ ဒါဝင်စိုက်၍ ပေါ်စိတ်ရှုရသည်။ ပေါ်သမျှအနိစ္စဟု ရှုသတ်ရသည်။ ဤရှုနည်းမှာ လွယ်ကူသက်သာ၍အနုစိတ်လာသည်။ ဉာဏ်ပိုထက်ရသည်။ ဉာဏ်ယှဉ်ရသည်။ အသိ ခက်သော ဆွက်သောစိတ်ကို အပျက်ရှုရသည်မှာ လျင်မြန်သောဉာဏ်၊ ယှဉ်သန်သောသတ္တိလိုသည်။

တခါတခါ ရှုရသည်မှာ သိပ်ကောင်းသည်။ ဉာဏ်တည့်နေ၍ဖြစ်သည်။ထိုင်စနှင့် ထိုင်လယ်မတူ၊ ထိုင်ခါစက ရင်ထဲစိတ်ထဲ လေးလံနေ ကြသည်များ တဖြည်းဖြည်း ပေါ့လာသည်။ တခါတခါ ရင်ထဲ ပူပူအောင့်အောင့်ဖြစ်နေတတ်သည်။ ထို ပူစိတ်၊ အောင့်စိတ်များကို အနိစ္စ ရှုရပြန်သည်။

ထိုအခါ ပူစိတ်ချုပ်ပျက်၍အေးငြိမ်းစပြုလာသည်။ ထာဝရ အေးငြိမ်းမှုအကြီးစားကြီးမဟုတ်သော်မှ၊စောစောကနှင့်မတူ၊ တမူထူးခြား၍ ရင်ထဲနေလို့ကောင်းလာသည်။ "အော်-အနိစ္စ ပါလား" ဟု ဆင်ခြင်ပွားများရသည်။

အချို့က လောကခံတွေလျှင် တရားမထိုင်ချင်ပါ၊ သဒ္ဓါ ပြည့်ဝမှ တရားထိုင်မည်ဟု ဆန္ဒပြုကြသည်။ မှားပါသည်။

တချို့က အခြေအနေ မပေးသေးပါဟု ဆိုကြသည်။ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးအမျိုးမျိုး အကြောင်းပြကြသည်။

ဆင်ခြေပေးခြင်းမျှသာပါ၊ တရားသဘောသည် အကာလိကောဖြစ်သည်၊ အချိန်အခါမလပ် ကျေးဇူးပြုနိုင်သည်။ ထိုင်ချင်တဲ့အချိန်ထိုင်လိုက်ပါ၊ ဘာဘာညာညာ ဝေခွဲမနေပါနှင့်၊ မထိုင်ချင်သော်လည်း ထိုင်လိုက်ပါ၊ မထိုင်ချင်စိတ်ကို ရှုသတ်ပါ၊ ထိုင်လေ့ကောင်းလေဖြစ်သည်၊ထို့ကြောင့်ထိုင်နိုင်ခွင့်ကြုံသလောက် ထိုင်ပါ ဟူသတည်း။

# ဝိပဿနာ ဉာဏ်အမြင်

ဖြစ်ခြင်းပျက်ခြင်းကို မြင်တွေ့ရသည် ဆိုရာ၌ ဖြစ်ပြီးပျက်သွားသည်က ဓမ္မတရားကလေးများ၊ ထိုအပျက် ဓမ္မတရားကလေးများကို မြင်တွေ့လိုက်ရသည်က ဉာဏ်ပညာ၊ ဤသို့ဖြင့် ဖြစ်ပျက်သည်ကတခြား၊ အပျက်မြင်သောဉာဏ်ကတခြားဖြစ်သည်။

ထိုအခါမှ ဆင်ခြင်လာကြရသည်၊ ဝေဒနာ နုပဿနာရှုစဉ်က မမျှော်လင့်ပဲ ဘွားကနဲ တွေ့မြင်ခဲ့ရသော ကိလေသာရေသောက်မြစ်မှာ ဒုက္ခ၏အရင်းအမြစ်ဖြစ်လျက်၊ထိုရေသောက်မြစ်ကို မြင်တွေ့လိုက်ရသည်က ဉာဏ်မျက်စိဟု သဘောပေါက်လာသည်။

ကိလေသာ ရေသောက်မြစ်ကို မြင်တွေ့ရစဉ်က အံ့သြမိသည်၊ ထူးထူးခြားခြား ဝမ်းမြောက်မိသည်၊ ထိုရေသောက်မြစ် အငုတ်ကြီးကို မြင်တွေ့နိုင်ရန်ပင် ဝေဒနာ နုပဿနာ အကြိမ်များများ ထိုင်ခဲ့ဘူးသည်။

ယခုအခါ ထို့ထက်အံ့သြဘွယ်ရာကို တွေ့မြင် လာရပြန်သည်၊ ထိုအရာမှာ အခြားမဟုတ်၊ လူတို့၏ အတွင်းစိတ် ဖြစ်ပေါ်ရာ ဟဒယရုပ်ဝတ္ထုကလေး ပင်ဖြစ်သည်၊ ဟဒယရုပ်ဝတ္ထုကို ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်ရသည်။ ဖြစ်ပျက်မြင်အောင်

ကြည့်ဆိုသည်မှာ၊ ထိုဟဒယရုပ်ဝတ္ထုကလေး အပေါ်၌ ဖြစ်ပေါ်လာသော စိတ်ကလေး၏ အပျက်ကိုမြင်ရန်ကြိုးစားရခြင်းသဘောဖြစ်သည်။

ကျင့်စဉ်မှာ တဖြည်းဖြည်း အနုစိတ်လာသည်၊ ပညာသားပါလာသည်၊ စိတ်၏အပျက်၊ ရုပ်၏အပျက်ကို ဉာဏ်ဖြင့်မြင်ရန် ကြိုးစားရှုသတ်ရသည်၊ အောင်မြင်လျှင် စိတ်ချုပ်ပျက်လားပြီးနောက်၊ ဓမ္မသဘာဝတရားကလေးများနူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ပေါ်လာသည်၊ ဤသည်ကိုပင် ဓမ္မနုပဿနာဟုခေါ်သည်။

ဓမ္မသဘာဝသည် ညှင်းညှင်းငွေ့ငွေ့ အတွေ့ညင်သာသည်၊ ကြည်၍ဟာသည်၊ ပေါ့၍လွတ်သည်၊ ငြိမ်၍ ငြိမ်းချမ်းအေးမြသည်၊ နေလို့ကောင်းသည်၊ အတုံးအတစ် အစိုင်အခဲများ မတွေ့ရတော့ချေ။ အသိယှဉ်သတိဝင်နိုင်မှ တော်ဘာကျသည်။ တော်တော်ကလေး သိမ်မွေ့နူးညံ့သွားပါသည်။

ထို့ကြောင့် တရားထိုင်လျှင် သိမ်မွေ့ရမည်၊ ကြမ်းတမ်းရိုင်းစိုင်းလျှင် တရားကျင့်နည်းမှားနေ၍ ဖြစ်မည်၊ တရားရှင်တို့သည် သိမ်မွေ့နူးညံ့ကြရိုး အစဉ်အလာ ဓမ္မတာရှိသည်။

စာတတ်သူ ယောဂီသည် မိမိကိုယ်ကို....

ဝေဒနာနုပဿနာ ယောဂီလော-

စိတ္တာနုပဿနာ. ယောဂီလော -

ဓမ္မာနုပဿနာ ယောဂီလော-

စောကြော စီစစ်နိုင်သည်၊ ကိုယ်တိုင် စောစောသိလေ ကောင်းလေ ဖြစ်သည်။ နုပဿနာအလုံးစုံကို ခြုံ၍အလှည့်ကျ ရှုသတ်ကြသော ယောဂီများလည်း ရှိသည်။

ထိုသို့ရှုပုံ ဉာဏ်စုံမျိုးကို ဆရာမြတ်ထံမှ အမွေရရှိလိုက်ရာ တရားဉာဏ်ဖြင့် လွှမ်းမိုးအုပ်ချုပ်နိုင်ပါမှ ယထာဘူတကျနိုင်ကြောင်း သိနားလည် လာရသည်။ ထို့ကြောင့် အကြား အမြင်ထက် တရားဉာဏ်အမြင်က ပိုမို လေးနက်ကြောင်းခံယူလာမိသည်။ ဖြစ်ပျက်ကို မြင်အောင်ကြည့်ခြင်းသည် အထူးခြားဆုံးသော ကျင့်စဉ်ကောင်း ကျင့်စဉ်မြတ်ပေတည်း။

# မဂ်ဥဒဏ်ဖိုလ်ဥဒဏ် တည်ဆောက်နည်း

ဤလောက၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်ဆောက်နည်းသည် ပညာဉာဏ်အမြင့်ဆုံး ဖြစ်သည်။ သာမန်ယောဂီများ ဤနည်းကို စံနစ်တကျ မသိကြရချေ။ ဤနည်းမှာ ဆရာကောင်း ဆရာမြတ်ကဦးဆောင်၍ တပည့်ယောဂီကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိပိုင်နိုင်အောင် ကြံဆောင်ရသည်။

ရှေးဦးစွာ တပည့်ယောဂီအား လူဟူ၍ငင်း၊ သတ္တဝါ ငါ့သူတပါး၊ ယောကျ်ားမိန်းမဟု ယူဆရန်ဝေလာဝေး၊ မိမိ ရုပ်နမ်ကို "ဒုက္ခ" ဟု ဉာဏ်ပညာပါပါ နားလည်အောင် ပြောပြရသည်၊ ရုပ်-နာမ်ကို "ငါ"ဟု မှတ်ယူသူသည် တရား မရနိုင်ပေ၊ ရုပ်-နာမ်ကို ဒုက္ခဟုတရားသေ သတ်မှတ်နားလည် ထားရမည်။

ထိုအခါ ရုပ်-နာမ်ကို ဒုက္ခဟု နားလည်နေသော အသိသည် ဉာဏ်ပင်ဖြစ်သည်။

ရုပ်-နာမ်ကို ငါဟု ယူလျှင် ဉာဏ်ပြယ် ဉာဏ်ကွယ်သည်။

ရုပ်-နာမ်ကို ဒုက္ခဟု နားလည်ပြီးမှ ထိုသို့ နားလည်နေသော ဉာဏ်က ရုပ်-နာမ်ကို မမြဲဘူး၏ ရှုရသည်၊ သုံးသပ်ရသည်၊ ဆင်ခြင်ရသည်၊ အနိစ္စလက္ခဏာ တင်ရသည်။

ထိုအခါ တပည့်ယောဂီသည် (၂) ချက် သိသွားပြီ ဖြစ်သည်။

'ပဥ္စမတချက် ရုပ်,နာမ်သည် ဒုက္ခ၊ ဒုတိယတချက် ဒုက္ခရုပ်နာမ်သည် ပျက်စီး၏၊ ဒုတိယအချက်ကို သိသူသည် ဉာဏ်ပညာ အလင်းရောင်၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူနားလည်ထားရာရောက်သည်။

ထိုအခါ တပည့်ယောဂီ၏ နုနယ်နေသော ဉာဏ်ပညာကို ရင့်ကျက်နေစေရန် ဆရာကောင်း ဆရာမြတ်တို့က အဲဒီဒုက္ခဟာ ဘယ်တော့မှ မမြဲဘူး၊ အနိစ္စပဲ၊ ပျက်တာပဲ၊ ရှုတာရှု၊ လက္ခဏာရေး အနိစ္စတင် အားလုံးသောသင်္ခါရတွေဟာ မမြဲဘူး၊ ဘယ်လိုနည်းနဲ့မှကို မမြဲနိုင်ဘူးဟု အားပေးချီးမြှင့်ရသည်။ ယောဂီမှာ အားတက်လာကာ ရှုသတ်လာတော့သည်၊ အနိစ္စဟု ယုံကြည်ကာ အပျက်ရှုသတ် တတ်လာသည်၊ အနိစ္စ လက္ခဏာ တင်လာတော့သည်၊ ထိုအခါ ဒုက္ခရုပ်-နာမ်ကလေး ယောဂီ၏ဉာဏ်အောက်၌ပျက်သွားသည်ကို ယောဂီကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်တွေ့ လိုက်ရသည်။ ယောဂီ ပိုမိုအားရှိလာကာ ဆက်ရှုလိုက်ရာ ရှုဉာဏ်မှာရင့်သန်ကာ အင်အားကောင်းလာသည်။

ထိုအခါ ဆရာကောင်းဆရာမြတ်က အဲဒီလိုပျက်သွားရတာ မပိုင်လို့၊ မပိုင်လျှင် မဆိုင်ဘူးပေါ့ဟု ရုပ်,နာမ် ဒုက္ခအပေါ် လုံးဝမမှီခိုတော့ပဲ ဉာဏ်မှာ အသိလုံးလုံး ကပ်ထား ခိုင်း သည်။ ဟောပြပေးသည်။ ကိုယ် မ ပိုင် ၍ ပျက်တာပဲ၊ မပိုင်တာ အနတ္တပေါ့၊ မဆိုင်တာ ဥပေက္ခာ။ ကိုယ်ကပိုင်လျှင် ဘယ်ပျက်လိမ့်မတုန်း၊ တပျက်တည်းပျက်ပြီးမပိုင်

နိုင်တဲ့ ရုပ်,နာမ်ဟာ ဘာဆိုင်လိမ့်မတုန်း၊ မဆိုင်ဘူးပေါ့ ဥပေက္ခာ။ ယောဂီသည် ဤကျင့်စဉ်ကို ကျွမ်းကျင်နိုင်နင်း စွာ ဒုက္ခသည်ပျက်၏။ အနိစ္စဖြစ်၏၊ ဘာ့ကြောင့်လဲ၊ အိုမပိုင်လို့ပေါ့ဟု ကြေညက်စွာ သဘောပေါက်သွားသည်ဆိုလျှင်ပင် ထိုယောဂီ၌ ဉာဏ်တည်မိပြီးသား ဖြစ်သွားသည်။

ထိုယောဂီသည် ပဌမဆင့် အောင်မြင် သွားပြီးတည်း၊ ဤသို့တည်ထားသော ဉာဏ်ကိုအသုံးပြု၍ အနိစ္စသာ ရှုနေလျှင် အနိစ္စ၊ ပျက်စရာများ ကုန်ဆုံးသွားသည်ကို ထိုဉာဏ်ကမြင်သွားလျှင် ထိုဉာဏ်သည် မဂ်ဉာဏ်ဟု ခေါ်ဆိုအပ်ပေသည်သာတည်း။ မဂ်ဉာဏ်ရလျှင် ဖိုလ်ဉာဏ် ကူးမည်မှာ အကာလိကော မဟုတ်ပါလော။ ဤကား ဉာဏ်ပညာတည်ဆောက်နည်းပေတည်း။

# တရားရှာ ခန္ဓာမှာတွေ့

တရားကိုရှာဖွေလျှင် ခန္ဓာ၌ ရှာဖွေရမည်။ ခန္ဓာထဲ၌ ဘာနှင့်ရှာဖွေမည်နည်း။ တရားရှာခန္ဓာမှာ တွေ့ဟူသော စကားကို ယောဂီတိုင်းလို လက်ခံယုံကြည် ထားကြသည်။ သို့သော် တရားကို ခန္ဓာ၌ဘာနှင့်ရှာဖွေမည်နည်းဟု လက်တွေ့ စမ်းစစ်ကြသောအခါ အဖြေကိုအလွယ်တကူမပေးနိုင်ကြချေ။ ယောဂီများပင်လျှင် တိကျမှန်ကန်သောအဖြေကို ပေးဘို့ရန် ဆ-တ-တ ဝါးတားတား မရေမရာ ဖြစ်နေတတ်ကြပေသည်။ ခန္ဓာဆိုသည်မှာ သစ်တတရား ခန္ဓာငါးပါးဖြစ်သည်။ အပျက်တရားဖြစ်သည်၊ အနိစ္စတရားဖြစ်သည်၊ ဘင်စွန်း၏ ဒဏ်ကိုခံရသည်၊ ထို့ကြောင့် မမှီခိုအပ်၊ မလဲလျောင်းအပ်။

ခန္ဓာသည် တရားပြလျက်ရှိသည်၊ တရား ပြသည်ဆိုသည်မှာ ခန္ဓာကိုယ်ကပျက်စီးနေသည်၊ သေဆုံးနေသည်၊ ချုပ်ပျက်နေသည်ဟု ပြသနေမည်သာ ဖြစ်သည်။ အသစ်အသစ်ဖြစ်ပေါ်လာသမျှသော ခန္ဓငါးပါးမှန်သမျှသည် ပျက်စီးနေမည်သာ ဖြစ်၏။ ခန္ဓာအရှိကို ဉာဏ်နှင့်သိရမည်၊ ခန္ဓာသည် တကယ်လည်းပျက်နေသည်။ ဖြစ်ပေါ်နေသမျှပျက်နေသည်သာ၊ ခန္ဓာကိုယ်ကြီးက ပျက်စီးမနေပါဘူးဟု မိမိ၏ အတ္တနောမတိဖြင့် မမှတ်ယူရ၊ မိမိ၏ဆန္ဒစော၍ လောဘနှင့် မပျက်ပါဟု သက်ညှာနေလျှင် ဉာဏ်ပြယ်မည်၊ ခန္ဓာ၏လက်ရှိ ပြကတိ အခြေ

အနေကို ဉာဏ်ဖြင့်မသိနိုင်တော့၊ ထိုအခါ ခန္ဓာမှာ ဉာဏ် မရောက်တော့ချေ၊ ခန္ဓာမှာ တရားမရှာ၊ ကိုယ်လိုရာဆွဲယူနေ သဖြင့် အသိဉာဏ်သည် ခန္ဓာအပေါ်၌ မလွှမ်းမိုးနိုင်တော့၊ ထိုအခါအဝိဇ္ဇာ၏ ဦးစီးလွှမ်းမိုးသွားတော့သည်။ အဝိဇ္ဇာသည် တဏှာနှင့် တွဲဖော်တွဲဘက် ဖြစ်သည်၊ အဝိဇ္ဇာနှင့်တဏှာတို့သာ ဦးဆောင်သွားပါက ခန္ဓာကိုယ်၌ အမှန်ကွယ် ဉာဏ် ပျယ်သွားတော့သည်သာ။

ခန္ဓာအရှိကို ဉာဏ်ဖြင့်သိရမည်၊ တရားရှာလျှင် ခန္ဓာမှာ တွေ့ကိုတွေ့ရမည်။ ရုပ်,နာမ်ခန္ဓာ၌ ဉာဏ်ရောက်ရန်အရေးကြီး သည်။ ခန္ဓာကိုယ်အပေါ်မှာ ခန္ဓာကိုယ်နှင့် မရှာပါနှင့်၊ ဉာဏ် ပညာဖြင့် ခန္ဓာကိုယ်မှ ခွါပြီးရှာပါ၊ ခန္ဓာကိုယ်ကို "ငါ" ပိုင် တယ်၊ မြဲတယ် ခိုင်တယ်လို့အယူလွဲပြီး အစွဲမှားနှင့်မရှာပါနှင့်၊ ဆင်းရဲသော ခန္ဓာမမြဲကြောင်း ဉာဏ်ဖြင့် အပျက်တွေ့အောင် ရှာဖွေပါလေ။

တရားရှာ ခန္ဓာမှာတွေ့ ဆိုသောစကားကြောင့် ခန္ဓာမှာ တရားကို ရှာရမည်ဖြစ်သည်။ မရှာပဲ အလိုလို တရားမတွေ့နိုင်၊ တရားဆိုသည်မှာ ဒုက္ခ၏အပျက်ကို ဆိုလိုသည်။ ရုပ်,နာမ်၏ အနိစ္စဖြစ်နေခြင်းကို ဆိုလိုသည်။ ထို့ကြောင့် တရားဆိုသည် မှာ မည်သည့်အချင်းအရာဖြစ်ကြောင်း တရားမရှာမီကတဲက သိနားလည်ထားရမည်။ သို့မဟုတ်လျှင်ဘာမှန်းမသိသော အရာ ကို လိုက်ရှာနေက တွေ့ဘို့ဝေးသွားမည်။ တွေ့ဘို့နီးစပ်နိုင်ရန် တရားကိုသာရှာပါ၊ အပျက်ကိုသာရှာပါ၊ အနိစ္စလက္ခဏာတင်

၍ရှာပါ၊ အားလုံးသော ဒုက္ခများ၊ ရုပ်နာမ်များ မမြဲကြဘူး ဟုသိသော ဉာဏ်ဦးစီးပြီး တရားရှာပါ၊ ထိုအခါ တရားကို မတွေ့ပဲ မနေနိုင်အောင်၊ မငြင်းသာ မတတ်သာအောင် တွေ့မြင်သွားရပါလိမ့်မည်၊ အပျက်တရားကို တွေ့လျှင် ကိစ္စပြီးပါသည်။ အကြောင်းမှာ အပျက်တရား၏အဖြေသည် နိဗ္ဗာန်ဖြစ်နေသောကြောင့်ပါတည်း။

လက်တွေ့ တရားထိုင်သော ယောဂီများအနေနှင့် ရင်ဆိုင်ရသော ပြဿနာတခုမှာ တရားထိုင်ချိန် ကန့်သတ်သတ်မှတ်ခြင်းပင်ဖြစ်သည်။ ဤကိစ္စမှာ လျော့လျှင် မိစ္ဆာသာလျှင်ဒိဋ္ဌိဟူသကဲ့သို့ ကြာကြာထိုင်ရမည်၊ ကြာကြာထိုင်ရန်မလိုပါ စသည်ဖြင့် အဖြေအမျိုးမျိုးထွက်နေရာ စာရေးသူတို့၏ အယူမှာ အောက်ပါအတိုင်းဖြစ်သည်။

တရားအားထုတ်သည်ဆိုရာ၌ တရားရရေးအတွက် ခွန်အားစိုက်ထုတ်ခြင်းဟု အနက်ဖေါ်လိုသည်၊ ယောဂီ တဦးသည် တင်ပလ္လင်ခွေ၍ သို့မဟုတ် ဒူးတုပ်၍ မျက်စိမှိတ်လက်ယှက်ကာမျှနှင့် တရားအားထုတ်နေခြင်းမဟုတ်ပေ။

ကိုယ်ပိုင်ဉာဏ်ဖြင့် အတ္တာဟိ အတ္တာနော နာထောဆိုသကဲ့သို့ ကိုယ့်ဉာဏ်ကို ကိုယ်တိုင်အားကိုးကာ တရားရအောင် ခန္ဓာထဲ၌ ဉာဏ်ဖြင့်ရှာဖွေတွေ့ရှိရန် လုံ့လဉဿာဟ ပြုလုပ်အားထုတ်နေရမည်၊ တရားအားထုတ်ရာ၌ တရားမရရှိ၊ တွေ့သိနိုင်ပဲ လူမြင်ကောင်းအောင် အကြာကြီး ဟန်လုပ်ထိုင်နေခြင်းမျိုးသည်လည်း အချိုးမကျ အကျိုးမရနိုင်ပေ၊ သို့တည်း

မဟုတ်မူ၍ ခန္ဓာကိုယ်အလိုလိုက်ကာ တရားထိုင်ယင်း ဟိုရွေ့ ဒီလှည့်၊ ခြင်မောင်း၊ ဟိုကုတ်ဒီကုတ် လုပ်နေလျှင်လည်း ဟုတ်ပတ်တိတရားအားထုတ်ရာမကျနိုင်တော့ချေ၊ သို့အတွက် လျော့လျှင် မိစ္ဆာသာလျှင်ဒိဋ္ဌိ၊ မလျော့မတင်း စောင်းကြိုး ညှင်းသော ပုံစံမျိုးဖြင့်သာ နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့ ပညိန္ဒြေသိမ်မွေ့စေသော အလယ်အလတ် အကျင့်စဉ်အတိုင်း အချိန်ယူ အားထုတ်ပါဟု အဆိုပြု အဖြေပေးလိုပေသည်။ မဇ္ဈိမပဋိပဒ္ဒာအလယ်အလတ်လမ်းစဉ်သည် ဘုရားသခင် ကိုယ် တော်မြတ်၏ လမ်းစဉ်မဟုတ်ပါလော။

စာရေးသူတို့မှာ ဉာဏ်နှင့် ဖြစ်ပျက်တည့်မတ်နေချိန် ခန္ဓာ နှင့်ဉာဏ် အုပ်မိနေချိန်တွင် အသိကိုလက်မလွှတ်စေပဲ စွဲစွဲမြဲမြဲ ဇွဲနှင့်အသဲနှင့် မလွှတ်တမ်း သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ လိုက်ရှု လေ့ ဆင်ခြင်လေ့ရှိကြပါသည်။ ထိုးထွင်းဉာဏ် ပေါ်နေ လျှင်လည်း အထူးလေးလေးနက်နက် သဘောထား၍ ဆင်ခြင် မှု ပြုလေ့ရှိကြပါသည်။

အချို့က တရားရှင်တို့သည် မော်ကြွားတတ်ပါသလော ဟု စောကြောကြသည်။ တရားရှင်သည် တပါးသူတို့၏အထင် ကြီးခြင်း၊ အထင်သေးခြင်းအပေါ်မှာမမှီခို၊ ကိုယ့်တရားနှင့် ကိုယ် ကျေနပ်အားရနေကြသူများဖြစ်သည်။ ထို့ပြင် တရား ရှင်တို့သည် လူသာမန်တို့နှင့်မတူ စွန့်တန်သ၍ စွန့်ပီးကြပြီ ဖြစ်၍ တပါးသူများအပေါ် မော်ကြွားလိုစိတ်များ ကုန် ခန်းသွားကြပြီးဖြစ်ပေသည်၊ ထို့ကြောင့် တရားရှင်တို့သည်

မောင်ကြွားကြရိုးထုံးစံ မရှိနိုင်ချေ၊ သို့သော်....တခုတော့ရှိပါသည်။ တရားရှင်တို့သည် မိမိချမ်းသာသလို တပါးသူတို့အား ချမ်းသာစေချင်ကြသည်။

မိမိသိသလို သိစေချင်ကြသည်။ သို့အတွက် လိုအပ်ချက်၊ သတိပေးချက်များနှင့်အတူ ရံခါရံခါ ဟုတ်တိုင်းမှန်စွာ ပြောပြထိုက်သူတို့ကို အခွင့်သင့်ကြုံလျှင် ဝါကြွားလိုသောသဘောမဟုတ်ပဲ ပြောပြလိုက ပြောပြနိုင်ကြစရာရှိပါသည်။ တရားရှင်ပြောလျှင် အမှန်ဖြစ်မည်။ ဝါကြွားမှုမပါ၊ လိမ်ညာလှည့်စားမှုမပါ၊ ဝါကြွားသူပြောလျှင် အမှန်မဟုတ်၊ လုပ်ကြံပြောခြင်း သို့မဟုတ်၊ မိမိအတ္တနေ့ာမတိဖြင့် တကိုယ်တော်ဘဝမြင့် ပြောခြင်းမျိုးဖြစ်နိုင်ပါသည်။

နာကြားရသူများကသာ ချိန်ဆ၍ ယုံကြည် လက်ခံကြစေလိုပါသည်။ တရားရှင်များက လိုအပ်သဖြင့် ကြွေးကြော်ခြင်းကိုလည်း ဝါးကြွားသည်မယူပါနှင့်၊ ဝါကြွားသူတို့က ဘဝင်မြင့် အောက်ခြေလွတ်၍ ဝင့်ဝါခြင်းတို့ကိုလည်း အမှန်မယူပါနှင့်၊ ခွဲခြားစိစစ်ကြစေလိုပါသည်။

# ကလေးသူငယ်နှင့် ရဟန္တာ

မျက်မှောက် ခေတ်ကာလ အပိုင်းအခြားတွင် ကလေးသူငယ်နှင့် ရဟန္တာကို ရောထွေးသတ်မှတ်ကာ ကလေးသူငယ်အဖြစ်ကို တန်းဘိုးထား နေကြကြောင်း သိနေရလေသည်။ ကလေးသူငယ်မှာ အပြစ်ကင်းသည် မှန်သော်လည်း ရဟန္တာသူတော်စင်များနှင့် မတူကြောင်း ယေဘုယျသဘော အမျိုးနားလည်စေရန် ရှင်းပြပါအုံးမည်။

ရဟန္တာအရှင် သူမြတ်များ အပြစ် အကုသိုလ် မကျူးလွန်တော့သည်မှာ အကုသိုလ်လုပ်လိုသော စိတ်များ မပေါ်ပေါက်တော့သောကြောင့် ဖြစ်သည်။နောက်နောင်အခါများ၌လည်း ဘယ်သောအခါမှပေါ်ပေါက်တော့မည်မဟုတ်သောကြောင့်ဖြစ်သည်၊ ရဟန္တာများ၌ အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်များရှိသည်၊ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်များမှာ အကုသိုလ်ပြုလို စိတ်များကို ရှသတ်ပိုင်းဖြတ်ခြင်းဖြင့် ရရှိတည်ဆောက်ထားခြင်းဖြစ်သည်၊ အကြောင်းမဲ့သက်သက် ရရှိပိုင်ဆိုင်နေခြင်း မဟုတ်ပေ၊ ကလေးသူငယ်များသည် ရဟန္တာများမဟုတ်ကြပေ။ ကလေးတို့သည် အတိတ်ဘဝက ရဟန္တာများဖြစ်ခဲ့ကြလျှင် ဒီဘဝ ရုပ်,နာမ် ခန္ဓာ ပြန်မရနိုင်၊ လူပြန်မဖြစ်နိုင်၊ ကလေးသူငယ်များ အပြစ် မကျူးလွန်ကြသေးသည်မှာ ကျူးလွန်နိုင်စရာ အလားလာ ကုန်ဆုံးချုပ်ငြိမ်း

သွားတော့၍ မဟုတ်ချေ။ အကြောင်းအကျိုး အခြေအနေ မကြုံကြိုက်မတိုက်ဆိုင်သေးသောကြောင့်ဖြစ်သည်။ ကြုံကြိုက် တိုက်ဆိုင်လာလျှင် ရဟန္တာများကဲ့သို့ စိတ် မချရနိုင်ပေ။ ကြီးပြင်းလာလျှင်၊ အခြေအနေပေးလာလျှင် မုချအကုသိုလ် ကံများ ကျူးလွန် ကြပါလိမ့်အုံးမည်။ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်များရမှသာ အကုသိုလ်ကို ပိုင်းခြားပြတ်သားခြင်း ရုပ်နာမ်ကို အကြောင်း မပြုခြင်း (ဝါ) ကိလေသာကို အကြောင်းမပြုခြင်းများ ဖြစ်နိုင်သည်။

ထို့ကြောင့် ကလေးသူငယ်များ၏ အဖြစ်နှင့် ရဟန္တာ၏ အဖြစ်မှာ လုံးဝ မနှိုင်းယှဉ်နိုင်အပ်ကြောင်း။ ထို့ပြင် လိုတာ မရ၍ ကလေးငိုသည်မှာ ဒေါသအလုပ်၊ လိုအင်ရ၍ရယ်မောသည့် လောဘအလုပ်များလည်း ရဟန္တာ ပုဂ္ဂိုလ်မြတ်များ၌ ပိုင်းခြားပယ်သတ်ပြီးပေပြီ။

# သံသရာမှပါလာသော
# ကိလေသာ
# အငွေ့အသက်အထုံအလေ့များ

ရုပ်,နာမ်ရရှိထားပြီဆိုလျှင်အနုမတာဂသံသရာမှပါလာသော ကိလေသာ အငွေ့အသက် အထုံစရိုက်များသည် အကြောင်း အကျိုး ညီညွတ်တိုက်ဆိုင်သောအခါတိုင်း ဖြစ်ပေါ်လာလေ့ ရှိပေသည်။ အခြေအနေပေး၍ ထောက်ကူချက်များ ပြည့်စုံ ခိုင်လုံသည့်အခါတိုင်း ကိလေသာတရားများ တဖွားဖွား ပေါ်ပေါက်လာတတ်သည်။ ဤနေရာတွင် အခြေအနေမပေး သေး၍ အကုသိုလ်ကိလေသာများ မဖြစ်ပေါ်မကျူးလွန်ခြင်း ကို ချီးကျူးဂုဏ်ယူဘွယ်ရာဟု မယူဆအပ်၊ နှစ်ခြိုက်မနေအပ်၊ အခြေအနေမည်မျှပေး၍ ထောက်ကူချက်မည်မျှ ပြည့်စုံပါစေ အကုသိုလ်မကျူးလွန်သောအခါမှ (ဝါ) အကုသိုလ် ပြုမှား ကျူးလွန်စရာ ကုန်ခမ်းသွားသောအခါမှသာ ဝမ်းမြောက် ဂုဏ်ယူစရာ ကျေနပ်စရာဖြစ်နိုင်ပေသည်။

ကိလေသာတရားများဟူသည်မှာ ကုန်ခမ်းနိုင်သော ကုန် ခမ်းအပ်သော တရားများသာ ဖြစ်ကြသည်၊ ကိလေသာသည် ရုပ်,နာမ်ကိုအရှုးလုပ်သော အတ္တလောဘ၏ လိမ်ညာလှည့် စားကွက်တရပ်ပင် ဖြစ်သည်။ ကိလေသာ မကုန်ခမ်းသည့် တိုင် လျော့ပါးအောင်တော့မူ ဆောင်ရွက်ထားသင့်ကြသည်။ ကိလေသာထုတယ် ကြီးမားလွန်းလျှင် ကြောက်မက်ဖွယ် ကောင်းသည်။ ကိလေသာ တရားများကို ရန်သူကြီးသဖွယ်

သဘောထားနိုင်မှ သာသနာ့နယ်ပယ်တွင် ထည့်ဝင်နိုင်မည်။ ကိလေသာများသည် ဘာမှ မဟုတ်ကြောင်း၊ အချည်းနှီးဖြစ်ကြောင်း ကိလေသာကုန်ခမ်းပြီးသောပုဂ္ဂိုလ်များ နားလည်တော်မူကြပေမည်။

သူတော်ကောင်းစရိုက်ဆိုသည်မှာ ကိုယ့်ဘာသာကြိုးစား မွေးမြူရသော သဘောလည်း ဖြစ်သည်။ သူတော်ကောင်းစရိုက်ကို အားပေးရမည်။ သူတော်ကောင်းစရိုက်ရှိလျှင် ဂုဏ်ယူရမည်။ သူတော်ကောင်းစရိုက်ရှိသူကို ပူဇော်ကြည်ညိုသင့်သည်။ မထေမဲ့မြင်မပြုအပ်ပေ။ သူတော်ကောင်း၌ အကျင့်ကောင်းအကျင့်မြတ်ရှိသည်။ လူသာမာန်တို့ မသိသေးသော လူတို့ သိသင့်သောတရားများကို သူတော်ကောင်းများ သိထားကြသည်။ နားလည် သဘောပေါက် ထားကြသည်။ ထို့ကြောင့် သူတော်ကောင်း များသည် လူသာမန်များ မစွန့်လွှတ်နိုင်သည်တို့ကို စွန့်လွှတ်နိုင်ကြသည်။လူသာမန်များ သွားရည်တမျှားမျှားကျလောက်စရာ အာရုံများကို မလိုလားမတတ်မက်, မခုံမင်, ပယ်စွန့် နိုင်ကြသည်။ လူသာမန်များ မလုပ်ဆောင်နိုင်သည်တို့ကို အဆိုပါ သူတော်ကောင်းများ လုပ်ဆောင်နိုင်စွမ်း ရှိတော်မူကြသည်။ ထို့ကြောင့် သူတော်ကောင်းများကို လေးလေးစားစား ချစ်ခင်ကြည်ညို ကြပါ ဟူသတည်း။

လူသည်တစုံတခုသော မှန်မြတ်သောရည်ရွယ်ချက်အတွက် အသက်ရှင်သင့်သည်။ ဥပမာစာရေးသူသည်သာသနာအတွက်

လုပ်ဆောင်ချက်များကို ဦးတည်ရည်ရွယ်၍ အသက်ရှင်သန်နေသည်ဟု ခိုင်ခိုင်လုံလုံ သတ်မှတ်ယုံကြည်ထားသည်။ ကျန်သောကိစ္စများမှာ သွားယင်းဟန်လွဲ သဘောမျှသောက်သာထားသည်။ ဘာမှ လေးလေး နက်နက် မထား သာသနာအတွက်ကိုသာ အဓိကရည်မှန်းချက် ထားရှိသည်။လုပ်ဆောင်အကောင်အထည်ဖော်ရန် ကြိုးစားသည်။

မှန်မြတ်သောရည်မှန်းချက် ထားရှိစေနိုင်ရေးကို မြတ်ရာမြင့်ရာ၊ ဟုတ်ရာမှန်ရာ အကျိုးရှိရာ လုပ်ဆောင်နိုင်ရေးနှင့် ဒွန်တွဲဆင်ခြင်နိုင်သည်။ မိမိအကျိုးရှိ၊တပါးသူအကျိုးရှိ၊ မိမိချမ်းသာ၊ သူတပါးချမ်းသာ ဟုတ်မှန်ရာကို လုပ်ဆောင်သင့်သည်။ လူတော်တော်များများသည် မှန်မြတ်သော ဦးတည်ချက်များ ပျောက်ဆုံးနေကြသည်။ နေ့စဉ် ဗာဟီရနှင့်သာအချိန်ကုန်နစ်မွန်းမျောပါနေကြသည်။

လောကီရေးရာ တာဝန်ဝတ္တရားများကိုထမ်းဆောင်ယင်း ဘာသာရေး၊ သာသနာရေးများကို စွက်ဖက် ထမ်းရွက်သင့်ကြသည်။ မြင့်မြတ်သော သာသနာအကျိုးပြုလုပ်ငန်းများဆောင်ထမ်းသင့်ကြသည်။အတ္တနော မထိ-ဒိဋ္ဌိကမ္ဘာကျဉ်းကျဉ်းမြောင်းမြောင်းထဲ ခိုအောင်းယင်း အချိန်မကုန်သင့်ကြပေ၊ လိုယင်းမှာ သာသနာအကျိုးပြုမြတ်ရာ ရည်မှန်းချက်လုပ်ငန်းတာဝန်တခုခုကို ယူထားပါဟု တိုက်တွန်းလိုသည်။

သာသနာအကြောင်း အနည်းငယ်ဖော်ပြပါမည်။ သာသနာဆိုရာမှာ မြတ်ဗုဒ္ဓ၏အဆိုအဆုံးအမများပင် ဖြစ်ပါသည်။

သာသနာ၌ စင်ကြယ်ကြည်လင် ရိုးသားသန့်စင် ကူညီချင်ဘွယ်ရာ စေတနာအပြည့်၊ မေတ္တာအပြည့်ရှိသည်။ သာသနာသည် အတ္တမနော၊ ဓမ္မသဘောဖြင့် မနောထားမြင့်မြတ်သည်။ အတ္တကိုသတ်-ဒိဋ္ဌိဖြုတ်၍ မြတ်ရာနန်း စံမြန်စေရန် ကျင့်ကြံရသည်။ သာသနာသည် **စစ်မှန်စင်ကြယ်သူတိုင်း** ချမ်းသာမှုအပြည့်အဝပေးသည့် တကယ့် မဂ်ရေအေးဖြစ်သည်။ မဂ်ရေစင်ဖျန်းလျှင် အားလုံး လန်းဆန်းကြရမည်သာတည်း။

# ဝိပဿနာဆိုသည်မှာ

ဝိပဿနာဟူသည်မှာ အထူးရှုတတ်ရသော အတတ်ပညာတခုဖြစ်သည်။ အချို့က ရုပ်နာမ်ဟာပျက်နေတာပဲ ရှုစရာလိုသေးပါလားဟု မေးကြသည်၊ လိုသေးသည်ဟု ပြန်ဖြေလိုက်ပါသည်။ အဘယ့်ကြောင့်ပါနည်း။

ရုပ်နာမ်ပျက်သည်ကို ရှုမှ မြင်တွေ့ရသည်။ မရှုလျှင် ရုပ်နာမ်ပျက်သည်ကို မမြင်မတွေ့ရပဲ အဝိဇ္ဇာဖုံးအုပ်မှု အကာအခွံကိုထိုးဖောက်နိုင်မည်မဟုတ်၊ ရှုမှသာ အဝိဇ္ဇာအခွံကို ရှုဉာဏ်က ထိုးဖောက်သွားနိုင်သည်။ ထို့ကြောင့် ရှုရန်လိုအပ်သည်ဟု ဖြေဆိုလိုက်ရခြင်းဖြစ်သည်။ ရှုသည် ဆိုကတည်းက ရှုဉာဏ်ရှိနေရသည်။ ရှုဉာဏ်မရှိ၊ ဒုက္ခချည့်သက်သက်ဆိုလျှင် ခက်ကုန်ကြမည်သာ ဒုက္ခမှသုခရအောင် ဒုက္ခကုန်စင်စေရန် ရှုဉာဏ်ကိုအားကိုးပြု၍ ဒုက္ခချုပ်ငြိမ်းစေရသည်။ ဒုက္ခ ချုပ်ငြိမ်းအောင်ရှုပြီးမှသာ ထိုရှုဉာဏ်က တိုးတက်ရင့်ကျက်လျက် ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောသို့ မျက်မှောက်ပြုနိုင်မည်ဖြစ်သည်။ဒုက္ခမချုပ်သမျှ သုခစစ်သုခမှန်ကို မတွေ့မမြင်စေနိုင်ပေ၊ ဤအချက်အထူးအရေးကြီးလှပေ၏။

ကိလေသာ မစင်ကြယ်လျှင် ချမ်းသာစစ် ချမ်းသာမှန်ကို မတွေ့မြင်နိုင်၊ ထို့ကြောင့် ကိလေသာ စင်ကြယ်စေရမည်။ ကိလေသာ စင်ကြယ်ခြင်းသည် ချမ်းသာစစ်ရရှိရေး၏ သော့

ချက်ပင် ဖြစ်သည်။ ဤစာအုပ်သည် ချမ်းသာစစ် ချမ်းသာမှန် ရရှိစံမြန်းရေးသို့ ဦးတည်ထားသဖြင့် ကိလေသာလျော့ပါးရေး၊ ချုပ်ငြိမ်းရေးကို ရည်မှန်းတိုက်တွန်း နှိုးဆော်ထားကြောင်း တွေ့ရမည်။

ဤစာရေးသူသည် သူကိုယ်တိုင်ကျင့်ကြံနေသည်မှာ (၁၆) နှစ်ကြာရှိပြီ၊ ဆရာကောင်းဆရာမြတ်နှင့် (၁၁) နှစ်တိတိ တပြည့်ခံခဲ့သည်။ ထိုအခွင့်အရေးကြောင့်လည်း ယခုကဲ့သို့ သာသနာ့ကိစ္စ ဝိစ္စများကို ရဲဝံ့ပွင့်လင်း ဟုတ်မှန်ရာ ရေးသားဟောပြောနိုင်ခြင်း ဖြစ်သည်။ ဆရာမြတ်၏ ဂုဏ်ကျေးဇူးတော်ကြောင့်သာပါတည်း။

တရား အားထုတ်ရာတွင် စိတ်ဥာဏ်ကို ကြည်ကြည်လင်လင်ထားရှိရလေသည်။ စိတ်နောက်ကျုုံးတိုင်းမှိုင်းလေးလံ လွန်းနေလျှင်လည်း မကောင်းနိုင်ပေ။ စိတ်သည်ရုပ်နှင့်လည်း တွဲယှဉ်လျက်ရှိရာရုပ်ဖြပ်ခ ၁ လွန်စွာမှပင်ပန်းနွမ်းနယ်နေလျှင်လည်း ကျင့်သား မရသေးသော ယောဂီများအတွက် ခန္ဓာဉာဏ်မစိုက်နိုင်ပဲ ဖြစ်တတ်ပေသည်။ သင့်တင့်မျှတသော ရုပ်ခန္ဓာ၊ စိတ်ခန္ဓာဖြင့် ကျင့်စ ယောဂီများ တရားနှလုံးသွင်းနိုင်ကြစေရန် စီစဉ်ဆောင်ရွက်သင့်ကြလေသည်။ ရင့်ကျက်သွားလျှင်တော့ မည်သည့်အရာကိုမှ အကြောင်းပြုတော့မည်မဟုတ်ချေ။ မရင့်ကျက်မီ အင်အားမွေးစဉ် မဇ္ဈိမပဋိပဒါနည်းအတိုင်း နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့ ပညာြေသိမ်မွေ့စေသင့်ကြပေသည်။ ထိုနည်းတူစွာ တရားထိုင်သောအခါ အကြာ

ကြီးထိုင်မှ တရားရမည်ဟု မသတ်မှတ်ပဲ မျှမျှတတ ပုံမှန်ထိုင်ဖြစ်စေရန် မသေမချင်း ကြိုးစားသင့်ကြောင်း၊ တရားမတွေ့ပဲ ကြာကြာထိုင်နိုင်ခြင်း သက်သက်အတွက် ပေမှိတ်ထိုင်နေစရာ မလိုပေ။ ဉာဏ်ပညာ ရှင်သန်နေဘို့သာ အရေးကြီးကြောင်း သတိပေးခဲ့ဘူးလေသည်။

မလျှော့မတင်း စောင်းကြိုး ညှင်းဆိုသော စကားသည် ပညာဉာဏ်ဖြင့် အသက်မွေးခြင်းကို ဆိုလိုပေသည်။ ပညာဟူသည်မှာလည်း ပ = ရှေးရှုသော၊ ညာ = ဓါတ်ဟု တွေ့ရဘူးသည်ဖြစ်ရာ၊ အကြောင်းနှင့်အကျိုး ချိန်ဆခြင်းကို သတိနှင့်ကပ်ကဲစေရခြင်းဖြစ်သည်။

# ကိုယ်ကျိုးစွန့်လွှတ်မှု

သစ္စာတရားကို ရှာဖွေမြတ်နိုးကြသူတိုင်း ထိုက်တန်သမျှ တော့ ကိုယ်ကျိုးစွန့်လွှတ်ကြရလေ့ရှိပေသည်၊ သစ္စာတရား ရရာရကြောင်း နည်းလမ်းကောင်းများကို ရှာကြံဆည်းပူး ယင်း၊အတ္တကိုယ်ကျိုး မငဲ့ကွက်ပဲအနစ်နာခံခြင်း၊သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စေတနာဖြူဖြူစင်စင်ထားခြင်း၊ မေတ္တာ သန့်စင်ခြင်း၊ သဘောထားပြည့်ဝခြင်း၊ တပါးသူအကျိုးကို လိုလားခြင်း စသည်တို့ကို မွေးမြူရသည်သာ ဖြစ်သည်။ တရား လိုချင်ပါလျက် အတ္တကိုယ်ကျိုးငဲ့ကွက်လွန်းနေ၍ မဖြစ်နိုင်ပေ၊ တဏှာလောဘ တတ်နိုင်သမျှ ချိုးနှိမ်ရပါလိမ့်မည်။

သာယာမှုကို တပ်မက်နေ၍ မဖြစ်နိုင်ပါ၊ အတ္တနုဝါဒီ အဖြစ်မှ မိမိကိုယ်ကို ပယ်စွန့်ရမည်သာဖြစ်သည်။ တရားရလို သည်မှာ အမှန်ပင်ဖြစ်စေ၊ အထက်ဖော်ပြပါ အရည်အချင်း များကို မမွေးမြူနိုင်လျှင် တရားရရန် ခက်ခဲသွားနိုင်ပေသည်။ ယောဂီများ သတိချပ်သင့်ကြပေသည်။ လိုရင်းခြုံငုံပြောရပါ လျှင် တရားလိုချင်က ကိုယ့်ကိုယ်ကိုယ် ခင်မင်ငဲ့ညှာ မနေပါနှင့်၊ ကိုယ့်ကိုယ်ကိုယ်ရှုသတ်ပါဟူသတည်း။

အခြားတဘက်မှာမူ ဘုရားရဟန္တာ သူတော်စင်များကို ကန့်လန့်တိုက်သူများနှင့် အပေါင်းအသင်း မလုပ်ရန်ပင်ဖြစ် သည်။ ဘုရားက အနိစ္စဟောပါလျက်၊ နိစ္စမြဲရန်ရင်း၊ ဒုက္ခ

ဟောပါလျက်၊ သုခယူဆ၍ရှင်း၊ အနတ္တဟောပါလျက် အတ္တ ဝါဒယူဆနေသူကို ဝေးဝေးရှောင်ရန်ဖြစ်သည်။ မိမိရည်ရွယ် ချက်မှာ နိဗ္ဗာန်ရောက်ရန် စံမြန်းရန်ဖြစ်ရာ၊ နိဗ္ဗာန်ရောက် ကြောင်းမဟုတ်သော လောကီကိစ္စများ၌ အထူးဝင်စားနေ စရာမလိုပေ။

တကြောင်းတည်း၊ တဖြောင့်တည်း၊ နိဗ္ဗာန်နန်းသို့ ချီတက် ရမည်ဖြစ်၍ လမ်းစဉ်တလျှောက် ဆူးငြောင့်ခလုတ်များ တွေ့ ကြုံရပါက ရှင်းလင်းပစ်ရမည်သာဖြစ်သည်။ ဖင့်နွဲ့လေးကန် မှုများကို တွန်းလှန်ရပါမည်။ တွေဝေမိုက်မဲမှုများကို ကျော ခိုင်းရပါမည်။ သို့မှသာ လိုရင်းစခန်း ပြီးမြောက်အောင်မြင် နိုင်မည်။

မိမိဖာသာ တဦးတည်း နိဗ္ဗာန်ရောက်ရန် ကြိတ်ကြံကာ လိုအပ်သော ကျင့်စဉ်များကို ကျင့်ကြံနေဖြစ်ရန် အရေးကြီး လှပါသည်။ (Hope for the best)အမြင့်ဆုံးဆုကို ရည် မှန်းကျင့်ကြံခြင်းသည် အပြစ်မရှိပါ။

လောကုတ္တရာ ချမ်းသာ၊

နှင့်

လောကီ ချမ်းသာ

လောကုတ္တရာချမ်းသာမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နှင့် ပတ်သက်သည်။ လောကီချမ်းသာမှာ ရုပ်နာမ်နှင့် ပတ်သက်သည်။ ရုပ်နာမ်နှင့် ပတ်သက်သည်ဖြစ်သဖြင့် လောကုတ္တရာကဲ့သို့ မမြင့်မြတ်နိုင်ချေ။ ဝန်လေး ပေါ့ပါး ကြည်လင်မှုခြင်းလည်း လွန်စွာမှ ကွာခြားပေလိမ့်မည်။ လောကုတ္တရာချမ်းသာသည် သစ္စာထာဝရ ချမ်းသာမှုဖြစ်၍ လောကီချမ်းသာသည် ယာယီခေတ္တခဏမျှ ချမ်းသာခြင်းဖြစ်သည်။

လောကီချမ်းသာမှာ မခိုင်မြဲချေ။ မငြိမ်းချမ်း မတည်ငြိမ်ချေ။ ရန်သူမျိုးငါးပါးကိုလည်း အစိုးမရချေ။ တခဏတွင်းချင်းမှာပင် အနှောင့်အယှက် ဝင်ရောက်ဖျက်ဆီးခြင်းကို ခံရတတ်လေသည်။ လောကုတ္တရာ ချမ်းသာမှာ ရန်သူမျိုးငါးပါးကို အစိုးရလေသည်။ အဆိုပါ ရန်သူ များသည် လောကုတ္တရာ ချမ်းသာကို မနှောင့်ယှက်နိုင်၊ မဖျက်ဆီးနိုင်ချေ၊ ရန်သူသည်ဖျက်ဆီးဘို့နေ၊ နေသာမြင်တောင်မမြင်နိုင်ပေ။

ဘယ်ရန်သူမှ လောကုတ္တရာ ချမ်းသာကို မမြင်နိုင်ပေ၊ မြင်နိုင်သူ ဉာဏ်ပညာရှင် သူတော်စင် အချင်းချင်းမှာမူ ညီရင်းအစ်ကို မောင်ရင်းနှမထက် ချစ်ခင်ကြင်နာ စေတနာ သန့်ရှင်းဖြူဖွေး၍ အလေးတမူ အရေးယူခြင်းကိုလိုအပ်သောအခါတိုင်း ပြုမှုဆက်ဆံစရာရှိလျှင် ပြုမူကြမည်။ လုံးဝချုပ်

ငြိမ်းစရာ ရှိလျှင်တော့မူ အဆို ပါ သူတော်စင်ကြီးတို့သည် ထာဝရ အပြီးအပိုင် ချုပ်ငြိမ်းတော် မူနေကြလိမ့်မည်သာ တည်း။

အချို့က လောကုတ္တရာ ချမ်းသာကို မသိရှိနိုင်ဟု အဆို ရှိကြသည်။ ထိုအယူအဆ မှားယွင်းကြောင်း အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ) က ဤစာအုပ်တွင် အဆို ပြုလိုက်ပါသည်။ လောကုတ္တရာ ချမ်းသာစစ်ကို သိနိုင်သည်ဟု မူလအဆို၏ ဆန့်ကျင်ဘက်အဆိုကိုလည်း တပါတည်း တင်သွင်းလိုက်ပါ သည်။ လောကုတ္တရာချမ်းသာကို ဘာနဲ့သိနိုင်မလဲ ဟုအမေး ရှိပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သိနိုင်မည်ဟု အဖြေထုတ်ရ ပါမည်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘယ်လိုလုပ်ရမလဲလို့ ထပ်မေးလာလျှင် တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရချင်လျှင် ရနိုင်အောင် ကြိုးစား ကျင့်ကြံပါ၊ ကြိုးစားနည်းတွေ ဤစာအုပ်ထဲမှာပင် ပါရှိပါ သည်ဟု ပြောကြားရပါလိမ့်မည်။ အခုတော့ မကြိုးစားနိုင် သေးပါဟု ဆိုလျှင် အခုတော့မရရှိနိုင်သေးပါဟု ဖြေကြား ရပါမည်။ ကြိုးစားပါမည်ဟု ဆိုလျှင်တော့ ရရှိနိုင်ပါသည် ဟု အားပေးချီးမြှင့်ရပါလိမ့်မည်။ မကြိုးစား လိုတော့ပါဟု ဆိုလျှင်မူ တသက်လုံးဘယ်တော့မှ မရနိုင်တော့ပါဟု ဖြေဆို ရပါမည်။

အကြောင်းမှာ လောကုတ္တရာ ချမ်းသာကိုတော့ မကြိုး စားပဲ မရရှိနိုင်သောကြောင့် ဖြစ်ပါသည်။ တသက်လုံး

မကြိုးစားလျှင် တသက်လုံး မရရှိနိုင်သောကြောင့် ဖြစ်သည်။ ကြိုးစားမှသာလျှင် ရရှိနိုင်သော အရာကို မကြိုးစားလျှင် အဘယ်သို့ ရရှိနိုင်ပါတော့မည်နည်း။ ရရှိထားကြသူများသည်လည်း ကြိုးစားခဲ့ကြခြင်းကြောင့်ဟု အပြန်အလှန်ယူလျှင်ရရှိနိုင်ပါသည်။

# အောင်မြင်ခြင်း၏ ဟိုထဘက်မှာ

အောင်မြင်သူသည်မအောင်မြင်နိုင်စေခြင်းများကိုစွန့်လွှတ်နိုင်လျက်၊ မအောင်မြင်နိုင်စေခြင်းများကို စွန့်လွှတ်သူသည် အောင်မြင်နိုင်သူ ဖြစ်သည်ဟူသော အဆိုကိုထောက်ခံချက်ပေးရပေလိမ့်မည်။အကြောင်းမှာ စာရေးသူသည် လူသာမန်များ သွားရည်တမျှားမျှား ကျလောက်သော လောကီအာရုံတို့ကို စွန့်လွှတ်ခဲ့ဘူးလေသည်။ ဤသို့ စွန့်လွှတ်ရာ၌ စွန့်လွှတ်ထိုက်သောကြောင့်လည်း စွန့်လွှတ်နိုင်ခြင်း ရှိခဲ့သလို စွန့်လွှတ်နိုင်စွမ်းရှိသွား၍လည်း စွန့်လွှတ်ခဲ့ဘူးခြင်း ဖြစ်သည်။

စွန့်လွှတ်နိုင်ပြီးမှတော့ အောင်မြင်ခြင်းသည် လက်ဝယ်သို့ ရောက်ရှိနေပြီး ဖြစ်တော့သည်မှာ သာဓက မလိုတော့ချေ၊ ကိုယ်တွေ့ဖြစ်နေပေပြီ၊ ထို့ကြောင့် စွန့်လျှင်စားရပါသည်။ စွန့်လိုက်ပါ၊ မအောင်မမြင် ဖြစ်စေခြင်းများကို စွန့်လိုက်ပါ၊ အားရပါးရ စားရပါလိမ့်မည်။ အောင်မြင်မှုသရဖူကို ရယူရပါလိမ့်မည်။ လောကီကိုစွန့်လိုက်ပါ၊ လောကုတ္တရာ ချမ်းသာသည် ပိုကောင်းပါသည်ဟူ၍....။

သာသနာကို အမှန်တကယ် စောင့်ရှောက်ထိန်းသိမ်းနေတော်မူကြသောပုဂ္ဂိုလ်များမှာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်အာဇာနည်များပင် ဖြစ်တော်မူကြသည်။ အာဇာနည် ပုဂ္ဂိုလ်ကျော်များသည် လူသာမန်များ၏ စရိုက်လက္ခဏာများကို ပြုပြင်

ထိန်းသိမ်း ပေးသနားတော်မူလျက် ရှိကြသော မေတ္တာရှင် သစ္စာရှင်များပင်ဖြစ်ကြသည်။ ဤသာသနာတော်မြတ်သည် အာဇာနည် ပုဂ္ဂိုလ်ကျော် ကိုယ်တော်မြတ်ကြီးများ အဆင့်ဆင့် ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြသဖြင့်လည်း ယခုထက်တိုင်မသေးသိမ် မမှေးမှိန်ပဲ၊ထွန်းတောက်မြဲ ထွန်းတောက်ကြည်လင် စိုပြေငြိမ်းအေးခြင်း ဖြစ်သည်။ မြတ်စွာဘုရား၏ မျက်နှာတော်ကို ထောက်လျက် ကိုယ်ကျိုးစွန့်လွှတ်ကာ ဇွဲသတ္တိ ဝီရိယ ပြင်းထန်စွာ ကျင့်ကြံအားထုတ်ရာမှ သာသနာစည်ပင်သာယာ အစွန့်ရှည် တည်တံ့ဖို့ လက်ဆင့် ကမ်းလှမ်းတော်မူခဲ့ကြရခြင်း ဖြစ်ပေမည်။ သာသနာတော်မြတ်သည် လည်းကောင်း၊ အာဇာနည် ကိုယ်တော်မြတ်ကြီးများသည် လည်းကောင်း၊ လွန်စွာမှ အံ့သြအားရ နှစ်ထောင်းမြတ်နိုး အားကိုးမှီခို ခိုလှုံချင်စရာ ကောင်းလွန်းလှပေသည်။

ꩩꩩꩩꩩꩩ

# ရုပ်နာမ်သည် အမျက်ပင်

ရုပ်,နာမ်သည် အပျက်ပါဟု သိလာရသောအခါထို ရုပ်, နာမ်အပေါ်ကို "မင်းဟာအပျက်ပါကွာ"ဟု ကောက်ချက် ချပစ်လိုက်ရမှာ နှမြောသလိုလို ပျက်သွားတော့လျှင် ဘာ လုပ်ရောကျန်ခဲ့မှာ စိုးရိမ်သလိုလို ခံစားရတတ်လေသည်။ အမှန်မှာ ဘာမှစိုးရိမ်နေစရာမလိုကြောင်းကို အသိခေါက် ခက် အဝင်နက်နေခြင်းဖြစ်သည်။

ထိုအချိန်တွင် အနီးအနားရှိ ဆရာသမားလုပ်သူက ရှုပစ် ရန်ရှုခြင်းဖြင့် အကျိုးမယုတ်နိုင်ရာ၊ အကျိုးထူးမြတ် များ လိမ့်မည်သာဖြစ်ကြောင်း အဆိုးအကောင်းအကျိုးအကြောင်း ရှင်းပြဖြေသိမ့်ရန် လိုအပ်လှလေသည်၊ သို့ပါမှ ရှုရမည့်ယောဂီ များမှာ အားရှိလာကာ မှန်ရာ၊ ဟုတ်ရာ၊ မြတ်ရာ၊ အကျိုးရှိ ရာကို လုပ်ဆောင်ဖြစ်သွားနိုင်မည်ဖြစ်သည်။

ဤနေရာ၌ စွန့်စားမှုပါရသည်။ မစွန့်လျှင် မစားရ၊ ပျက် မည်ဟု သိနားလည်မှု ပျက်သွားသည်ကို မနှမြောပဲ စွန့်ပြီး ရှုလိုက်သဖြင့် ပျက်တတ်သည့် အရာကလေး ပျက်စီးသွား သောကြောင့် တတောရှင်းသွားသည်ကို ဉာဏ်ဖြင့်သိလိုက်ရ ၍ ဝမ်းမြောက်ကြည်နူး ဂုဏ်ယူနိုင်စရာ စံစားရရှိနိုင်ပေ သည်။ ဤခံစားရချက်ကို စွန့်ပြီးသူမှ စားနိုင်မည်ဖြစ်တော့ သည်။

အာရုံခံစားမှုများနှင့် ပတ်သက်၍မူ ယောဂီ တော်တော်များများ ဖြစ်ပျက်ကိုသိမြင်သော်လည်း မမုန်းနိုင်သေးပါဟု လျှောက်ထားကြသည်ကို ကြားနာရဘူးလေသည်။ ဤနေရာ၌ အဆိုပါယောဂီများမှာ ထွက်ပေါက်ပိတ်နေကြသကဲ့သို့ဖြစ်နေကြရှာသည်ကို သိနားလည် လိုက်မိပေသည်။ ဆရာကောင်းလိုကြောင်း စာရေးသူ ကောင်းစွာ သတိပြုမိပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤအခက်အခဲမျိုးကို ဆရာကောင်းများ ကောင်းစွာ ဖြေရှင်းပေးနိုင်သောကြောင့် ဖြစ်သည်။

အချို့က ကိလေသာကို မုန်းချင်ကြသည်။ မမုန်းနိုင်အောင် ရှိနေသဖြင့် ထိုကိလေသာကို လက်ခံနေကြရခြင်းဖြစ်သည်။ အကယ်၍ ကိလေသာကို မုန်းသွားလျှင်တော့ လက်မခံတော့ပဲ တရားရှင်လုပ်တော့မည်ဟု သဘောထားကြဟန် တူသည်။ ဤတွင် အနည်းငယ် ဆွေးနွေးပေးပါမည်။

တရားအားထုတ်နေသော ယောဂီသည် ကိလေသာလျော့လာပါသလား၊ တိုးသွားပါသလား၊ လျော့လာပါမည်ဟု ဖြေဆိုရမည်ဖြစ်သည်။ လျော့လာခြင်းသည်ပင် ကိလေသာများကို မုန်းတန်သရွေ့ မုန်းလို့မဟုတ်ပါလားဟု မေးလိုပေသည်။ ထို့ထက် တိတိကျကျဆိုရသော်အကြမ်းစား ကိလေသာများကို မုန်းသွားခြင်းဖြစ်သည်ဟု ကောက်ချက်ချရမည်။ ကိလေသာအကြမ်းစားကို မုန်းပြီးနောက် အနုစားမုန်းရန်မှာ ပို၍ ခက်ခဲနူးညံ့သိမ်မွေ့ပါသည်။ ကိလေသာ အနုစားများကို အောင်နိုင်နည်းကိုလည်း ဖေါ်ပြထားပါသည်။

# ဋ္ဌဲလုံ့လ

မည်သည့်အမှုကိစ္စကို ဆောင်ရွက်ရသည်ဖြစ်စေ၊ ဇွဲလုံ့လ သည် အရေးကြီးလှသည်သာဖြစ်သည်။ အလုပ်တခုမှာအကျိုး ရှိမည်သေချာပါက ဟုတ်မှန်ရာလည်းဖြစ်နေလျှင် ဇွဲရှိရှိနှင့် ကြိုးစားထိုက်သည်သာဖြစ်သည်။ ဇွဲသည် လုပ်ငန်းပြီးစီးသည် အထိ တွန်းပို့ပေးနေရမည်၊ တချိန်ထက်တချိန် လုပ်ငန်းပြီးစီး ဘို့အတွက် ပိုမိုနီးကပ်စေရမည်၊ ကြီးကျယ်သောလုပ်ငန်းတခု ဖြစ်က ရုတ်တရက်ချက်ခြင်းတော့ ကိစ္စ ပြီးမသွားနိုင်ချေ။ ထိုအခါ ဇွဲလုံ့လ ဥဿဟသည် လုပ်ငန်းဆောင်တာ ကြီး ကျယ်မွန်မြတ်သည်နှင့်အမျှ အထူး လိုအပ်နေတော့သည်သာ ဖြစ်သည်။ ဇွဲသည် လုပ်ငန်းပြီးစီးစေခြင်းအတွက် မောင်းနှင် အင်အားဖြစ်သည်။ တာဝန်ကြီးမားသည်နှင့်အမျှ လုပ်ငန်း ဆောင်တာ အချိန်ကြာသဖြင့် ကြားကာလဝယ် အနှောင့် အယှက်များ ဝင်ရောက်လာတတ်သည်၊အနှောင့်အယှက်များ သည် ရန်ဖန်ရန်ခါ အနှောင့်အယှက် မဟုတ်လေသကဲ့သို့ ဝင်ရောက်လာတတ်သည်။ အတွင်းဝင်၍ ပူးသတ်တတ်သည်။ နန္ဒီရာဂ နှစ်သက် စွဲမက်နေတတ်သည်။ အထူးသတိပြုပါ။

အကြောင်းပြချက် ကောင်းကောင်းနှင့် ဝင်ရောက်လာ တတ်သည်။ အနှောင့်အယှက် မျိုးစုံရှိရာ တခါတခါအတွင်း ဆင်ခြေပေး အနှောင့်အယှက်ဖြစ်၍ တခါတခါ ပြင်ပမှလာ သည်။ အတွင်းဖြစ်စေ၊ အပြင်ဖြစ်စေ မိမိလုပ်ငန်း ပြီးစီးလို

သူသည် လုပ်ငန်းပြီးစီးဘို့ကိုသာ ဦးတည်ရည်မှန်းနေရမည်။ အနှောင့်အယှက်ကိုအကြောင်းမပြုအပ်ပေ။ အနှောင့်အယှက်ကို ဇွဲ လုံ့လနှင့်ဖြိုဖျက်ပါ။ ဖင့်နွှေးမှုကိုလည်း ဇွဲ လုံ့လနှင့် ဖြိုဖျက်ပါ၊ စိတ်အားငယ်မှုကိုလည်း ဇွဲ လုံ့လနှင့်ဖြိုဖျက်ပါ။ လုပ်ငန်းပြီးစီးဘို့ကိုသာ အားပြုနေရမည်။ တချိန်ထက်တချိန် လုပ်ငန်းပြီးစီးဘို့ အာရုံပြုလျက် လုပ်ချက်တွင်အောင် စွမ်းဆောင်နေရမည်၊ လောကီအကျိုးကျေးဇူးများ ရယူလိုလျှင် ဇွဲ လုံ့လအရင်းတည်ရသေးသည်။သံသရာတဖက်ကမ်း၊ နိဗ္ဗာန်နန်းသို့ စံမြန်ရေးကိစ္စတွင် ဇွဲလုံ့လအဆမတန် ထားနိုင်မှ တန်ကာ ကျပါလိမ့်မည်။ ရရှိမည့်အကျိုးကျေးဇူး ကြီးမားသည်နှင့်အမျှ ကြိုးစားအားထုတ်မှု လုံ့လစိုက်မှုများ ပိုမိုကြီးမားရသည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

# ခဏ္ဍ ၁၀ ၎

ခန္ဓာကိုယ်ကြီးသည် ဝန်ထုပ် ဝန်ပိုး ကြီးပါဟု ဆိုလျှင် ယုံကြည်နိုင်ရန်လွယ်ကူလိမ့်မည် မဟုတ်ချေ။ သို့သော် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေသည်မှာတော့ သေချာလှပေသည်၊ ခန္ဓာဝန်ကြီးမှာ အမှန်တကယ်ဝန်လေးဘွယ်ရာကြီး ဖြစ်ပေသည်။ ခန္ဓာသည် ရုပ်၊ နာမ်ကြောင့် ဝန်လေးရခြင်း ဖြစ်သည်။ ရုပ်သည် ဓာတ်ကြီးလေးပါး မညီမျှမှုကြောင့် ဖောက်ပြန်တတ်သည်၊ နှိပ်စက်တတ်သည်၊ ပြုပြင်စီရင်ခံရသည်။ မိမိ၏ ပြကတိအရှိသဘောမှ ရွေ့လျောသွေဖီတတ်သည်။ ရုပ်ဓာတ်သည် နှိပ်စက်တတ်သည်ဖြစ်၍ ဝန်လေးသော အချင်းအရာမျှသာ ပါတကား။ မြွေကြီး လေးကောင်ပမာ အန္တရာယ်ပေးစွမ်းသော ဓာတ်ကြီးလေးပါးအစုသာ ပါတကား။

နာမ်ဓာတ်ဟူသည်မှာ ကြိုက်တာတွေ့တော့ ကျေနပ်လျက် လောဘသက္ကာရ တိုးတက်ကာဒုက္ခများရသည်။ မကြိုက်တာတွေ့လျှင် မကျေမနပ်နှင့် ဒေါသဖြစ်ကာ စိတ်ဆင်းရဲရသည်။ စိတ်သည်လောဘဘက်သို့ရင်း၊ ဒေါသဘက်သို့ရင်း လိုက်ပါနေရ၍ စိတ်ဖြစ်နေရသမျှကာလပတ်လုံးဒုက္ခဝန်ထုပ်ကြီး ထမ်းဆောင်နေရသကဲ့သို့ရှိသည်။ လောဘလဲမဖြစ်၊ ဒေါသလဲမဖြစ်ပဲ တွေဝေမိန်းမောာ အဝိဇ္ဇာဇောကပ်နေသည်လည်း ရှိသေးသေး၏။

ထို့ကြောင့် ရုပ်နာမ်သည်ဝန်ထုပ်ဝန်ပိုးလေးလံလှပါသည်ဟု ဖွင့်ဆိုရခြင်းဖြစ်သည်။ ရုပ်,နာမ်သည် ဝန်လေးသည်ဟုဆိုလျှင် ရဟန္တာများ ဝန်လေးတော်မူကြပါသလားဟု မေးဘွယ်ရှိသည်။ အဖြေမှာ ရဟန္တာများသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနေကြသဖြင့် ဝန်လေးမှုဒဏ်မှ သက်သာတော်မူကြသည်။ မလွဲမကင်းသာမှသာလျှင် ရုပ်,နာမ်ဝန်လေးမှုကြီးကို သည်းခံလျက် အခွင့်ရတိုင်း နိဗ္ဗာန်သို့သာ ဉာဏ်အရာဖြင့် မျက်မှောက်ပြုနေကြသည်။ ရုပ်,နာမ်သည် ဒုက္ခသာဖြစ်ရာ ဒုက္ခမှန်းသိလျက် လက်ခံထမ်းဆောင်ရသူ ပုဂ္ဂိုလ်များအတွက် ဝန်မလေးပဲ ရှိကြပါမည်လော။ ထို့ကြောင့် ကိုယ်တော်တပါး ရဟန္တာ ဟုတ်,မဟုတ် သိလိုက ထိုကိုယ်တော်သည် ရုပ်,နာမ် ဒုက္ခတွေကို ဒုက္ခမှန်းမသိပီတိလောဘဖြင့်၊ လောကီသာယာမှုများကို ဝင်စားနေသည်မနေသည်၊ သို့မဟုတ် ဒေါသဖြင့် လောကကြီးကို မကျေမနပ် ဖြစ်နေသည်, မနေသည်၊ သို့မဟုတ် သတ္တဝါများကိုတကယ်မေတ္တာထား၍ မိမိချမ်းသာသလို ချမ်းသာပါစေဟူသော မေတ္တာ,စေတနာနှင့် တရားဖြန့်ဖြူးနေသည် မနေသည်ကို အကဲဖြတ်နိုင်လောက်ကြပေသည်။

သို့ဖြစ်ရာ ရုပ်,နာမ်သည် အလွတ်ပေးထား၍မရနိုင်အောင် ဝန်လေးဘွယ်ရာ ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ဖြစ်နေလေသည်။ ထို့ကြောင့် ရုပ်,နာမ်ကို ဝဋ္ဋဒုက္ခကြီးဟု သူတော်စင်များ သတ်မှတ်နားလည် ခံယူထားကြခြင်း ဖြစ်သည်။ နိဗ္ဗာန်၏

ကောင်းမြတ်ခြင်းတို့တွင် ရုပ်, နာမ်ခန္ဓာ မရှိတော့ခြင်းသည် အဓိကအပိုင်းမှာ ပါဝင်နေလေသည်။ ထူးခြားသည်မှာနိဗ္ဗာန် ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်သာ သိရှိဝင်စား နားလည်ဆင်ခြင် ကာ မျက်မှောက်ပြုနိုင်သော အချက်ပင်ဖြစ်သည်။

# တရားစစ်တရားမှန်
# လိုချင်မှု

အများအားဖြင့် ယောဂီများသည် တရားစစ်တရားမှန်ကို ရလိုချင်ကြသူများချည်းသာဟု မိမိကိုယ်ကိုမိမိမှတ်ယူသားကြလေသည်။ သို့သော်....လုံးဝ ဥဿုံရလိုမှု ပြည့်ဝစွာတည်ရှိနေစေရန် လွန်စွာအရေးကြီးလေသည်။ ထမင်း မဆာ့တဆာ ပုဂ္ဂိုလ်ကို ကျွေးမွေးရသည်ထက် လွန်စွာမှ ဆာလောင်မွတ်သိပ်နေသူကို ကျွေးမွေးရသည်က တန်ဘိုးရှိလှလေသည်၊ မဆာတဆာ ပုဂ္ဂိုလ်ကို ချက်ပြုတ်ခူးခတ်ကျွေးရာအချို့အန်ပစ်တတ်ကြလေသည်။ သာမန်နည်းအားဖြင့် အန်ပစ်၍မရရှိလျှင် လက်ညှိုးထိုး အန်ပစ်ရန်ပင် ကြိုးစားကြလေသည်။ ထိုအခါ အန်ဖတ်များသည် မြေကြီးပေါ်သို့ မကျပဲ မိမိအပေါ်သို့ ကျရောက်တတ်လေသည်။

လောကဓံကို ကျော်လွှားနိုင်သော ဉာဏ်စွမ်းပကားရရှိစေရန်နှင့် နိဗ္ဗာန်လမ်းပွင့်လင်းစေရန် အားထုတ်ရမည်ဖြစ်သည်၊ နိဗ္ဗာန်သို့ ရောက်ရှိနိုင်ရန် မိမိကိုယ်တိုင်လည်းမလျှော်ခတ်၊ တပါးသူ၏ လျှော်ကြုံကိုစီးရုံမျှနှင့် အားမရသေးပဲနောက်ပြန်လှည့် လျှော်နေလျှင် မသင့်တော်တော့ချေ။

အေးမြချမ်းသာသော သာသနာ့ အရိပ်အာဝါသကိုအမှန်တကယ် ခိုလှုံချင်သူများသည် ရတနာ့မြတ် သုံးပါးအပေါ် ယုံကြည်ချက် ပြင်းပြထက်သန်ဘို့ လိုအပ်လေသည်။

# သစ္စာအကြောင်း သိရန်လိုသည်

သစ္စာဆိုသည်မှာ အမှန်တရားဖြစ်သည်။ အမှန်တရားလေးပါရှိရာ ဒုက္ခသစ္စာသည် ဆင်းရဲခြင်းအမှန်သဘောပင်ဖြစ်သည်။ ရုပ်,နာမ်လောကသည် ဆင်းရဲခြင်းအမှန်သဘောပင်ဖြစ်သည်။ ရုပ်,နာမ်ရှိနေသမျှ ဆင်းရဲနေမည်။ ချမ်းသာသည်ဟုယူဆလျှင် တဒင်္ဂအတွိုမျှ ဖြစ်ချင်ဖြစ်မည်။ ဆင်းရဲမှန်းမသိသေး၍ ဉာဏ်ပညာ နုနယ်၍ဖြစ်ချင်ဖြစ်မည်။ နောက်ကွယ်၌ ဆင်းရဲခြင်းပေါင်း မြောက်မြားစွာရှိလာမည်ကို ကြိုတင်မသိသေး၍ ခေတ္တယာယီ ချမ်းသာဘွယ်ရာ ဆောင်နေခြင်းမျှဖြစ်မည်။ ရုပ်,နာမ်သည် ဆင်းရဲခြင်းမှတပါး အခြား သတ်မှတ်ဘွယ်ရာ အင်္ဂါရပ် အားနည်းပါးလှပေသည်။ ဆင်းရဲခြင်းကို ဆင်းရဲခြင်းဟုသိခြင်းသည် ဉာဏ်ပင်ဖြစ်သည်။ ထိုဉာဏ်သည် အမှန်ကိုသိလိုက်ခြင်းဖြစ်သည်။

ဉာဏ်ရှိချင်ပါသည်ဟု တောင်းဆိုလာသူ ယောဂီအားကိုယ့်ရုပ်,ကိုယ့်နာမ်ကို ဆင်းရဲခြင်းမျှသာပါဟု ဆင်ခြင်နေပါ၊ ဉာဏ်ရှိနေလိမ့်မည်သာ၊ (ဝါ) ဉာဏ်ပညာရင့်ဆန်လာလိမ့်မည်သာဟု ညွှန်ကြားရပါလိမ့်မည်။ ဉာဏ်မရှိမှာကို မစိုးရိမ်ပါနှင့်၊ မဆင်ခြင်နိုင်မှာကိုသာ စိုးရိမ်ပါဟု အားပေးသိုသည်။ ဆင်ခြင်နိုင်လျှင် ဉာဏ်ရှိနေလိမ့်မည်သာဖြစ်သည်။

ဆင်ခြင်နိုင်လျှင် ဥာဏ်ရှိနေလိမ့်မည်ဆိုပါသဖြင့် မဆင်ခြင်နိုင်ပါလျှင်ကောဟု စောကြောလိုက စောကြောနိုင်ပေသည်။ မဆင်ခြင်နိုင်လျှင် အဝိဇ္ဇာဦးစီးသွားလိမ့်မည်။ အဝိဇ္ဇာဦးစီးလျှင် အဝိဇ္ဇာနောက်မှ သင်္ခါရတွေ ပြုလုပ်တော့မည်။ ကုသိုလ်သင်္ခါရတွေကော အကုသိုလ်သင်္ခါရတွေပါ လုပ်တော့မည်။

အဝိဇ္ဇာသည် တဏှာနှင့် တွဲယှဉ်နေလိမ့်မည်သာ ဖြစ်သည်။ တဏှာသည် သမုဒယဖြစ်သည်။ ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်းခံဖြစ်သည်။ သမုဒယကြောင့် ဒုက္ခဖြစ်လာရသည်။ သမုဒယကင်းဆိတ်လျှင် ဒုက္ခ ချုပ်ငြိမ်းနေမည်သာ၊ ထို့ကြောင့် သမုဒယကိုပယ်ရမည်။ ပယ်သည်ဆိုရာ၌ မပေါ်ဘူးဟုဆိုခြင်းမဟုတ်၊ အကြောင်းမပြုခြင်းကို ဆိုလိုသည်။ သမုဒယအဖြစ်မခံခြင်းကိုဆိုလိုသည်။ စိတ္တသင်္ခါရ၊ ဝစီသင်္ခါရ၊ ကာယသင်္ခါရ၊ မည်သည့်သင်္ခါရနှင့်မှ သမုဒယကို လက်မခံခြင်း ဖြစ်သည်။ ဖြစ်နိုင်လျှင် ဒုက္ခဖြစ်ဘို့ကို အကြောင်းမပြုသကဲ့သို့ ထို့နည်းအတူ တပြိုင်နက် ဒုက္ခချုပ်ငြိမ်းရာသို့သာ အကြောင်းပြုနေနိုင်လျှင် ပိုမိုခိုင်လုံစိတ်ချစွာ ချမ်းသာရာရမည်ဖြစ်သည်။

ဒုက္ခချုပ်ငြိမ်းခြင်းသဘောသည် အမှန်တကယ်ရှိ၍နေသည်သာ၊ ဒုက္ခချုပ်ငြိမ်းရာ၌ ဒုက္ခလုံးဝမရှိ ပြကတိ ငြိမ်းအေးနေသည်။ ပူလောင်မှုမရှိ၊ နှိပ်စက်ခြင်းမှ ကင်းလွတ်ဆိတ်သုဉ်းနေသည်။ ကြည်လင်ချမ်းသာနေသည်၊ ချမ်းသာကြောင်း၊ ဒုက္ခမှလွတ်ကြောင်းကိုလည်း ဃဂဏန သိနေရသည်။

အော် ချမ်းသာငြိမ်းအေးခြင်းသဘောပါလား၊ အနှောင့်အယှက်မှကင်းလွတ်ခြင်းသဘောပါလား၊အပူအပင်ကင်းဆိတ်ခြင်းသဘောပါလား။

သမုဒယ ပယ်သတ်ခဲ့လို့ ဒုက္ခမှ လွတ်မြောက် နေတာပါလား၊ တကယ်လို့များ သမုဒယ မပယ်ခဲ့လျှင် ဒီလိုချမ်းသာနေမှာမဟုတ်ဘူး၊ အနှိပ်အစက်ခံ ဆင်းရဲနေရမှာ၊ သမုဒယကို အကြောင်းပြုခဲ့လျှင် ဒုက္ခအကျိုး ဖြစ်ပေါ်နေအုံးမှာ၊ အခု သမုဒယပယ်သတ်ခဲ့လို့သန့်စင်သောသီလရှိခဲ့သလို သမာဓိနှင့် ပညာကိန်းဝပ်လာပေတာ၊ ချမ်းသာစွာ.... ချမ်းသာစွာ အဟောဝတဟု ကိုယ်ပိုင်ဉာဏ်နှင့် သိရှိ နားလည်နိုင်သည်။ ဒုက္ခကုန်လျှင် သုခရှိသည်သာ၊ ဒုက္ခကုန်ပြီးနောက်၊ နောက်ထပ်ဒုက္ခ မလိုချင်တော့၍ ဒုက္ခဖြစ်စေသည့် သမုဒယကိုပယ်သည်ဖြစ်၍ ဒုက္ခမလာတော့၊ ထိုအခါ ဒုက္ခဇာတ်သိမ်း ကင်းပြတ်ငြိမ်းလျက် အေးငြိမ်းချမ်းသာ သုခမဟာကို ဉာဏ်အရာဖြင့် ထိုးထွင်းသက်ဝင် ဆင်ခြင်နိုင်တော့ပြီသာ။

သမုဒယကို

ဘာ့ကြောင့် ပယ်ကြရပါသနည်း

သမုဒယကို ဘာကြောင့် ပယ်ကြရပါသနည်း။ ဆိုသော် မပယ်လျှင် လက်ခံရမည်သာ၊ သမုဒယကိုလက်ခံလျှင် မိမိ၏ ရုပ်,နာမ်၌ ဖြစ်ပေါ်သော စိတ္တသင်္ခါရ၊ ဝစီသင်္ခါရ၊ ကာယ သင်္ခါရတို့သည် ဘာနှင့် ယှဉ်ကြမည်နည်း၊ ဝိဇ္ဇာနှင့်လော၊ အဝိဇ္ဇာနှင့်လော၊ အဝိဇ္ဇာနှင့်သာဖြစ်မည်။ သမုဒယကိုလက်ခံ သောသင်္ခါရတိုင်း၌ အဝိဇ္ဇာ ဦးစီးနေမည်သာ၊အဝိဇ္ဇာဦးစီး၍ သမုဒယကို လက်ခံသော သင်္ခါရများ ဖြစ်ပေါ်နေရသည်။ အဝိဇ္ဇာ ဦးစီးနေလျှင် အယောနိသောမနသိကာရ ဖြစ်မည် မုချ။ နှလုံးသွင်းများစွာ မှားယွင်းနေမည်မုချ။ နှလုံးသွင်း မှားလျက်သမုဒယကိုလက်ခံမိချေက နောက်ကွယ်မှ ဒုက္ခသည် ထပ်ချပ်မကွာလိုက်ပါပေလိမ့်မည်။

အဝိဇ္ဇာ လွှမ်းမိုးမှုအောက်မှ ရုပ်,နာမ်သည် အတ္တသော် လည်းကောင်း၊ အာသဝသော် လည်းကောင်း၊ တွဲယှဉ်စီးဝင် နေ တော့မည်သာ။အာသဝလေးပါး၌ တပါး,ပါးမှ ကောင်း သည့်လက္ခာမရှိ၊ ဆင်းရဲခြင်းအတွက် ယိုစီးနေကြခြင်းဖြစ် သည်။ကာမာသဝ ကာမဂုဏ်အာရုံများနှင့် ယိုစီးသည်၊ ကာမ နှင့်စပ်ယှဉ်သော အာရုံခြောက်ပါး၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ရသာရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗါရုံ၊ ဓမ္မာရုံတို့ယိုစီးသည်။

ဘဝါသဝ ဘဝဖြစ်ရပ်များကို တပ်မက်သဖြင့်ယိုစီးသည်။ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဆိုတဲ့ ဘဝသုံးပါး တပ်မက်သဖြင့် ယိုစီးသည်။ ဒိဋ္ဌာသဝ အယူအဆလွဲမှားမှုတို့နှင့် ယိုစီးသည်၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥပစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊အဟေတုကဒိဋ္ဌိဆိုတဲ့လွဲမှားယူဆတွေ ယိုစီးသည်။ အမှန်တရားမှ သွေဖီဆန့်ကျင်ရာသို့ ယိုစီးသည်။ အဝိဇ္ဇာသဝ အမှန်သစ္စာကို မသိမှုဖြင့် ယိုစီးသည်၊ မိုက်မဲတွေဝေ အမှန် အမှားထင်၊အမှားအမှန်ထင်တဲ့ ယိုစီးမှုလေးပါး တပါးပါးမှ မကောင်းပါ။

သို့ဖြစ်လျှင် သမုဒယပယ်ပါမှ အဆိုပါ မကောင်းကျိုး အားပေးသောယိုစီးမှုများမှ လွတ်မည်ဖြစ်၍ သမုဒယအား ပယ်ထားသင့်သည် မဟုတ်ပါလား၊ သမုဒယကိုပယ်ပြီးနောက် ဒုက္ခကိုအပျက်ရှုသတ်ရပေသေးသည်။ ဒုက္ခကို ရင်ဝယ်ပိုက် နေ၍ သုခမရရှိနိုင်၊ ဒုက္ခ၏အပျက်ကို ဉာဏ်လက်နက်ဖြင့် ခက်ဆစ်ဖြိုလိုက်သောအခါမှသာ ဒုက္ခကအဆုံး၊ သုခကအစ ဉာဏ်ပညာ၏ သဘာဝမျက်မှောက်ပြုလို့ရနိုင်မည်။ထို့ကြောင့် ဒုတိယခြေလှမ်းမှာ ဒုက္ခကိုအပျက်ရှုပါဟူတတည်း။

# ဒုက္ခအပျက်ရှုနည်း

ဒုက္ခကို အပျက်ရှုပါဟု ညွှန်ကြားရာ၌ ဒုက္ခကိုမည်သို့လျှင် အပျက်ရှုရပါမည်နည်း။ ဤမေးခွန်းမှာ မေးထိုက်သောမေးခွန်းဖြစ်၍ အောက်ပါအတိုင်း ဖြေဆိုရပေမည်။ သမုဒယကို မပယ်ခဲ့သဖြင့်၊ လက်ခံခဲ့သဖြင့် ဒုက္ခလှလှကြီး အကျိုးပေါ်နေပြီဆိုပါစို့၊ မိမိ၏ဟာဒယရင်ဝမှာ ဒုက္ခအပူမီး နှိပ်စက်နေပြီဆိုပါစို့။ ဘာလုပ်ကြမည်နည်း။ ငါ့မှာ ငါသာ ခံစားနေရတာဟု ယူမလား၊ ဒီလိုယူမှတ်စွဲလန်းနေတော့ကော အပူမီးက ငြိမ်းသွားမှာတဲ့လား၊ အပူမီးငြိမ်းအေးစေတဲ့နည်းက အခြားမဟုတ်၊အဲဒီရင်ဝမှာ လောင်ကျွမ်းနေတဲ့အပူမီးကို "ဒါမမြဲဘူးး" "ဒါမမြဲဘူး"ဟုရှုသတ်ပါ၊ရှုသတ်ဖန်များသောအခါ အပူမီးသည် တဖြည်းဖြည်း အေးငြိမ်းသွားမည်သာ။ ထို့ကြောင့် ဒုက္ခအပူမီးနှိပ်စက်မှုခံစားနေရသောအခါတိုင်း လက်မခံနဲ့ အပျက်ရှု၊ စိတ်ရှည်ရှည်၊ ဇွဲနှင့်အသဲရှု အောင်ပွဲခံရမည်သာတည်း။

# တဏှာကို အဘယ်ကြောင့်
# ပယ်ရသနည်း

တဏှာကို လက်ခံခြင်းသည် ယုတ်ညံ့ခြင်းပင် ဖြစ်သည်။ တဏှာကို မအောင်နိုင်သေးသည်ထားအုံး၊ အောင်နိုင်ရမည့် တရားဟု နားလည်ထားသင့်သည်။ တဏှာသည် အားလုံး သောဒုက္ခတို့၏ အရင်းအမြစ် ဖြစ်သည်။ တဏှာကိလေသာ ကင်းစင်တော်မူပါသော မြတ်စွာဘုရားအား ကြည်ညိုသူတို့ သည် တဏှာကိုအားပေး၍မဖြစ်နိုင်ပေ။ တဏှာစင်မှဘာဝနာ မင်မည်။ တဏှာကင်းမှ အလင်းရမည်။ တဏှာမကုန်လျှင် ဘာဝနာမစုံလင်ပဲ ခုံမင်တပ်မက်မှုဒဏ်၊ ရုပ်, နာမ်ခံရမည်။ တပ်မက်စရာ မဟုတ်သည်ကို တပ်မက်သဖြင့် မဖြတ်ရက်ပဲ အပြတ်ငဲ့ခနေလျှင် တလစပ်နွှဲနေသော နာကျင်သည့်ဝေဒနာ အသေအချာခံရမည်။

တဏှာစင်လျှင် သဒ္ဒါဝင်၍ကြည်လင်သည်။ တဏှာစင် လျှင် သီလစင်သည်ဖြစ်၍ သီလစင်ကြယ်သော် သမာဓိတည် ငြိမ်လာသည်သာ၊ သမာဓိတည်ငြိမ်လာသော် ပညာဉာဏ်ထိုး ထွင်း၍ အလင်းဆောင်လိမ့်မည်။ ဝိဇ္ဇာဉာဏ်ဦးစီးလိမ့်မည်၊ တဏှာမရှိလျှင် ဥပါဒါန်လည်း မရှိနိုင်တော့ချေ။ တဏှာ သည် လိုရင်းပင် ဖြစ်နေချေတော့ပြီတည်း။

တဏှာသည် ကြောက်စရာ ကောင်းသည်ဆို၍ လွန်စွာမှ တုန်လှုပ်ချောက်ချားနေစရာလည်း မလိုပေ၊ အကြောင်းမပြု

ရန်နှင့် အလိုမလိုက်ရန်ပင် ဖြစ်သည်။ လက်မခံရန်နှင့်ပယ်စွန့်ရန်ပင်ဖြစ်သည်။ မငဲ့ရန်နှင့် မိုက်တွင်း မနက်ရန်ပင်ဖြစ်သည်။ တဏှာသည် ကုန်ဘို့မလို၊ ပယ်ဘို့လိုသည်။ အကြောင်းမှာ တဏှာသည် မပယ်သေးသမျှ မကုန်နိုင် မခန်းနိုင်သော ကြောင့်ပင်တည်း။ ပယ်စွန့်ပြီးမှ ကုန်ခန်းနိုင်မည် ဖြစ်သော ကြောင့်ပင်တည်း။

ထို့ကြောင့် တဏှာကုန်ခြင်းထက် တဏှာကုန်အောင် ပယ်စွန့်ခြင်းက ပို၍လက်တွေ့ကျသည်။ တဏှာစီးဝင်စေမည့် အစား ရတနာသုံးပါး ဦးထိပ်ထား၍ တရားမှာ ဉာဏ်သက်ဝင်နေခြင်းက ပိုမိုမြင့်မြတ်သည်။ တဏှာသည် ပယ်စွန့်ရမည့် အရာမျှသာတည်း။ တဏှာကို မမုန်းနိုင်လျှင် ဒုက္ခကိုမုန်းလိုက်ပါ၊ ထို့နောက်မှ အော်....ဒုက္ခဲဖြစ်ရတာ တဏှာကြောင့်ကိုး ဟု မြော်မြင် ဆင်ခြင်ဆုံးဖြတ် သတ်မှတ်လိုက်ပါ၊ တဏှာ လက်ခံရမှာ နောက်တွန့် သွားပါလိမ့်မည်။ တဏှာသည် တပါးသူ၌မတည်၊ မိမိရင်ထဲ၌တည်သည်။

တဏှာဖြစ်ပေါ် လာသမျှသည် တပါးသူအပေါ်၌မဟုတ်၊ မိမိရုပ်နာမ် ဟဒယအပေါ်၌ ဖြစ်သည်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ မည်သည့် တဏှာမဆို ကာယကံရှင်၏ ရင်ထဲမှာပဲ ဖြစ်ပေါ်သည်။ ထို့ကြောင့် ကိုယ့်ရင်ထဲက တဏှာကို ကိုယ်ပိုင်ဉာဏ်နှင့် ပယ်ပါ၊ ချမ်းသာလာပါလိမ့်မည်။ တဏှာကိုအလိုလိုက်လျှင်တော့ အမိုက်စော်ကား ဖြစ်လာပါလိမ့်မည်။တဏှာနိရောဓောနိဗ္ဗာန်ဆိုတော့ တဏှာချုပ်

လျှင် နိဗ္ဗာန်ပါပဲ၊ တဏှာ ပွားလျှင် နိဗ္ဗာန်နှင့်ဝေးမည်။ တဏှာသည် ပွားနေသမျှ မကုန်၊ ပယ်စွန့်လိုက်တော့ကုန်သည်။ တဏှာသည် လက်ခံနေသမျှ အားဘက်နေမည့် မကောင်းဆိုးဝါးများသာတည်း။ တကွေ့ကွေ့ ဒုက္ခပေးမည့် မာရ်နတ်တည်း။

# အတွင်းအောင်မြင်ခြင်း

လူသည် အတွင်းအောင်မြင်ရန် အထူး အရေးကြီးလေသည်။ အတွင်း အောင်မြင်ပြီးစီးသွားလျှင် အပြင် အတွက် ပူပန်စရာ မလိုတော့ချေ။ အတွင်းသည် အနှစ်သာရပိုင်းဖြစ်၍ အပြင်သည် အသွင် သဏ္ဍာန်ပိုင်းဖြစ်သည်။ အနှစ်သာရပိုင်း အောင်မြင်ပြီးလျှင် အသွင်သဏ္ဍာန်ပိုင်းအတွက် အကြောင်း ပြုစရာ မလိုတော့ချေ။ အကြောင်းလဲ ပြုတော့မည် မဟုတ်တော့ချေ။

လူသည် အပြင်ကို မမှီခိုအပ်၊ အတွင်းအောင်မြင်နိုင်ရေး အတွက်သာ မှီခိုအပ်လေသည်။ အတွင်းသည် အောင်မြင်နိုင်ခဲ၏။ အတွင်းတကာ့ အတွင်းပိုင်းတို့တွင် စိတ်၏ဟိုအတွင်း ပိုင်းကို အောင်မြင်နိုင်မှသာလျှင် အမှန်တကယ် အတွင်း အောင်နိုင်သူ ဖြစ်နိုင်ပေမည်။ သာမာန်မျှ အောင်မြင်မှုမျိုးသည် အမှန်တကယ် လောကဓံနှင့် ရင်ဆိုင် တွေ့ကြုံရသော အခါ လှုပ်ရှားနိမ့်ကျတတ်ပေသေးသည်။

အမှန်တကယ်အတွင်းအောင်မြင်သူမှသာလည်း လောကဓံကို ဖြတ်သန်းကျော်လွှားနိုင်မည် ဖြစ်သည်။ အတွင်းမှမီးပွားသည် အမှိုက်ကစ ပြဿဒ်မီးလောင်နိုင်ပေသေးသည်။ မီးစကို အကြွင်းအကျန် မထားသင့်သကဲ့သို့ ကိလေသာမီးကို

လည်း အကြွင်းအကျန်ပင် မထားပဲ အားလုံးကုန်ဆုံး ချုပ်ငြိမ်းသည်အထိ ရှုသတ်သင့်သည်သာ ဖြစ်သည်။ ကိလေသာသည် နည်းရာမှ များလာတတ်သေးသည်ဖြစ်ရာ လုံးဝချုပ်ငြိမ်းသွားမှ ကောင်းမည်ဖြစ်သည်။

လောကုတ္တရာလောကမှလွန်မြောက်ခြင်းတရားမှာ တော်ရုံတန်ရုံဇွဲနှင့်တော့ မဖြစ်နိုင်ချေ။ လွယ်လွယ်ကူကူနှင့် ဖြစ်နိုင်ကောင်းသော အရာလည်း မဟုတ်ချေ။ အထူးသဖြင့် သံသရာမှ မျိုးစေ့ခိုင်ခိုင်လုံလုံ ပါမလာလျှင် အတော့်ကို ဇွဲနှင့်အသဲနှင့် ကျင့်ကြံအားထုတ်ရန် လိုအပ်သည့်လောကုတ္တရာချမ်းသာဖြစ်သည်။

ချမ်းသာမှုမှာလည်း အထွဋ်အမြတ်ဆုံးဖြစ်၍ ကျင့်ဆောင်ရာမှာလည်း အထွဋ်အမြတ်ဆုံးသာ ဖြစ်ပေလိမ့်မည်။ ပြောကောင်းရုံ၊ စားကောင်းရုံ ကျင့်ကြံ၍တော့ လားလားမျှ အပ်စပ်နိုင်မည် မဟုတ်ချေ။ ရေစုံမျော၊ နို့စက်ခံနေ၍လည်း အရာ မရောက်နိုင်ချေ။ မြတ်သော မနောထားကို အပြီးအပိုင် မွေးမြူသိမ်းပိုက်ကာ တက်သန်သောဇွဲနှင့် ကြိုးစားပါမှ တော်ကာကျမည့် လောကုတ္တရာ ချမ်းသာအမျိုးအစားဖြစ်သည်။

ညာသံပေး လေလှိုင်းထုတ်နေ၍တော့ ကိစ္စ မပြီးစီးနိုင်ချေ။ တို့ကာထိကာကျင့်လျက် ဇိမ်နှင့် မှေးနေ့ရုံမျှဖြင့်လည်း တရားမပြည့်စုံနိုင်ပေ။ ပြတ်ပြတ်သားသား ပိုင်းခြားနိုင်သော

ဥာဏ်တော်မျိုးကို အမွေရရှိပိုင်နိုင်မှသာလျှင် ဖြစ်ကောင်းဖြစ်နိုင်ပေမည်။

ဝဋ္ဋဒုက္ခမှ ကျွတ်လွတ်နိုင်လောက်သော ပါရမီဆိုသည်မှာလည်း သာမည ပါရမီမျိုး မဟုတ်ချေ။ အမှန်တကယ် ဟုတ်တိပတ်တိ ကျင့်ဆောင် ဖြည့်စုံရသည့် ပါရမီမျိုးသာ ဖြစ်ပေသည်။ သာမည လေသံပစ်နေရုံမျှနှင့် ပါရမီသည် ဖြည့်စုံသာလိမ့်မည် မဟုတ်ချေ။ အင်အားကောင်းလာ နိုင်လိမ့်မဟုတ်ချေ။ ထိထိ မိမိ တိတိ ကျကျ ကျင့်ဆောင်လျက် အမှောင်ထဲမှ လက်တွဲခေါ်သော ဆရာသမားမျိုးနှင့် တွေ့ပါမှ ဖြစ်နိုင်ရာချေ ရှိမည်ဖြစ်သည်။ သို့မဟုတ်ပါမူ စမ်းတဝါးဝါး ချောက်ကမ်းပါး၏ နှုတ်ခမ်းသားဝယ် အတွယ်အတာမဲ့ ယဲ့ယဲ့မျှသာ တည်တံ့နိုင်ပေမည်။

ဥာဏ်ပညာစခန်း တက်လှမ်းရာ၌လည်း သာမာန်မျှ လောက်ကို တော်လောက်ပြီ၊ တန်လောက်ပြီ၊ ဒါလောက်ဆို မဆိုးတော့ပါဟု မယူဆအပ်ပေ။ အပြတ်အသတ် အောင်ပွဲခံယူသူတို့၌ ရရှိအပ်သော အပြတ်အသတ်စွဲမြဲစွာ ကြိုးစားခြင်းမျိုး ရှိဘို့လိုအပ်လှပေသည်။ ဥာဏ်ပညာဟူသည်မှာ ပိုင်းခြားပြတ်သားတတ်လေ ရှိရလေရာ ပြတ်ပြတ်သားသား ပိုင်းခြားတတ်လျှင်ပင် လိုအပ်သော အရည်အချင်းများ အတွက် လုံလောက်သွားနိုင်ပေသည်။

လောကုတ္တရာမှာ တသံသရာလုံးက ပါလာသော စရိုက်အထုံများကို ဖြတ်သတ်ပယ်စွန့်ရသည် ဖြစ်၍ အထူးပင်ကြံ့ခိုင်

သောဇ္ဇဲထားရှိရန်လိုအပ်ပေသည်။ စိတ်တို့သည် သင်္ခါရအစား ထိုးလာတတ်သည် ဖြစ်၍ဆက်ခါဆက်ခါ သင်္ခါရအင်အား မကုန်မချင်း စိတ်ရှည်ရှည် ရှုသတ်ဆင်ခြင်ကြရသည်။ သင်္ခါရအစား ထိုးမှု မကုန်မချင်း ဒုက္ခမချုပ်ပေ၊ ဒုက္ခတကြိမ် ချုပ်ငြိမ်းဘူးလျှင် ဒုက္ခချုပ်ကြောင်းကို သိသော ဉာဏ်မှာ ချုပ်ငြိမ်းအောင် ရှုသတ်နိုင်ခြင်းဖြင့် ရရှိလိုက်သော ဉာဏ် အရာပင်ဖြစ်သည်။

ဒုက္ခချုပ်ငြိမ်းပုံကို မည်သည့်အရာဖြင့် သိနားလည်အပ် သနည်းဟု အမေးရှိသော် ဤသို့သော အဖြေမျိုးကိုသာပေး ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဒုက္ခကို ချုပ်ငြိမ်း အောင် ရှုသတ်နိုင်သောသူ၌ဒုက္ခချုပ်ငြိမ်းမှုကြီး သိအပ်သော အရာသည် မရှိ၍ မဖြစ်နိုင်သောကြောင့်ပေတည်း။

ဒုက္ခချုပ်ငြိမ်းသောအခါ အားလုံးချုပ်ငြိမ်းသွားဘည်ဟု မယူဆအပ်သေးချေ။ ဒုက္ခများ ချုပ်ငြိမ်းသွားသည် ဖြစ်၍ ချမ်းသာသွားပြီဖြစ်သော ဉာဏ်အရာ၏ အေးငြိမ်းမှုကို ဉာဏ် အရာဖြင့်ပင် ဆင်ခြင်ကြည်နူးနိုင်သေးသောကြောင့် ဖြစ်သည်။ ဒုက္ခကိုချုပ်ငြိမ်းအောင် ရှုသတ်လိုက်နိုင်သော ဉာဏ်အရာဆို သည်မှာလည်း သာမည ဉာဏ်အရာမျိုး မဟုတ်ချေ။ ဒုက္ခ အမျိုးမျိုးတို့ကို တခုစီ တခုစီ ချုပ်ငြိမ်းပျက်စီးစေရန် တစိုက် မတ်မတ် ရှုသတ်ခဲ့သည့် ပါရမီတော်ဉာဏ်အရာမျိုးဖြစ်သည်။

ထိုဉာဏ်အရာသည် ပြီးပြည့်စုံသော ဉာဏ် အရာဖြစ်၍ လိုလားအပ် တောင်းတအပ် မြတ်သောအရည်အသွေးများဖြင့်

စင်စင်ကျယ်ကျယ် ပြည့်လျှမ်းနေသော ဥာဏ်အရာ အမျိုးအစား ဖြစ်ပေသည်။ ဤဥာဏ်တော်မျိုးကို တည်ဆောက်ရာ၌ လူသာမာန်တို့ မကြံစည်နိုင်၊ မကျင့်ဆောင်နိုင်သော ကျင့်စဉ်နှင့်အတူ လျှမ်းလျှမ်းတောက် အရည်အသွေးများဖြင့်တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။

အထံုစရိုက် ဓလေ့များက မှန်မြတ်သည်နှင့်အမျှ ကိုယ်ပိုင်ဥာဏ်အမြော်အမြင်ဖြင့်လည်း ကွပ်ကဲပြုမူ လုပ်ဆောင်တတ်လေ့ ရှိခဲ့ရပေသည်။ အတွေ့အကြုံ အမျိုးမျိုးတို့ကို ဖြတ်သန်းကျော်လွှားရလျက် ဟုတ်ရာမှန်ရာ အကျိုး ရှိရာတို့ကို ဦးဆောင်လုပ်ကိုင်နိုင်ရန်ထိုးထွင်းကြံဆခဲ့ရလေသည်။ဤဥာဏ်တော်မျိုးကို အာဇာနည်များသည်သာ အောင်အောင်မြင်မြင် တည်ဆောက်နိုင်တော်မူလေ့ ရှိကြသည်။

ပါရမီဆိုသည်မှာ နည်းနည်းစီ ဖြည့်စွမ်း ရသည်လည်းရှိသည်။ အပြတ်အသတ်အားထုတ်ရသည်လည်း ရှိသည်။ ပုံမှန်အေးအေးဆေးဆေး အကွက်ကျကျ ချက်ကျကျ ရေရှည်စီမံ၍ စီစဉ်ဆောင်ရွက်ရသည်လည်းရှိသည်။ ပုံမှန်ဆောင်ရွက်ရာတွင် အကျိုးအကြောင်း ပုံသေတွက်ကိန်းချ လုပ်ကိုင်ဆောင်ရွက်ရသည်လည်းရှိသည်။ လိုအပ်လာပါက ထိုးထွင်းကြံဆတည်ထွင်ဖန်တီးလုပ်ဆောင်ရသည်လည်းရှိသည်။မည်သို့ဆိုစေ ပါရမီအား တိုးပွားစေရန် ဆင်ခြင်ဥာဏ်ကို ကွတ်ကဲ၍ လမ်းမလွဲစေရန် ထိန်းသိမ်းစောင့်ရှောက် ပဲ့ကိုင် စွမ်းဆောင်သွားရသည်သာ ဖြစ်သည်။

စိတ်ရှည်ရခြင်း၊ သည်းခံရခြင်း၊ ဇွဲ ဝီရိယ ရှိရခြင်း၊ နိုးကြားတက်ကြွရခြင်း၊ဉာဏ်အမြော်အမြင်ရှိရခြင်း၊ ကျေးဇူးတုံ့ပြန်တတ်ရခြင်း၊ လူမှုဆက်ဆံရေး သိနားလည်ရခြင်း၊ ဖြစ်လတံ့သော အခြေအနေကိုကြိုတင်သိမြင်နိုင်ရခြင်း၊ အမှန်တရားဘက်မှ သတ္တိရှိရှိ ရပ်တည်နိုင်ရခြင်း၊ ရင်ဆိုင်ရဲရခြင်းများ စသောအရည်အချင်းများကို ကြိုးစားမွေးမြူထားရသည်သာဖြစ်လေသည်။

ဤအရည်အချင်းများသည် လောကဓံအမျိုးမျိုး တွေ့ကြုံရင်ဆိုင် ဖြတ်သန်းရသောအခါ၌ ပကတိ တည်တည်ငြိမ်ငြိမ် အောင်မြင်ကျော်လွှားနိုင်စေရန် ကြိုးစားမွေးမြူထားရသည့် အရည်အချင်းများပင် ဖြစ်နေကြပေသည်။

လောကဓံတရားကို ရင်ဆိုင်ရာ၌ စိတ်ခွတ်ခိုင်ခံ့ခြင်းသည် အထူးပင် အရေးပါ အရာရောက်လှပေသည်။ မည်သူမဆို အဖြစ်အမျိုးမျိုး တပြောင်းပြန်ပြန် ကျင်လည်ရသော ဤလောကဝယ်၊ လောကဓံ လှိုင်းဂယက်များကို အနည်းနှင့်အများဆိုသကဲ့သို့ တွေ့ကြုံရင်ဆိုင်နေကြရမည်သာ ဖြစ်သည်။

ထိုအခါ စိတ်ခွတ်ခိုင်ခံ့မှု၊ သည်းခံစိတ်ရှည်မှု၊ အမြော်အမြင်ကြီးမှု၊ သတ္တိဗျတ္တိရှိမှုတို့သည် အမှန်တကယ် လိုလားအပ်သော အရည်အချင်းများပင် ဖြစ်နေကြလေသည်။ လူသာမန် စိတ်ပျော့ညံ့သူ၊ ဇွဲမရှိသူများသည် ကြီးမားနက်ရှိုင်းသော အောင်မြင်မှုများကို လက်ဝယ်ရရှိနိုင်ရန် ခက်ခဲနေကြလိမ့်မည်သာဖြစ်သည်။

အကြောင်းမှာ ကြီးကျယ်သော အောင်မြင်မှုများကို ဇွဲမပါပဲ၊ စိတ်ဓာတ်မခိုင်ခံ့ပဲ၊ မရရှိ မခံစားနိုင်ခြင်းကြောင့် ဖြစ်လေသည်။ လောကုတ္တရာ အောင်မြင်မှုသည် သာမည အောင်မြင်မှုမျိုးမဟုတ်သဖြင့် အထူးပင် မှန်မြတ်သန့်စင်သော အရည်အချင်းများလိုအပ်ကြောင်း နားလည် သဘောပေါက်သွားရမည်သာ ဖြစ်ပါသည်။

# နှင်းနှင်းချိန်ချိန် သုခမိန်

တစုံတခုကို လုပ်ကိုင်ဆောင်ရွက်တော့မည် ရှိသည့်အခါ တိုင်း၊ နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့ ပညာခြွေသိမ်မွေ့စေရန် အရေးကြီးလေသည်။ ဥာဏ်အမြော်အမြင် ချိန်ဆတွက်ချက်မှုမပြုပဲ၊ အရမ်း ဆင်ကန်းတောတိုး မလုပ်ဆောင်သင့်ပေ၊လုပ်ဆောင်ရသော ကိစ္စတိုင်း၌ ရည်မှန်းချက် ရည်ရွယ်ချက်ထားရှိရသည်သာဖြစ်လေသည်။

ရည်မှန်းချက် ရည်စူးချက်မရှိပဲ မည်သည့်ကိစ္စမှ အရမ်းလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုသင့်ပေ၊ မိမိ၏ လုပ်ဆောင်ချက်သည် မိမိရည်မှန်းချက်အတွက် ထိရောက်စွာကူညီဖြည့်စွမ်းနိုင်သော အင်အားကိုဖြစ်စေသင့်သည်သာဖြစ်လျက် လုပ်ဆောင်ချက်တိုင်းကို တန်ဘိုးထားရမည်ဖြစ်သည်။ လုပ်ဆောင်ချက်များသည် အချည်းနှီး အလဟဿ မဖြစ်သင့်ပေ၊ ရည်မှန်းချက်ပန်းတိုင်အတွက် တန်ဘိုးရှိသော စွမ်းပကားကို ပေးဆောင်နိုင်သင့်သည်သာဖြစ်သည်။

ထို့ကြောင့် မိမိလုပ်ဆောင်ချက်တိုင်းကို မိမိ တန်ဘိုးထားရမည်။ မိမိတရားထိုင်မှုကို မိမိတန်ဘိုးထားရမည်၊ အပျင်းပြေ လူမြင်ကောင်းရန် တရားထိုင်နေကြသည် မဟုတ်ပေ၊ သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်လို၍ တရားကြိုးစား အားထုတ်နေကြရခြင်းဖြစ်ပေသည်။

တချိန်နှင့်တချိန် တရားတိုးတက်နေရမည်သာ ဖြစ်သည်။ ထိုင်တော့ထိုင်ပါတယ်၊ အကျိုးသိပ်မထူးပါဘူးဟူသော ညည်းတွားမှုမျိုးကို မပြုသင့်ပေ၊ အကျိုးထူးအောင် ထိုင်ရမည်ဖြစ်သည်။ အကျိုးထူးစရာ ကျင့်စဉ်များကို ဆရာသမား လုပ်သူများကဟောပြောဆုံးမ၍ နေကြသည်ဖြစ်ရာ အလုပ်လုပ်တိုင်း အကျိုးထူးရမည်သာတည်း။

အလုပ်လုပ်ပါလျက် အကျိုးမထူးဟုဆိုလျှင် လုပ်ပုံကိုင်ပုံ အချိုးမကျ၍သော်လည်းကောင်း၊ လုပ်နည်းစနစ် မမှန်ကန်၍သော်လည်းကောင်း၊ တစုံတခု မှားယွင်းအံချော်နေ၍သာ ဖြစ်နိုင်ပေသည်။ စနစ်တကျ၊ အချိုးတကျ လုပ်ကိုင်ဆောင်ရွက်သည့်အခါတိုင်း ထူးခြားသော အကျိုးကျေးဇူးဖြစ်ထွန်းမှုများကို ရယူစားသုံးနိုင်ကြရမည်သာဖြစ်သည်။

ထိုသို့ ကျေးဇူးများပြားဘွယ်ရာ ကျင့်စဉ်မျိုးကိုလည်း ဆရာသမားများက နည်းပေးလမ်းပြ ဆောင်ရွက်လျက်ရှိနေကြရာ ငှက်ပျောသီး အခွံနွှာပြီး ပါးစပ်ထဲ ခွံ့ထည့်လောက် မတတ် စီမံဆောင်ရွက်ထားခဲ့ကြပြီးလည်း ဖြစ်သည်။ ပါးစပ်ထဲရောက်လို့မှ ဝါးမျိုမချလျှင် ဆရာသမား၏ တာဝန် မဟုတ်တော့သည်သာတည်း။

# ရုပ်တို့နာမ်တို့သည်
# ကိုယ်ပိုင်ဥစ္စာများ မဟုတ်ကြ

ရုပ်,နာမ်တို့သည် ကိုယ်ပိုင်ဥစ္စာများ မဟုတ်ကြ၊ သူ့အကျိုးနှင့်သူ့အကြောင်း၊ ကြောင်းကျိုးဆက်စပ်ဖြစ်ပေါ်လျက် သူ့ဥပဒေသနှင့်သူ စခန်းသွားနေကြခြင်းဖြစ်သည်။ရုပ်တို့၌လည်းကောင်း၊ နာမ်တို့၌လည်းကောင်း၊ သူ့အကန့်အသတ်နှင့်သူ သီးခြားကင်းလွတ်စွာ ဖြစ်ပေါ်နေကြသည်။

မည်သူတဦးတယောက်၏ တဦးပုဂ္ဂလအတ္တဆန္ဒနှင့်ကိုက်ညီစေရန် ဖြစ်ပေါ်ပေးနေကြသည်မဟုတ်ပေ၊ ရုပ်သည် အိုမင်းရင့်ရော်လာလျှင် လေးလံထိုင်းမှိုင်းလာသည်။ အင်အားဆုတ်ယုတ်လာသည်။ ငယ်ရွယ်နုပျိုစဉ်ကနှင့် မတူနိုင်တော့ချေ၊ ရုပ်သည် အကန့်အသတ်ရှိသည်မှာ သေချာလှပေသည်။ ထိုအကန့်အသတ်ကို ကျော်လွန်၍မဖြစ်နိုင်ချေ၊ တကယ်တော့ ရုပ်,နာမ်သည် စိတ်ကူးယဉ် ရစကောင်းသော အရာမဟုတ်ချေ၊ ဖြစ်ခြင်း၊ ပျက်ခြင်းရှိ၍ ထိုဖြစ်ခြင်းပျက်ခြင်းတို့သည် သူ့အကျိုးနှင့် သူ့အကြောင်းတိုင်း အစားထိုးဖြစ်ပေါ်နေကြခြင်းဖြစ်သည်။ အကြောင်းနှင့် လိုက်လျောညီညွတ်စွာ အကျိုးဖြစ်ပေါ်လာရသည်။

အကြောင်းမှကင်း၍ အကျိုးသည် မဖြစ်ပေါ်ကောင်းပေ၊ စွမ်းရည်ဆိုသည်မှာ ကောင်းသော အကြောင်းခံတရားများကို ထုတ်လုပ်ပေးနိုင်ခြင်းပင် ဖြစ်သည်၊ ကောင်းကျိုး စံလိုသူများ

၏ မရှောင်မလွှဲသာသော ဖြည့်ဆည်းအပ်သည့် တာဝန်မှာ ကောင်းကြောင်းအင်အားစုများပင်ဟည်း။

လူ့စိတ်သည်လည်း အကြောင်းအကျိုး မကင်းသည်ဖြစ်၍ လူ့စိတ်သဘောသဘာဝကိုအထိုက်အလျောက် သိနားလည်ထားရန် လိုအပ်ပေသည်။ လူ့စိတ်လေ့လာသောဆိုက်ကိုလိုဂျီဆိုသည်မှာ ဆိုက်ကီလော့ဂေါ်ဂျ် To study the mind ဟု အဓိပ္ပါယ်ရလေသည်။လူတယောက်၏စိတ်သဘောသဘာဝသည် မည်သို့ရှိသနည်း။ စိတ်သည် လွန်စွာမှ အနုစိတ်သည် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ မြစ်အဖြာဖြာတို့မှ စီးဝင်လာသော ရေတို့၏ စုစည်းမိရာ သမုဒ္ဒရာမှ ရေတစက်ကိုယူရဘိသကဲ့သို့ စိတ်တစိတ်ဖြစ်ပေါ်ရာ၌ အနုစိတ်အင်အားအများကြီး ရောထွေးယှက်တင် အားဝင်နေကြလေသည်။

ထို့ကြောင့် စိတ်သဘော သဘာဝကို သိထားဘို့လိုအပ်ပေသည်။ထိုစိတ်သည်သူ့သဘာဝအတိုင်း ဖြစ်ပေါ်တတ်သည်ဖြစ်၍ စိတ်သဘာဝကို သိနားလည်သူသည် သူ့အကြောင်းကိုယ့်အကြောင်း၊ လူ့အကြောင်း ဟုတ်မှန်စွာ ဝေဖန်ပိုင်းခြား နားလည် သဘောထားတတ် နိုင်ပေသည်။ သို့သော်ဤကိစ္စသည် ဓမ္မဒိဋ္ဌာန်ကျကျ ကြိုးစားရသောတာဝန်ရှိသည့် ကျင့်စဉ်တရပ်ဖြစ်သည်။

အတ္တနောမတိ ဝင်ရောက်စွက်ဖက်၍ မဖြစ်နိုင်ပေ။ ထိုစိတ်သဘာဝကို နားလည်သော "ဉာဏ်ပညာ" ဖြင့် ဦးစီးနိုင်

ရန် အရေးကြီးလေသည်။ ထို "ပညာ" သည် အတ္တမဘက် အနတ္တသက်သက်ဖြင့် ခက်ဆစ်ကိုဖြို အလိုသို့မလိုက်ပဲ တစိုက် မတ်မတ် ဆန်းစစ်တတ်သည့် အမြတ်တရား ပညာဥာဏ်ပင် ဖြစ်သည်။

# ခန္ဓာဇာတ်သိမ်း လွှတ်ငြိမ်းရာရှာ

ရုပ်နာမ်ကို မုန်းလိုသူတို့သည် ရှေးဦးစွာ စိတ်နှင့်မမုန်းနှင့်၊ ဉာဏ်နှင့် မုန်းပါဟု အကြံပြုလိုသည်။ ဉာဏ်မှာမုန်းရန် အင်အား မပြည့်စုံသေးပါဟုဆိုလျှင် ဉာဏ်အင်အားမကောင်းမီ ဉာဏ်ဦးစီး၍ လုပ်ကြံ မုန်းပစ်လိုက်ပါဟု တိုက်တွန်းလိုပါသည်။ လုပ်ကြံမမုန်းသေးသမျှ အစစ်အမှန် မုန်းတီးလာနိုင်စရာ အကြောင်းမရှိချေ။ အဘယ့်ကြောင့်ဆိုသော် ပုထုဇဉ်များအနေနှင့် တသံသရာလုံးက ချစ်ခင်လာခဲ့သောကြောင့်ပေတည်း။

ခန္ဓာဇာတ်သိမ်းလွတ်ငြိမ်းရာ ရှာဖွေလိုသူတို့သည် စွန့်တန်သ၍တော့ စွန့်ကြရမည်သာ ဖြစ်သည်။ စွန့်ခြင်း၏ ဟိုမှာဘက်ကျမှ လွတ်မြောက်မှုကို မျှော်လင့်နိုင်ပေသည်။

ရုပ်နာမ်ကို စွန့်လွှတ်နိုင်စွမ်းရှိကြောင်း စွန့်လွှတ်ပြီးသူတိုင်းသိကြသည်။ စွန့်လွှတ်ပြီးသူတိုင်း၌ ရုပ်နာမ်၏ အချည်းနှီးဖြစ်ပုံ အနှစ်သာရ ကင်းမဲ့ပုံများကို ကုံကုံငင သိနားလည်ထားကြသည်။ အကယ်စင်စစ်မူ ရုပ်နာမ်သည် အချည်းနှီးမျှသာတည်း။ အနှစ်မဲ့မျှသာတည်း။

# ကိလေသာ

ကိလေသာသည် ဆိုးယုတ်သလား၊ ဆိုးယုတ်ပါသည်။ သို့ဖြစ်လျှင် အဘယ့်ကြောင့် ထိုဆိုးယုတ်မှုကို မပယ်စွန့်ကြသနည်း။ မပယ်စွန့်နိုင်အောင် ဆိုးယုတ်မှုအင်အား ကြီးမား နက်ရှိုင်းသောကြောင့်ဖြစ်သည်။အဘယ့်ကြောင့် ထိုကိလေသာအားသည် ဤ၍ဤမျှအင်အားထုထည်ကောင်းနေရသနည်း။

တသံသရာလုံးက အကျင့် ရလာလို့ဖြစ်သည်။ ဆိုးယုတ်မှုတိုင်း လူတိုင်းသိပါသလော။ လူတိုင်းသိသည်ဟု မဆိုနိုင်ပါ၊ သိသောပုဂ္ဂိုလ်များက မသိသောပုဂ္ဂိုလ်များနှင့် သိသယောင်ယောင် ဖြစ်နေကြသော ပုဂ္ဂိုလ်များကို ပြောဟော ရှင်းပြနေကြရသည်။

ကိလေသာသည် အဘယ့်ကြောင့် ဆိုးယုတ်ပါသနည်း။ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ နည်းအမျိုးမျိုးနှင့် နှိပ်စက်တတ်ပါသည်။ ထိုသို့နှိပ်စက်မှုဒဏ်ကို မည်သူခံရပါသနည်း။ ရုပ်,နာမ်က ခံရပါသည်။ ရုပ်.နာမ်သည် "ငါ"လော၊ မဟုတ်ပါ၊ ထိုသို့ဖြစ်လျှင် "ငါ" မခံရဘူးပေါ့၊ "ငါ" မခံရပါ။ ရုပ်,နာမ်ခံရခြင်းမျှသာပါ၊ သို့သော် နာမ်ရှိနေသ၍ခံရသည်ကို သိနေရသဖြင့် "ငါ" မဟုတ်သော ရုပ်,နာမ် ခမြာမှာ အကြီးအကျယ် ခံနေရပါသည်။

''ငါ'' ခံရသည်ဆိုလျှင်တော့ မခံချင်ပဲ ပိုင်ပိုင်နိုင်နိုင်ဒုက္ခ မဖြစ်ရဟု တားမြစ်နိုင်စရာ ရှိသည်။ ယခု နှိပ်စက်မှုဒဏ်မှာ ''ငါ'' မခံရသဖြင့် ''ငါ'' အလိုကျလည်းမဟုတ်၊ ရုပ်,နာမ် ကို ကြိုးကိုင်နေသော ကိလေသာ မောင်းနှင် နှိပ်စက်သမျှ ရုပ်,နာမ်ကြီးမှာ ဘေးဒုက္ခဆိုးတို့ တွေ့ကြုံ ရင်ဆိုင်ရရှာသည်။ ထို့ကြောင့် ရုပ်,နာမ်ကို သနားလျှင် ကိလေသာ ကုန်ခန်း ပါစေဟု အကြံပြုရပါသည်။

ဤနေရာ၌ ရုပ်,နာမ်ကိုယ်တိုင်က ကိလေသာတိုးပွားများ ပြား ခံစားချင်နေရာ ရုပ်,နာမ်ကို သနားလျှင် ကိလေသာ ခံစားပါစေလားဟု စောဒကတက်ဘွယ်ရှိသည်။ မဟုတ်ပါ၊ ဤသို့မယူရပါ၊ ရှင်းပြပါအုံးမည်။ ကိလေသာကို လိုက်လျော တိုင်း ရုပ်,နာမ်ရဘို့ အင်အား တိုပွား များပြားလာရာ ကိလေသာများလေ ရုပ်,နာမ် ဒုက္ခများလေဖြစ်၍ ကိလေသာ လျော့အောင်၊ ပါးအောင်၊ ကုန်အောင်၊ ကြိုးစား ကျင့်ကြံ ရမည်သာဟု ယူရပါမည်။

ကိလေသာကြောင့်ရုပ်,နာမ်ဖြစ်၏။ ရုပ်,နာမ်သည်ဆင်းရဲ၏။ ပျက်စီး၏။ မပိုင်မဆိုင်အပ်သော သဘောဖြစ်၏။ နှိပ်စက်၏။ ဖေါက်ပြန်၏။ ပူပြင်စီရင်နေရ၏။ မိမိလက်ရှိ ပြကတိသဘော ၌ မတည်ငြိမ်၊ ရွေ့လျော့၏။ ရုပ်,နာမ်နှင့် တွဲယှဉ်ဖြစ်ပေါ် လာသော ကိလေသာကို အမှန်မြင်သောဉာဏ်သည် ချမ်းသာ ၏။

# ဆန့်ကျင်ဘက် အစုံတို့၏
# လွှဲဟန်များ

မေတ္တာနှင့် ရာဂကို ခွဲခြားသိနိုင်ရမည်။ မေတ္တာမှအတ္တကို ပယ်ရသည်။ ရာဂမှာ အတ္တကိုဗဟိုပြုသည်။ မေတ္တာသည် သန့်စင်မွန်မြတ်သော စေတနာရှိ၏။ ကိုယ်တူမြူ၏။ အကျိုး လို၍ ချမ်းသာစေလိုသည်။ ရာဂသည် မိမိအတွက် တပ်မက်မှု သွေးသား သောင်းကျန်းခြင်းပင် ဖြစ်သည်။ ရာဂရှိသော သွေးသားသောင်းကျန်သူသည် ရက်စက်တတ်၏။ မပြတ်သား နိုင်ပေ။ ပြတ်သားခြင်းနှင့် ရက်စက်ခြင်းကို နားလည်နိုင်ရ ပေမည်။

တရားရှင်သည် ပြတ်သားသော်လည်း မရက်စက်ချေ။ ပြတ်သားခြင်းသည် ဉာဏ်ဖြင့်ပိုင်းခြားခြင်းဖြစ်၏။ ဒုက္ခပေး လိုသော သဘော၊ နှိပ်စက်လိုသဘော တရားရှင်၌မရှိချေ။ မိမိ၏ အတ္တလောဘကို ပြတ်ပြတ်သားသား ပယ်စွန့်နိုင်သည်။

ရက်စက်ခြင်းမှာ နှိပ်စက်လိုသော ဒေါသစိတ်ပါသဖြင့် တရားရှင်တို့ ထားရှိအပ်သော သဘောထားမျိုးမဟုတ်၊ ဒေါသ စိတ်သည် မေတ္တာနှင့် ကြင်နာခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ မေတ္တာနှင့်ယှဉ်သောကြင်နာခြင်းမှာ ပျော့ညံ့ခြင်းမဟုတ်ချေ။ သိမ်မွေ့နူးညံ့စွာကြင်နာနိုင်၏။ ညှာတာ ထောက်ထားခြင်း သည် ကရုဏာ အသဘောဖြစ်သည်။

ပျော့ညံ့ခြင်းမှာမူ ဆုတ်နစ်လွယ်စေသဖြင့် အာဇာနည်တို့ ၌ ထိုသဘောထားမျိုး မရှိနိုင်ချေ။ မပျော့ညံ့ရဟု ဆိုသဖြင့်

မာနကြီးရန်မဟုတ်၊ မာနမကြီးပဲနှင့် စိတ်ဓါတ် ခိုင်မာရမည်။ စိတ်ဓါတ်မခိုင်မာသူသည် သူတော်စင် မဖြစ်နိုင်၊ ခိုင်မာခြင်းမှာ ဉာဏ်ဖြင့် ကွပ်ကဲကြံ့ခိုင်ခြင်းဖြစ်၍ မာနကြီးခြင်းမှာစိတ်ဖြင့် လွှဲမှားစွာ မာန်မာနတက်ခြင်းဖြစ်သည်။ ခိုင်မာရန်လိုအပ်သကဲ့သို့ မာနမကြီးရန်လည်း လိုအပ်သည်။

မာနမကြီးရသဖြင့် သတ္တိမရှိနိုင်၊ သရဲဘောနည်းရမည်ဟု မယူဆအပ်၊ တရားအားထုတ်သူသည် မိုက်ရူးရဲမလုပ်ရသော်လည်း သတ္တိတော့အထူးကောင်းရသည်။ လှက်မ သံမှိုရိုက်စဉ် တွန့်ဆုတ်သွားသဖြင့် သတ္တိရှိသောစာရင်းမှ ပယ်စွန့်ခြင်းခံရလေသူသည် မိမိ၏ဝမ်းဗိုက်ကို ဒါးဖြင့်ထိုးလျက်အူကိုကိုင်စေပြီး နောက်သို့ဆုတ်လကျ သေဆုံးသွားရသော အဖြစ်မှာ မိုက်ရူးရဲဆန်ခြင်းဖြစ်သည်။ သတ္တိရှိခြင်းမျိုးမဟုတ်ပေ။

သတ္တိရှိသူသည် ခံသင့်လျှင် ခံရဲ၍ တိုက်သင့်လျှင် တိုက်ရဲသည်။ ဉာဏ်ပညာရှင် သူတော်ကောင်း အမျိုးအစားသည် သတ္တိ အထူးကောင်းရ၏။ ကြည်ညိုဘွယ် ကောင်းသော ခေါင်းဆောင် အမျိုးအစားလဲ ဖြစ်သည်။ မိမိ အကျိုးရှိ၊ တပါးသူအကျိုးရှိ၊ ဟုတ်မှန်သဖြင့် အမှန်ဘက်မှ ရပ်တည်ရဲသူဖြစ်သည်။

တိုက်ခိုက်သည်ဆိုရာ၌ ကိုယ်ပျော့ညံ့စိတ်ကို ကိုယ်တိုင်အသိပညာဦးစီး၍ တိုက်ခိုက်ရဲခြင်းလည်း အပါအဝင် ဖြစ်သည်။ ထိုအရည်အချင်းသည် သူရဲကောင်းတို့၏ အင်္ဂါ လက္ခဏာ အမျိုးအစားတရပ်ပင် ဖြစ်သည်။

စိတ်ဖြင့် ကြောက်ခြင်းမှာ သူရဲဘောနည်းခြင်း ဖြစ်၍ ဉာဏ်ဖြင့်ကြောက်ခြင်းမှာ ပညာရှိခြင်းဖြစ်သည်။ ဉာဏ်ဖြင့် ကြောက်သူသည် ဒုက္ခဖြစ်မည်ကိုကြိုတင်၍ မြင်၏။ ဒုက္ခဖြစ်မည်ကိုမြော်မြင်လျက် ဉာဏ်ဖြင့်ဆင်ခြင်ကာ အကျိုးယုတ်မှု ဆင်းရဲမှုကိုကြောက်ရွံ့ခြင်းဖြစ်သည်။ ဆင်းရဲမှုကို ကြောက်သဖြင့် ဆင်းရဲခြင်းကိုမဖြစ်ပေါ်စေရအောင် နေထိုင်ကျင့်သုံးသည်။

ဉာဏ်ဖြင့် ချမ်းချမ်းသာသာနေသည်၊ စိတ်ဖြင့် ကြောက်နေသူမှာ ဆင်းရဲသည်။ အဘယ်ကြောင့်ဆိုသော် စိတ်ဖြင့် ကြောက်နေရသည်ကိုက ဆင်းရဲမှုကိုခံစားနေရခြင်းဖြစ်သောကြောင့်ဖြစ်သည်။ ထိုသူသည် ငါကြောက်နေသည်ဟု ခံစားရသဖြင့် မချမ်းသာနိုင်။

ဉာဏ်ဖြင့် ကြောက်စရာမှိုကြောက်သူမှာချမ်းသာနိုင်သည်၊ အဘယ်ကြောင့်ဆိုသော်ကြောက်ရမည့်အရာကိုကြောက်သဖြင့် ဉာဏ်ပညာဖြင့် ကြောက်စရာကို ပယ်သတ်ထား၏။ စွန့်ဖြတ်ထား၏၊ ခွာထား၏၊ ပြတ်သားစွာပိုင်းခြားထား၏။

စိတ်ဖြင့်ကြောက်သူမှာ ကြောက်စရာကို ကပ်ထား၏။ ဥပါဒါန်ကြီးသူ သညာသမားဖြစ်၏။ ကြောက်မှုကို စွဲကပ်နေသဖြင့် မပိုင်းခြားနိုင်၊ ထို့ကြောင့် ဆင်းရဲရ၏။

ဉာဏ်ဖြင့် ကြောက်သူမှာ ဥပါဒါန် မရှိ၊ ပညာဖြင့် အကြောင်းမပြုပဲထား၏၊ အကြောင်းမပြုသဖြင့် အကျိုးဖြစ်မလာချေ။ ထို့ကြောင့် ချမ်းသာ၏။ သတိချပ်ပါလေ။

အတ္တကြီးသူသည် ပညာမရှိ၊ သညာသမားဖြစ်၍။ "ငါ" တော့ ခက်တာပဲဟု စိတ်ဖြင့်ကြောက်၏။ အနတ္တဝါဒီသည် ပညာသမားဖြစ်၍။ ဒုက္ခဆင်းရဲမှု၏အပျက်ကို ဉာဏ်ဖြင့်မြင်သဖြင့် ဆင်းရဲမှုကို ဖက်မထားချေ။ အပျက်ကို ဖက်မထားချေ။

ပျက်စရာရှိ၍ပျက်ကြောင်းကိုလည်းကောင်း၊ ပျက်လေ့ရှိကြောင်းကိုလည်းကောင်း၊ ကြိုတင်သိရှိထား၏။ ပိုင်ဆိုင်ခြင်းငှာ မစွမ်းသဖြင့် စွန့်ပယ်ထား၏။ ထို့နောက် အပျက်ကို အလိုမရှိ၊ လောဘပယ်သတ်၏။

အကျိုးရှိရာကိုသာ လုပ်ဆောင်၏။ အကျိုးဖြစ်အောင် အကြောင်းခံ၏။ အကြောင်းမခံပဲအကျိုးကို လိုချင်ခြင်းမရှိ။ အကျိုးအကြောင်းကိုသိ၍ မလိုချင်သော အကျိုးအတွက် အကြောင်းမခံ။

ဆင်းရဲခြင်းကိုမလိုချင်လျှင် ဆင်းရဲအောင် အကြောင်းမခံ၊ ချမ်းသာမှုကိုသာရှေးရှုသည်။ ချမ်းသာအောင်အကြောင်းခံသည်၊ ချမ်းသာအောင် အကြောင်းခံခြင်းသည် ဖြစ်ပေါ်လာသော ဆင်းရဲခြင်းဒုက္ခကို အပျက်ရှု သတ်ပိုင်းဖြတ်ခြင်းပင် ဖြစ်ကြောင်း ဉာဏ်ဖြင့် ဆင်ခြင်ကြပါ ဟူ၍တည်း။

# နိဗ္ဗာန်ကို မျက်မှောက်ပြုနည်း

* နိဗ္ဗာန်သည် ရုပ်,နာမ်၏ချုပ်ရာ ဖြစ်သည်။
* နိဗ္ဗာန်သည် ဒုက္ခကို လက်မခံပါ။
* ဒုက္ခသည် အလိုလိုမချုပ်ပါ။
* သမုဒယကိုသတ်မှ ဒုက္ခသေပါသည်။
* နိဗ္ဗာန်မျက်မှောက်ပြုလိုသူသည် သမုဒယကို သတ်နိုင်ရပါလိမ့်မည်။
* သမုဒယ ရှင်သန်နေသေးသမျှတော့ နိဗ္ဗာန်နှင့် နီးစပ်နိုင်မည် မဟုတ်ပါ။
* ထိုသို့ဆိုသဖြင့် နိဗ္ဗာန်မျက်မှောက် ပြုချင်နေခြင်းသည် ပင်လျှင်သမုဒယမဟုတ်ပါသလောဟု စောကြောဘွယ်ရှိသည်။
* မဟုတ်ပါဟု ဖြေဆိုရပါမည်။
* အဘယ်ကြောင့်ပါနည်း။
* သမုဒယဆိုသည်မှာ ဒုက္ခဖြစ်ရခြင်း၏အကြောင်းယင်းမျှသာဖြစ်သည်။ ဒုက္ခရောသမုဒယပါ ချုပ်ငြိမ်းရာသို့ ဉာဏ်အရာဖြင့် မျက်မှောက်ပြုလိုခြင်းသည် သမုဒယအကြောင်းခံနေသည်မဟုတ်ပေ။ ဒုက္ခအကျိုးကို လိုလားနေသည်လည်း မဟုတ်ပေ။ ဒုက္ခကိုချုပ်ငြိမ်းအပ်

သည်ဟုမှန်စွာသိသော ဉာဏ်ပညာ အမြော်အမြင်နှင့် ဆင်ခြင်ခြင်းဖြစ်မိသည်။ ထို့ကြောင့် ဒုက္ခချုပ်ရာနိဗ္ဗူ တာသို့မှန်စွာကန်စွာ ဉာဏ်ပညာဖြင့်ကောင်းစွာပြုလို၊ မြတ်ရာခိုချင်ခြင်းသည် အပိုလောဘသမုဒယမဟုတ် ယုတ်ညံ့ရာပယ် သုခနယ်သို့ ဉာဏ်ဝယ်မျက်မှောက် သက်ရောက်လိုခြင်းသဘော ဖြစ်သည်။

* ထို့ထက်ပို၍ အဆိုပြုပါ တောင်းခံပါလျှင် ဆင်ခြင် စရာဖော်လှစ်ပါမည်။ ပညာထွင်း၍ လင်းပါစေ။

ဤလောက၌ ဉာဏ်ပညာကင်းမဲ့ ပိတ်တုံးခြင်း သည် မလိုလားအပ်ဆုံးသော အရှုံးဘဝ၊ အသုံးမကျ သည့် ဖြစ်ရပ်အခြေအနေ အမျိုးအစားပင်ဖြစ်သည်၊

* လောကသဘာဝကိုလည်းကောင်း၊ စိတ္တ သဘာဝကို လည်းကောင်း၊ ဓမ္မသဘာဝကို လည်းကောင်း၊ မသိ မမြင်ခြင်းသည်အကင်းမပါးယွင်းမှားစေသည့်အဖျင်း တရားများ ဖြစ်သည်၊

* သစ္စာဝါဒီသည် ဉာဏ်ပညာရှိရသည်။

* ဉာဏ်ပညာဟူသည်ဖြစ်လတံ့သော အခြေအနေကို မြော်မြင်ဆင်ခြင် သိမြင်နိုင်ရမည်။

* လောကသဘာဝကိုလည်းကောင်း၊ စိတ္တ သဘာဝကို လည်းကောင်း၊ဓမ္မသဘာဝကိုလည်းကောင်း မြော်မြင် ဆင်ခြင်နိုင်ရမည်။

နိဗ္ဗာန်ကို အဘယ်ကြောင့်

မျက်မှောက်ပြုချင်ရပါသနည်း

ငြိမ်အေးချမ်းသာမှုကိုလိုချင်သူသည် နိဗ္ဗာန်ကိုမျက်မှောက်ပြုချင်သူဖြစ်သည်။ ရုပ်,နာမ်သည် ပူခလောင်သည်၊ ဆင်းရဲသည်ဟု သိနားလည်သူသည် ဆင်းရဲပူလောင်မှုကို မခံစားစေလို၊ မတွေ့ကြုံလို၊ ထို့ကြောင့် ရုပ်,နာမ်ကိုစွန့်လျက် နိဗ္ဗာန်သို့ ငြိမ်းအေးရာအမှန် ပြည်နိဗ္ဗာန်သို့ အမြန်အဆန် မျက်မှောက်ပြုလိုသည်။ သို့သော် နိဗ္ဗာန်ကိုဉာဏ်ဖြင့်သာ မျက်မှောက်ပြုနိုင်သည်ဖြစ်၍ ဉာဏ်ပညာအင်အား ကြီးမားခိုင်ခန့်စေရန် ကျင့်ကြံရခြင်းသည်....

အကြောင်းဖြစ်သည်လည်းဟုတ်သည်။

အကျိုးဖြစ်သည်လည်းဟုတ်သည်၊

အကြောင်း ဖြစ်သည် ဆိုရာဝယ် နိဗ္ဗာန် တွေ့ခြင်း၏အကြောင်းပင်။ အကျိုးဖြစ်သည်ဆိုရာဝယ် အမြော်အမြင်နှင့် ယှဉ်သည့် ကောင်းမြတ်သော ဆန္ဒ၏အကျိုးတည်း။ ထိုသို့ကျင့်ကြံရခြင်းသည် ဥဒါဟရုဏ်အားဖြင့်–

(၂)နံပါတ်သည် (၃)နံပါတ်၏ ရှေ့မှလည်းဟုတ်သည်။ (၁) နံပါတ် နောက်မှလည်း ဟုတ်သည် ဟူသောသဘောပင်တည်း။

အခြားနည်းကား သစ်ပင်သုံးပင်မှ အစဉ်အဆက် ပေါက်ဖွားသီးပွင့်လာသော သစ်သီး (၃) လုံးတွင် ဒုတိယသစ်သီး

သည့် ပထမအသီး၏ အကျိုးတရားပိုင်းမှာ ပါဝင်သကဲ့သို့ တတိယသစ်သီး၏ အကြောင်းတရား ထောက်ကူချက်အပိုင်းမှာ ပါဝင်နေပေသည်တကား။

- မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မည်သို့တည်ဆောက်ရပါမည်နည်း။
  ကျင့်စဉ်ဖြင့် တည်ဆောက်ရပါမည်။
- မည်ကဲ့သို့သော ကျင့်စဉ်အမျိုးအစားပါနည်း။
  မြတ်ဗုဒ္ဓ ညွှန်ကြားတော်မူခဲ့သောကျင့်စဉ်အမျိုးအစားပင်ဖြစ်ပါသည်။ ဝိပဿနာ ကျင့်စဉ်လုပ်ငန်းခွင်ပင်ဖြစ်ပါသည်။
- ဝိပဿနာကျင့်စဉ်ဆိုသည်မှာ အဘယ်သို့ပါနည်း။
  ဝိပဿနာ ကျင့်စဉ်ဆိုသည်မှာ ရုပ်,နာမ်ခန္ဓာကိုယ်ကို ဒုက္ခဟု သတ်မှတ်နားလည်ပြီး ယင်း၏အပျက်ကိုဉာဏ်လက်နက်ဖြင့် ထိုးဖေါက်ရှုသတ်ရပါသည်။
- ရှုသတ်သည်ဆိုသည်မှာ အဘယ်သို့သော လုပ်ဆောင်ချက်ပါနည်း။ မရှုလျှင် တရားမရနိုင်ဟု ဆိုနိုင်ပါသလော။
  ရှုသတ်သည် ဆိုသည်မှာ ဉာဏ်ပညာဖြင့် ရုပ်,နာမ်အပေါ် လက္ခဏာတင် ဆင်ခြင်ရခြင်း ဖြစ်ပါသည်။ မရှုသတ် မပိုင်းဖြတ်လျှင် တရားမရနိုင်ပါ။
- အဘယ်ကြောင့်ပါနည်း။
  မရှုသတ်လျှင် ဒုက္ခမချုပ်ငြိမ်းနိုင်သဖြင့် ဒုက္ခချုပ်ငြိမ်းသော သုခစစ် နိဗ္ဗာန်အား တွေ့သိနိုင်မည်မဟုတ်သောကြောင့်ဖြစ်ပါသည်။

- ဒုက္ခသည် အမှန်တကယ် ချုပ်ငြိမ်းနိုင်ပါသလော။
ချုပ်ငြိမ်းနိုင်လောက်သော အကြောင်းခံတရားပြည့်စုံလုံလောက်ပါလျှင် ရုပ်,နာမ်ဒုက္ခသည် အမှန်တကယ်ချုပ်ငြိမ်းနိုင်ပါသည်။
- ရုပ်,နာမ်ချုပ်ငြိမ်းလျှင် မည်ကဲ့သို့သော အခြင်းအရာသည် ဖြစ်ပေါ်နိုင်ပါသနည်း။
- ရုပ်,နာမ် ဒုက္ခကို ချုပ်ငြိမ်းအောင် အပြီးအပိုင်ရှုသတ်ပိုင်းဖြတ်နိုင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဒုက္ခချုပ်ရာ နိဗ္ဗူတာသို့ ဟုတ်တိုင်းမှန်စွာ ဉာဏ်အရာနှင့် ထိုးထွင်းဆင်ခြင် သိမြင်နိုင်ပါသည်။
- နိဗ္ဗာန်သည် ရှိပါသလော။
ရှိပါသည်။
- နိဗ္ဗာန်ရှိကြောင်း မည်သို့သိနိုင်ပါသနည်း။
နိဗ္ဗာန်ရှိကြောင်း ဒုက္ခအား ကုန်ဆုံးချုပ်ငြိမ်းအောင်ရှုသတ်နိုင်သော ဉာဏ်ပညာဖြင့် တွေ့သိနိုင်ပါသည်။
- ထိုဉာဏ်ပညာကို မည်သို့တည်ဆောက်ရပါသနည်း။
အနုစားဉာဏ်ပညာကို မြတ်ဗုဒ္ဓ၏ သာသနာတော်အတွင်းရှိ အဆိုအဆုံးမများဖြင့် စတင်ရရှိ ပျိုးထောင်နိုင်ပါသည်။ အရင့်စား ဉာဏ်ပညာကိုမူ ကိုယ်တိုင်ကျင့်ကြံကြိုးစားအားထုတ်မှသာ ရရှိနိုင်ပါသည်။
- မည်သို့ ကျင့်ကြံကြိုးစားအားထုတ်ရပါမည်နည်း။
ဝိပဿနာ ကျင့်စဉ်လုပ်ငန်းခွင် နည်းစံနစ်အတိုင်း ကျင့်ကြံကြိုးစားအားထုတ်ရပါမည်။

ထို့ကြောင့် နိဗ္ဗာန်ကို ကိုယ်တိုင် တွေ့သိလိုသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာ ကျင့်စဉ်လုပ်ငန်းခွင်ကို ကိုယ်တိုင်ကိုယ်ကျကျင့်ကြံကြိုးစားအားထုတ်ရပါမည်။

● ဝိပဿနာ နည်းပညာ ဘာနှင့်ရှုရသနည်း။
ဉာဏ်ဖြင့်ရှုရသည်။
ဘာကိုရှုရသနည်း။
ရုပ်,နာမ်ဒုက္ခကိုရှုရသည်။
ရှုသည်ဆိုသည်မှာ အဘယ်နည်း။
ဉာဏ်ဖြင့်အပျက်ဟု လက္ခဏာတင်ရသည်။
ဘယ်မှာရှုရမည်နည်း။
အတွင်း ရုပ်,နာမ် ဘဝင်မနေသောပေါက် ဓမ္မသင်္ချိုင်း၌ ရှုရမည်။
ရှုလျှင် ဘာဖြစ်မည်နည်း။
နိဗ္ဗာန်တွေ့မည်။
မရှုလျှင်ကော
မရှုလျှင် သံသရာလည်မည်၊ အိုမည်၊ နာမည်၊ သေမည်၊ ဒုက္ခခံစားရမည်။

# နိဗ္ဗာန်ထည်ဘာမှမရှိဟု ဆိုရာဝယ်

နိဗ္ဗာန်၌ ဘာမှမရှိပါ၊ သူညတကြီးမို့ ဘာတခုမှမရှိပါဟု ဆိုရာ၌ ဘာမှမရှိ၊ ဘာတခုမှမရှိဟု ဆိုသောအနက်သဘောကို မည်သို့အဓိပ္ပါယ်ဖွင့်ဆိုပါမည်နည်း။

ဘာတခုမှ မရှိဟုဆိုရာဝယ် ဒုက္ခနှင့်ပတ်သက်၍ ဘာတခုမှ မရှိခြင်းကို ဆိုလိုပေသည်။ ဒုက္ခမရှိလျှင် သုခတော့ရှိသလားဟု မေးမြန်းနိုင်ပါသည်။ သုခရှိသည်ဟု ဖြေဆိုရပါလိမ့်မည်။ နိဗ္ဗာန်တွင် စိတ်ရုပ်တို့ ချုပ်ငြိမ်း ရုပ်သိမ်းသွားသည်ဖြစ်၍ မည်သို့ သုခရှိနိုင်ပါမည်နည်းဟု စောကြောနိုင်သည်။

နိဗ္ဗာန်တွင် ရုပ်,နာမ် မရှိတော့၍ ထိုသို့ရုပ်,နာမ် မရှိခြင်းသည်ပင်လျှင် သုခမည်သည်ဟု ယူဆနားလည်နိုင်ရပေမည်။ ဝေဒနာ မရှိခြင်းသည်ပင်လျှင် သုခမဟုတ်ပါလား။ ထို့ကြောင့် နိဗ္ဗာန်၌ ဒုက္ခမရှိခြင်း၊ ဝေဒနာမရှိခြင်း၊ ရုပ်,နာမ် မရှိခြင်းသည်ပင် ချမ်းသာခြင်းဖြစ်နေပေတော့သည်။

ဤနေရာတွင် "ဒုက္ခမရှိခြင်း"ဟုဆိုသည်မှာ "ဒုက္ခရှိနေသည်ကို ဒုက္ခဖြစ်နေခြင်းဟု အမှန်အတိုင်းမသိရှိခြင်း" နှင့် ကွဲပြားခြားနားစွာ ခွဲခြားနားလည်သင့်ကြောင်း ထပ်လောင်းသိစေလိုသည်။ အချို့သော ယောဂီများမှာ ဒုက္ခမကုန်သေးမီ အကြီးစားဒုက္ခ ချုပ်ဆုံးရုံကလေးမျှနှင့် ဒုက္ခလုံးလုံးမရှိတော့ဟု မှတ်ယူနေကြသည်။ ကရုဏာသက်ရောက်စရာ ဖြစ်ရပ်များပင် ဖြစ်သည်။

ဒုက္ခအကြီးစား၏နောက်ကွယ်တွင်ဒုက္ခအလတ်စားရှိသည်၊ ဒုက္ခအလတ်စား၏နောက်ကွယ်တွင် ဒုက္ခအနုစားရှိသည်။ ထို ဒုက္ခအနုစားကလေးများကို မမြင်မတွေ့သဖြင့် ဒုက္ခမရှိတော့ ဟုမှတ်ယူကာ ပီတိနှင့်နစ်မျောနေကြသော ယောဂီများသည် မိမိတို့၏ ရင်တွင်း၌ ဒုက္ခအနုစားကလေးများ ရှိနေသေး ကြောင်း ဖွင့်လှစ်ဟောဖေါ် ပြောပြတတ်တော်မူပါသော ဆရာကောင်းမြတ် ရရှိရန် လိုအပ်ကြောင်း အသိပေးလိုပါ၏။

ထပ်မံ၍ အကျယ်တဝင့် ရှင်းပြပါဦးမည်။ ရုပ်,နာမ်ဆို သည်မှာ အရှုံခံတရားဖြစ်သည်။ နိဗ္ဗာန်ဆိုသည်မှာ အရှုံခံတရား တို့၏ ချုပ်ဆုံးရာမှာရှိသည်။ အရှုံခံတရားတို့၏ ချုပ်ဆုံးရာ ကို ဒုက္ခကုန်ဆုံးအောင် ရှုသတ်ခဲ့သော ဉာဏ်ပညာဖြင့် ထိုး ထွင်းသိမြင်နိုင်သည်။

ထိုအခါ နိဗ္ဗာန်ကို သိမြင်သည်မှာလည်း ဉာဏ်ပညာဖြစ်၍ ရုပ်,နာမ်ဒုက္ခ၏အပျက်ကို မြင်သည်မှာလည်း ဉာဏ်ပညာပင် ဖြစ်သည်။ ဒုက္ခ ပျက်စီးသည်ဖြစ်၍ ပယ်စွန့်ရမည်ဖြစ်သော တရားစု၊ ရုပ်,နာမ် ခန္ဓာစုတို့ပင်တည်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ် သည် ပွားများရမည်ဖြစ်၍ အင်အားကောင်းရန် ရှုသတ်ပိုင်း ဖြတ် ထိုးထွင်းဆင်ခြင်ခြင်းအမှုကိုပြုလျက် တိုးတက်ဖက်တွယ် ရမည့် တရားစု သုခရတနာ လောကုတ္တရာ ဓာတ်အမြစ်ဖြစ် သည်။

နိဗ္ဗာန်သို့ မျက်မှောက်ပြုသည့်အခါ၊ ခန္ဓာသည် ချုပ်ငြိမ်း နေသည်ဖြစ်၍ ဒုက္ခဟူသမျှ ဘာမှမရှိတော့ချေ။ ဒုက္ခကိုကုန်

စင်အောင် ရှုသတ်သောဉာဏ်သည်။ဒုက္ခချုပ်ရာ သုခတည်ရာကို မျက်မှောက်ပြုရာ၌ ဒုက္ခသုညတ-သုခထာဝရ သဘောဖြင့်မြတ်သော နိဗ္ဗာန်သို့ အပြီးအပိုင် စံမြန်းနိုင်တော်မူလေသည်။ ထိုအခါ ဒုက္ခချုပ်လျက်နှင့်ဒုက္ခချုပ်ရာကိုထိုးထွင်းသိမြင်သော ဉာဏ်တော်သည် ချမ်းသာစစ်၊ ချမ်းသာမှန်၏ သဘောကို ဒုက္ခတို့၏ လွန်မြောက် ကုန်ဆုံးရာတွင် ကောင်းစွာသိရှိနားလည်သွားလေတော့သတည်း။

# သာသနာတော်မြတ်အကြောင်း

သာသနာတော်သည် ငြိမ်းချမ်း သာယာလှန်းလှသည်။ သာသနာတော်သည် ဉာဏ်ပညာ၏ ဝင်စားရာ ဖြစ်သည်။ သာသနာဆိုသည်မှာ မြတ်ဗုဒ္ဓ၏ အဆုံးအမများတည်ရာဖြစ်၍ သစ္စာဘရားအား နားမလည်စေနိုင်သော မောဟကို တိုက်ခိုက်ဖြိုဖျက်အောင်မြင်ခြင်း၌ တည်ရှိသည်။ ထို့ကြောင့်လည်း သာသနာသည် စင်ကြယ်သည်။ မှန်မြတ်သည်။ သန့်ရှင်းသည်။ အသိခက်သည်။ နက်နဲသည်။ သိမ်မွေ့သည်။ တိကျသည်။ ပြတ်သားသည်။ စစ်မှန်သည်။ သာသနာတော်မြတ်အကြောင်းကို ထပ်လောင်း၍ သိချင်ကြပေလိမ့်ဦးမည်။ အနည်းငယ် အကျယ်ချဲ့ပါဦးမည်။

သာသနာဘော် ဆိုသည်မှာ လူသာမန်တို့ မသက်ဆိုင်ချေ။ လောဘ၊ ဒေါသ၊ မောဟ၊ ကြီးမားရိုင်းစိုင်းသူတို့နှင့် လားလားမှ မအပ်စပ်ပေ။ တဏှာ၊ မာန၊ ဒိဋ္ဌိလွှမ်းမိုးနေသူတို့နှင့် တခြားစီဖြစ်သည်။အဝိဇ္ဇာ၊ ကိလေသာ၊ နိဂရဏှာ ထူပြောသော ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်ခြင်း အလျဉ်းမရှိပေ။

သာသနာတော်သည် ထိုထိုသော ယုတ်ညံ့သည်တို့ကို ပယ်စွန့်သည်ဖြစ်၍၊ အမှန်မြင်နိုင်သော သတ္တိ မတည်ဆောက်ရသေးသည်ဖြစ်၍ အမှန်ကို ဖုံးလွှမ်းသော အညစ်အကြေးများကို ပယ်စွန့်တိုက်ဖျက် ချေမှုန်းအောင်မြင်ပြီးသော စွမ်းရည်

ရသော ဉာဏ်ပညာဖြင့်သာ ထို သာသနာတော်မြတ်ကြီး အကြောင်းကို ကောင်းစွာ သိမြင်နားလည် သဘောပေါက် နိုင်ပေလိမ့်မည်။

ထို့ကြောင့် သာသနာတော်သည် နက်နဲသိမ်မွေ့သည်ဟု အဆိုပြုခဲ့ရခြင်း ဖြစ်သည်။ သာသနာတော်ကို သိချင်လျှင် ကိုယ့် ကိလေသာကို ကိုယ်ပယ်ရမည်။ ကိုယ့် ကိလေသာကို ကိုယ်တိုင် မည်သို့ပယ်မည်နည်း။ အတ္တနှင့်ယှဉ်သောကိလေသာ စိတ်ကို အနတ္တနှင့်ယှဉ်သော ဉာဏ်သတ္တိဖြင့် ရှုသတ်ပယ်စွန့် ရမည်။ ထို့သို့အတ္တကို ပယ်စွန့်နိုင်စွမ်းရှိသော ဉာဏ်ပညာ ရှင်တို့သည်သာ စင်ကြယ်သော သာသနာတော်၏ ငြိမ်းအေး ကြည်လင်သော သစ္စာခေတ်ကို မြတ်နိုးစွာ ဆင်ခြင်ဝင်စား နိုင်မည် ဖြစ်သည်။

# ကိလေသာ ကုန်ခန်းခြင်း

ကိလေသာကုန်ခန်းစေသော ကျင့်စဉ်မှာ ဝိပဿနာနည်း ပညာဖြစ်သည်။ ဝိပဿနာ နည်းပညာဆိုသည်မှာ အဘယ် နည်း။ ပေါ်လာသမျှ စိတ်တို့ကို ဉာဏ်ဖြင့် အပျက်ရှုသတ်ရ သော နည်းပင်ဖြစ်သည်။

ထိုသို့အပျက်ရှုသောအခါ မည်သည့် အကျိုးထူးများရရှိ နိုင်ပြီး နောက်၊ ကိလေသာများ ကုန်ခန်းပြီး ရဟန္တာဖြစ်နိုင် ပါသနည်း ။

ရှေးဦးစွာ ပေါ်စိတ်ကို အနိစ္စ ရှုသတ်သဖြင့် ရှုသော ဉာဏ်သည် အင်အား ကောင်းလာခြင်း၊ အရှုခံ၊ အပယ်ခံ၊ အသတ်ခံစိတ်တို့သည် ကိလေသာ လျော့ပါးခြင်း တည်းဟူ သော ကျေးဇူးဖြစ်ထွန်းမှုများ စတင်ရရှိလာပါသည်။

ထိုအချင်းအရာသည် အဘယ့်ကြောင့်ပါနည်း။ထိုမှမည်သို့ အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပိုင်ရှင်ဖြစ်လာရသနည်း။

ရှုလျှင် ရှုဉာဏ်မှာ ရင့်ကျက်လာသည်နှင့်အမျှ အရှုခံစိတ် များ ကိလေသာလျော့ပါးလာရခြင်းမှာ ဓမ္မတာ သဘာဝ တရားကြောင့်ပင် ဖြစ်ပါသည်။

ထိုမှတဆင့် ဉာဏ်ပညာ ရင့်သည်ထက် ရင့်ကျက်လျက် နောက်ဆုံး စိတ်များသည် ကိလေသာ ကုန်ဆုံး လျက် လည်းကောင်း၊ ရှုဉာဏ်သည် အရဟတ္တမဂ်ဉာဏ် အဖြစ်သို့ လည်းကောင်း၊ အသီးသီးဖြစ်ထွန်းရရှိလျက် သွားပါသည်။

ကိလေသာကုန်ဆုံးသောအခါ ကိလေသာတို့ကို ကုန်ဆုံးချုပ်ငြိမ်းအောင် ရှုသတ်နိုင်သော ဉာဏ်ပညာဖြင့်အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ပိုင်ဆိုင်သွားရခြင်း ဖြစ်ပါသည်။

အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိပိုင်ဆိုင်ပြီးသွားပါသျှင်၊ ခန္ဓာအပေါ် လော်လီခြင်းကင်းလျက် ဉာဏ်ပညာဦးစီးချက်ကြောင့် အပျက်တရား ဖက်မထားဖဲ့၊ မဂ်ခေါးနှင့်ဖြတ်တောက်ပယ်စွန့်ကာ၊ မြင့်ရာမြတ်ရာ နိဗ္ဗူတာသို့ မှန်ကန်စွာ ဉာဏ်အရာဖြင့် ကောင်းစွာ မျက်မှောက် ဝင်စားရောက်သော်၊ ကမောက်ကမ ဒုက္ခဖိစီး ခန္ဓာကြီးကို အပြီးအပိုင် ပယ်စွန့်နိုင်၍ မဆိုင်ရာမှန် ဘုံသုံးတန်မှ ကေန်လွတ်မြောက် ခရီးရောက်သည် အံ့လောက်ဘွယ်ရာ ငြိမ်းငြိမ်းတည်း။

# ရဟန္တာများ

ရဟန္တာများ ခန္ဓာဝန် စွန့်လွှတ်တော်မူကြပုံကို ပရိသတ်တော်တော်များများ သိနားလည်လိုကြသည်။ ဤအကြောင်းကို စာရေးသူသည်....

**How Arahats Sucessful y Leave The Thirty–One Planes Of Existence and Attain The Real Freedom.**

ဟူသော ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ အကောက်ခွန် ဓမ္မသုခရိပ်သာတွင် ဟောကြားခဲ့ဘူးလေသည်။

ထိုစဉ်က အင်္ဂလိပ်ဘာသာဖြင့် လေးကြိမ် တိုင်တိုင် ဟောကြားခဲ့ဘူးရာ အထက်ဖေါ်ပြပါ ခေါင်းစဉ်၏အဆက် **Nirvana The Real Freedom** ကိုမူ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရာမာကရစ်ရှ္ဓာနား ခန်းမဆောင်၌ ဟောကြားခဲ့ ခြင်းဖြစ်သည်။ ခေတ်ပညာတတ် တော်တော်များများ စိတ်ဝင်စား စေနိုင်သော အကြောင်းအရာနှင့် အချက်အလက်များပင်ဖြစ်သည်။

ရှေးဦးစွာ ဉာဏ်ပညာ တည်ဆောက်ပုံကို အနည်းငယ် ဖေါ်ပြလိုသည်။ ဉာဏ်ပညာ တည်ဆောက်ရန် အကြောင်းအချက် လေးချက်လိုအပ်သည်။ ယင်းတို့မှာ....

၁။ သဒ္ဓါတရား = မမိုတ်မသုန် ရတနာ မြတ်သုံးပါးကို ယုံကြည်ခြင်း။

၂။ သုသ္သူသာတရား = ရိုသေကျိုးနွံစွာ ပညာရှိတို့ထံနာခံမှတ်သားခြင်း။

၃။ အပ္ပမာဒတရား = မမေ့ မလျော့ မပေါ့မတန် ထက်သန်သော သတိရှိခြင်း။

၄။ ဝိစက္ခဏာတရား = အကောင်းအဆိုးကိုခွဲခြားဆင်ခြင်တုံတရား ထားရှိခြင်း။

တနည်းအားဖြင့် သဒ္ဓါတရားဖြင့် ဉာဏ်ပညာရမှုကို ဖြစ်စေတတ်သည့် အကျင့် ပဋိပတ်ကို ကျင့်သည်။

သုဿူသာတရားဖြင့် ရိုသေစွာ ပညာရကြောင်း တရားကောင်းကို နာယူ နားထောင်သည်။

အပ္ပမာဒတရားဖြင့် နာယူမှတ်သားအပ်သော တရားကို ပျောက်ပျက်ခြင်းမရှိစေရန် ထိန်းသိမ်းသည်။

ဝိစက္ခဏာတရားဖြင့် အလိုအပို မရှိအောင်၊ ဖေါက်ပြန်မှားယွင်းခြင်းမရှိအောင် ဆင်ခြင်သည်။

ဤအချက်အလက်များသည် ဉာဏ်ပညာ ရရာ ရကြောင်းနည်းလမ်းကောင်းများပင် ဖြစ်သည်။

အဆိုပါနည်းများဖြင့် ဉာဏ်ပညာတည်ဆောက်လျက် တိုးတက်ကြီးမားကျယ်ပြန့်ရန်ကြိုးစားရမည်။ ဤသို့ကြိုးစားသဖြင့် ပထမခြေလှမ်းအဖြစ် သောတာပတ္တိမဂ်ဉာဏ်ပိုင်ဖြစ်မည်၊ သော

တာပတ္တိမဂ်ဉာဏ်ပိုင်ဖြစ်လျှင် သံယောဇဉ်ဆယ်ပါးမှ သက္ကာယဒိဋ္ဌိ သီလဗ္ဗတပရာမာသ ဝိစိကိစ္ဆာ အကုသိုလ် တရားများ အကြွင်းမဲ့ပယ်နိုင်မည်၊ထိုမှတဆင့် သကဒါဂါမိမဂ် ထိုမှတဆင့် အနာဂါမိမဂ် ဉာဏ်ပိုင်လျှင် ကာမရာဂနှင့် ပဋိဃအကုသိုလ် သံယောဇဉ်တရားများ အကြွင်းမဲ့ပယ်နိုင်မည်။

ထိုမှတဆင့် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာများကို အကြွင်းအကျန်မရှိ ပယ်သတ်နိုင်စွမ်းသော အရဟတ္တမဂ်ဉာဏ်ကို ပိုင်နိုင်ကာ ကိလေသာကုန်ခန်းသော ရဟန္တာအရှင်သူမြတ်များဖြစ်လာတော်မူကြရလေသည်၊ ထို့ကြောင့် ရဟန္တာတိုင်း အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်ပိုင်ရှင်များ ဖြစ်ကြသည်ဆိုသည်ကို မမေ့အပ်သင့်ချေ။

# ရုပ်နာမ်သည် အချည်းနှီးပါ

● ဤအကြောင်းကို ထုတ်ဖော်ရေးသားရန် သင့်မသင့် ချိန်ဆခဲ့ဘူးသည်။ မိမိ၏စာဖတ်ပရိသတ်ကို ယုံကြည်နိုင်ပြီဖြစ်၍ ဖွင့်ဟရေးသားလိုက်ပါသည်။ အတွေး၌အခြေမခံ အတွေ့ကို ဝေဖန်၍ မှန်ကန်စွာ တင်ပြလိုက်ပါသည်။

တချိန်ကဖြစ်ပါ၏။ သင့်တင့်လျောက်ပတ်သည်ဟု သတ်မှတ်အပ်သော နေရာဌာနဖြစ်လည်း ဖြစ်ပါ၏။ စာရေးသူတဦးတည်း တရားထိုင်ပါသည်။ကြည်သာလွတ်လပ်ငြိမ်းဆိတ်သော အချိန်အခါနှင့် အခြေအနေတို့ဖြစ်ပါ၏။ ရှေးဦးစွာ ဘဝင်စိုက်၍ ရှုပါသည်။

ဉာဏ်တည်စေရန် အထူး စူးစိုက်၍ ရှုသတ်ပါသည်။ မလျော့သောဇွဲ မပြတ်လတ်သော ဝီရိယ၊ တင်းကြပ်သော သဒ္ဓါ၊ လေးစားသော စိတ်အစဉ်ဖြင့် အားထုတ်ပါသည်။ မကြာမီ အဇ္ဈတ္တ ရုပ်,နာမ်နှင့် ဉာဏ်တည့်သွားပါသည်။

ထိုအခါအားတက်၍ ကြိုးစားရှုရပါသည်။ အရှုခံတရားနှင့် ရှုဉာဏ်တွေ့ဆုံနေကြရာ အရှုခံတရားသည် တဖြည်းဖြည်းသေးငယ်သွားသည်ကို ရှုဉာဏ်ကသိနေပါသည်။

ထိုစဉ် ရှုဉာဏ်မှာ မပြတ်မလပ် ဒရစပ် လျင်မြန်သော ဉာဏ် ယှဉ်သန်သောသတ္တိနှင့်ရှုသတ်လိုက်ရာ အရှုခံတရားကြီးစာန်ဆုံးချုပ်ပျက်သွားသည် ကို ရှုဉာဏ်ကကောင်းစွာ တွေ့

မြင်လိုက်ရရာ ရှုဥာဏ်သည် လွန်စွာမှကြည်လင်ပေါ့ပါးလွတ်မြောက် သွားပါသည်။ ထို့နောက် အောက်ပါအတိုင်း ကောက်ချက်ချလိုက်မိခဲ့ပါသည်။

"အော်....အရှုခံရုပ်,နမ်ဆိုတာ လက်စသတ်တော့ အချည်းနှီးကိုး၊ အနှစ်မဲ့တရားတွေဘဲကိုး၊ ပျက်စီးဆုံးပါးသွားကြရတဲ့ အလဟဿ တရားမျှသာဘဲကိုး" ဟူ၍....။

သင်္ချိုင်းကုန်းနယ်မြေဖြစ်ပါ၏။ ဤခံစားချက်မျိုးကို "ဂူ" ပေါ်၌ထိုင်တော့မှမဟုတ်၊ ဤနယ်မြေသို့ချဉ်းနင်းဝင်ရောက်စ ကာလကတည်းက ပေါ်ခဲ့ဘူးပြီ ဖြစ်ပါ၏။ အကာလ ည အခါဖြစ်၍လည်း ဤသို့သောခံစားချက်မျိုး ဖြစ်ပေါ်လာဟန်တူသည်။ ဤခံစားချက်ကြောင့်ပင် ဘဝင်၌ ပူရှိန်းရှိန်းတင်းကြပ်ကြပ်၊ ဦးခေါင်း၌ အခိုးလုံးကြီး ရိပ်ရိပ်မိုးနေခဲ့ခြင်း ဖြစ်၏။ အော်.... သန်ကောင် သင်္ချိုင်းနယ်မြေ၌ တရားထိုင်ခြင်း၊ သုသာန်ဓုတင်ဆောင်စဉ် ဖြစ်ပါ၏၊

အလောင်းကောင်များမြှုပ်နှံရာ မြေပုံအကြား၊ ဂူအနားဝယ် တရားထိုင်စဉ်က ဖြစ်ခဲ့ပါ၏။

ဘဝင်၌ပူနေသည်မှာ သောကကြောင့်၊ ခေါင်းနပန်းကြီးနေသည်မှာ ကြောက်စိတ်ကြောင့် ကြောက်မည်ဆိုကလည်း ကြောက်စရာပင်၊ လရောင်,ကြယ်ရောင်အောက်၌ ဂူဖွေးဖွေးများ၊ သစ်ပင်အုပ်ကြီးများက သင်္ချိုင်းမြေ၏ ထူးခြားသော ဝန်းကျင် ဖြစ်နေ၏။ အချို့ဂူများကို ချုံပိတ်ပေါင်းများက လွှမ်းခြုံဝါးမျိုသွားခဲ့ကြသည်။ အချို့ မဲမဲအရိပ်ကျရာ

များဆီသို့ စူးစိုက်၍မကြည့်ရဲ၊ ကြည့်လိုက်မိလျှင် ဘာကောင်ကြီးထွက်လာမလိုလို၊ စိတ်အတွေးစိတ်အထင်များ၊ အော်.... တရားထိုင်မယ်ဆိုပါမှ ဘာ့ယ်ကကြောက်စိတ်တွေ ပေါ်လာရတာလဲ၊ အချို့ဂူကွဲများမှ လူရိုးခေါင်းများ လရောင်အောက်၌ ဖွေးဖွေးဖြူဖြူ ပြူထွက်လာကြသည်။ အနံ့ဆိုးများမှာ မိုးရွာပြီးနောက် လေနှောက်သဖြင့် ပျံ့နှံ့လျက်ရှိ၏။ အော် ... ကြောက်စရာသင်္ချိုင်းမြေမှ သန်ကောင်ယံအပုပ်နံ့။

လူသည် ကိုယ့်ရုပ်ကိုယ့်နာမ် ဥပါဒါန် ကပ်လေ့ရှိကြရာ အပုပ်ကောင် အလောင်းကောင်များ မြှုပ်နှံရာသင်္ချိုင်းမြေ၌ သေဆုံးသူများ၏ဝိဥာဉ်များ ရှိကြသည်ဟု သက်ဝင်စွဲလန်းထားကြ၏။

ယခု တရားအားထုတ်နေသည်မှာ ဂူတခု၏ အပေါ်၌ဖြစ်၏။ ကြောက်စိတ်များကြောင့် ခေါင်းကြီးနေ၏။ သောကစိတ်များကြောင့် ရင်ပူနေ၏။ ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်းနှင့် ဟင်... နင်လားဟဲ့ အရှုခံတရား ဉာဏ်အားကိုးပြီး ကြိုးစားအပျက်ရှုလိုက်ကြဦးစို့။

နာရီဝက်ခန့်ကြာသော် ရင်ထဲ၌ ပေါ့သွားသည်။ နာရီသုံးမတ်ဝန်းကျင်တွင် ကြည်လင်သွားသည်။ ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်းများမလာတော့၊ ရှင်းလင်းသွားသည်။ အော် အပျက်တရားများပါတကား။

အော်သည်ဉာဏ်က သည်နမ်ကိုဝေဘန်လိုက်လျှင် ကြောက်စိတ်တို့သည် အနိစ္စ၊ အနတ္တ အလဟဿ အချည်းနှီးပျက်သုဉ်း

သွားကြသည့် အနှစ်မဲ့ ဒုက္ခသစ္စာကလေးများ မျှသာတကား။ တရားထိုင်ပြီး၍ ဥာဏ်ဝင်စားနိုင်လိုက်သောအခါ လရောင်အောက် သချိုင်းမြေသည် ငြိမ်သက်၍ အနှောင့်အယှက်ကင်းနေသည်။ ကြည်နူးစဖွယ်လရောင်အောက်တွင် ဖွေးဖွေးဖြူဖြူ ဂူကလေးများသည် အနိစ္စသင်္ကေတကို ယထာဘူတကျကျ သရုပ်ပြနေကြသည်။

**အော်....အောင်မြင်သွားမှုကိုး....။**

●တရားပလ္လင်ပေါ်၌ဖြစ်ပါ၏။ အပွဲပွဲနွှဲခဲ့လေသမျှ၌ကာလ ဤဌာနတွင် ဟဒယတုံနေရသည်မှာ ဘာကိုကြောက်လို့ပါလဲ ရင်ထဲ၌ခိုနေသည်တရားဟောဓမ္မကထိကကြီးဘာဖြစ်နေသလဲ။

အော်....ဒီလို တရားနာပရိသတ်မျိုးနဲ့ ပွဲမတိုးသေးဘူးလို့ပါ၊ မြန်မာနိုင်ငံမှ ပညာရှိကြီးများ တရားဝင်မေးခွန်းများ မေးမြန်း လျှောက်ထားကြမှာဆိုတော့ ဘဝင်တုန်တော့တာပေါ့၊ သို့သော်.... တရားသည် တရားကိုစောင့်ရှောက်သွားပါ၏။

တရားဝင်စားဟောပြယင်း ဘဝင်တုန်ရင်ခုန်ရပ်သွားသည်။ သင်္ခါရ အနိစ္စပေကိုး။ တရားဟောယင်း တရားဆင်ခြင်သည်။ တည်ငြိမ်သွားသည်။ အေးချမ်းသွားသည်။ မေးမြန်းသမျှ ဖြေဆိုနိုင်သည်။ ဒုက္ခ၏ အနိစ္စဖြစ်သွားရခြင်းအကြောင်းမှာ အနတ္တသဘာဝမျှသာပါ။ စိတ္တသင်္ခါရသည် အချည်းနှီး အနှစ်မဲ့ပါ။ ငါမဟုတ် လုပ်ကြံသမျှ အနိစ္စပါ၊ ဖြစ်ပေါ်လာသမျှ ဒုက္ခပါ။

ဒုက္ခသည် နောက်ဆုံးတော့ မြဲစေချင်လို့မရတဲ့ မပိုင်အပ်တဲ့ အနတ္တပါ၊ ဒါဟာ အပျက်လက္ခဏာမက်စရာ ဘာမရှိ ပြကတိ သစ္စာ ဉာဏ်အရာ လွှာသုံးလျှင် လုံးလုံးကြီး စိတ်ချကရပါမည်။ ထို့ကြောင့် နိဂုံးချုပ်ဆိုရသော် ရုပ်, နမ် သည် အပျက်ပါ (ဝါ) အချည်းနှီးပါ ဟူသတည်း။

# သစ္စာဝါဒီအသျှင်နန္ဒဝံသ(မဟာဝိဇ္ဇာ)
# ဟောကြားသည့်
# တရားတော် ကောက်ချက်များ

## သစ္စာဝါဒီ အသျှင်နန္ဒဝံသ [မဟာဝိဇ္ဇာ]
## ၏
## တရားတော်ကောက်ချက် ၉ - ပုဒ်

၁။ ဗုဒ္ဓ၏ သာသနာ့အရိပ်အောက်သို့ ဝင်ရောက်ခိုလှုံခြင်းဆိုင်ရာ နည်းပညာ တရားတော်ကောက်ချက်များ။

၂။ နိဗ္ဗာန်ချမ်းသာမြတ်အကြောင်း တရားတော်ကောက်ချက်များ။

၃။ ဝိပဿနာ နည်းပညာ တရားတော် ကောက်ချက်များ။

၄။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တည်ဆောက်အားကောင်းခြင်းဆိုင်ရာ တရားတော်များ။

၅။ စိတ္တာနုပဿနာ သိမှတ်ခြင်းနှင့် ရှုသတ်ခြင်းဆိုင်ရာ တရားတော် ကောက်ချက်များ။

၆။ သာသနာတော် စည်ပင်သာယာစေခြင်း တရားတော် ကောက်ချက်များ။

၇။ တရားသိလျှင် ဘုရားရှိသည် တရားတော်ကောက်ချက်များ။

၈။ ဝိပဿနာ လက်တွေ့ ကျင့်ကြံအားထုတ်ရာ၌ ကြုံတွေ့ရသော အခက်အခဲများ တရားတော်ကောက်ချက်များ။

၉။ သစ္စာရှင်သည် မေတ္တာရှင်ဖြစ်သည် တရားတော် ကောက်ချက်များ။

## မြတ်ဗုဒ္ဓ၏ သာသနာ့အရိပ်အောက်သို့ ဝင်ရောက် ခိုလှုံခြင်း ဆိုင်ရာ နည်းပညာ တရားတော်ကောက်ချက်များ

မြတ်ဗုဒ္ဓ၏ သာသနာတော်သည် ရုပ်,နာမ် ရှိသူတို့အား ငြိမ်းချမ်းအေးမြမှုကိုပေးဆောင် နိုင်စွမ်းရှိသည်။

ငြိမ်းအေးလိုသူတိုင်း မြတ်ဗုဒ္ဓ၏ သာသနာ့ အရိပ်အာဝါသအောက်သို့ ဝင်ရောက် ခိုလှုံ သင့်သည်။

ပညာရှင်တို့သည် သစ္စာတရားကို မြတ်နိုး ကြသည်။ ရှာဖွေကြသည်။ ဖြန့်ဖြူးကြသည်။

သစ္စာတရားသည် လူသားတို့အတွက် သိ ထိုက်သော၊ သိသင့်သော၊ သိအပ်သော၊ သိကောင်းသော၊ သိနိုင်သော အခြင်းအရာ လက္ခဏာအမျိုးအစားဖြစ်သည်။

သစ္စာတရားကို ရှာဖွေရာ၌ ထိုက်တန်သော ပေးဆပ်မှုများကိုပေးဆပ်ရသည်။

ဥပမာ ထိုက်တန်သော ကိုယ်ကျိုးစွန့်လွှတ် မှု၊ သစ္စာတရားအား ဖုံးလွှမ်းထားသော မသိ

မောဟ၊ အဝိဇ္ဇာကို ချိုးဖောက်ချေဖျက်ရာ၌ ထိုက်တန်သော ဇွဲ၊ သတ္တိ၊ ဝီရိယများ၊ သည်းခံ မြော်မြင် ဆင်ခြင်နိုင်မှု စွမ်းပကား၊ စိတ်ရှည် ကြံ့ခိုင်မှုအင်အား စသည်တို့ ဖြစ်သည်။

ပကတိ တည်ငြိမ်မှုဖြင့် သစ္စာတရားကို ထိုးဖောက် ရှုမြင်နိုင်ရမည်။ မြင့်မြတ်မှန်ကန်သောအကျင့်တို့၌ ကြိုးစားကျင့်ကြံ အားထုတ်ခြင်းဖြင့်သာလျှင် တန်ဆာ ဆင်အပ်လေသည် တကား။

## နိဗ္ဗာန် ချမ်း သာ မြတ် အ ကြောင်း
## တရားတော်ကောက်ချက်များ

နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်သည်။

နိဗ္ဗာန်သည် ချမ်းသာစစ် ချမ်းသာမှန်၏ အကြောင်းရင်းဖြစ်သည်။

နိဗ္ဗာန်သို့ ဉာဏ်ပညာစခန်းဖြင့် တက်လှမ်းနိုင်သည်။ ဉာဏ်ပညာကို မြတ်ဗုဒ္ဓ သာသနာတော်၌ ရရှိနိုင်သည်။

ပြီးပြည့်စုံသော စင်ကြယ်မှုမရှိသည့် မည်သည့်ရုပ်,နာမ်မှ နိဗ္ဗာန်သို့ မစံဝင်နိုင်ပါ။

လွဲမှားသော စိတ်ကူးဖြင့် နိဗ္ဗာန်ကို မမြင်တွေ့နိုင်ပါ။

ကိလေသာကို အောင်နိုင်တော် မူကြကုန်သော သူတော်စင်တို့သည်သာ နိဗ္ဗာန်နန်းစံမြန်းနိုင်တော် မူကြကုန်သည်။

နိဗ္ဗာန်သည် အံ့ဩဘွယ်ရာကောင်းလှစွာသော ထူးဆန်းသည့် အသခ်တဓာတ် အမြတ်တရားပေတည်း။

နိဗ္ဗာန်ဖြစ်ပေါ်လာအောင် မည်သည့်ပုဂ္ဂိုလ်ကမျှ မပြုလုပ်၊ မဖန်တီးနိုင်၊ နိဗ္ဗာန်ကို သိမြင်နိုင်ရန်သာ ကြိုးစား စွမ်းဆောင်နိုင်သည်။

ထို့ကြောင့် နိဗ္ဗာန်သည် နူးညံ့သိမ်မွေ့လှသည်နှင့်အမျှ သိမြင်နိုင်ရန် ခက်ခဲနက်နဲလှစွာသော အမှန်တကယ် တည်ရှိသည့် အမြတ်ဆုံး တရားတော်ပင်တည်း။

❦

## ဝိဿပနာ နည်းပညာ တရားတော် ကောက်ချက်များ

ဝိပသနာ နည်းပညာ ဘာနှင့်ရှုရသနည်း။
ဉာဏ်ဖြင့်ရှုရသည်။
ဘာကိုရှုရသနည်း။
ရုပ်,နာမ် ဒုက္ခကိုရှုရသည်။
ရှုသည်ဆိုသည်မှာ အဘယ်နည်း။
ဉာဏ်ဖြင့် အပျက်ဟု လက္ခဏာတင်ရသည်။
ဘယ်မှာရှုရမည်နည်း။
အတွင်းရုပ်, နာမ် ဘဝင်မနေသောပေါက် ဓမ္မသင်္ချိုင်း၌ရှုရမည်။
ရှုလျှင် ဘာဖြစ်မည်နည်း။
နိဗ္ဗာန်တွေ့မည်။
အဘယ့်ကြောင့်ပါနည်း။

ဒုက္ခကို အပျက်ရှုသော ဉာဏ်သည် ရှုလေလေ ထက်မြက်လေလေဖြစ်လျက် နောက်ဆုံး ဒုက္ခအပျက်၏ နိဂုံး၌ ဒုက္ခချုပ်ရာ နိဗ္ဗူတာကို ဒုက္ခအား ကုန်ဆုံးသည်အထိ ရှုသတ် ပိုင်းဖြတ် ပယ်စွန့်နိုင်သော ဉာဏ်အရာဖြင့် သိမြင်တွေ့ရှိနိုင်မည်ဖြစ်သောကြောင့်တည်း။

တရားမရှုလျှင် ဘာဖြစ်မည်နည်း။

တရားမရှုလျှင် **အဝိဇ္ဇာ**တဏှာ မောင်းနှင်ရာသို့ မိုက်မဲစွာ သံသရာ၌လှည့်ကာ ဆင်းရဲစွာဖြင့် အိုနာသေးဘေး ပြေး၍မလွတ် ဝဋ္ဋဒုက္ခခံစားရမည်။

## မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်ဆောက်အားကောင်းခြင်းဆိုင်ရာ တရားတော်ကောက်ချက်များ

မည်သည့်အရာမှ အကြောင်းမဲ့မဖြစ်ပေါ် နိုင်ပါ၊ ထို့အတူ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလည်း အကြောင်းကင်းသည် အဖြစ်နှင့် မရရှိ မပိုင်ဆိုင်နိုင်ပါ။

အရိယာတိုင်းသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ပိုင်ရှင်များဖြစ်ကြလေရာ မည်သည့် အရိယာမဆို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိပိုင်ဆိုင်ရရှိနိုင်အောင် အကြောင်းခံရသည်သာဖြစ်သည်။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟူသည် ဒုက္ခကို ကုန်ဆုံးချုပ်ငြိမ်းအောင် အဆင့်ဆင့် ပိုင်းခြားပယ်စွန့်နိုင်သော ကျင့်စဉ်ရှိသူတို့ နိဗ္ဗာန်သို့ မျက်မှောက်ပြုရာ၌ အသုံးပြုသည်။

ထက်မြက်သည်နှင့်အမျှ နူးညံ့သော၊ သိမ်မွေ့သည်နှင့်အမျှ လေးနက်သော၊ ပိုင်းဖြတ်သည်နှင့်အမျှ ထိုးထွင်းသော၊ ကြည်လင်သည်နှင့်အမျှ အေးမြသော၊ ဂုဏ်ရည်များနှင့် ပြည့်

စုံသည့် ကရိယာ တန်ဆာပလာများပင်ဖြစ်သည်။

အဆိုပါ မင်္ဂဥာဏ် ဖိုလ်ဥာဏ် လက်နက်ကရိယာများကို မိမိတို့ကိုယ်တိုင် လုံလောက်သော အကြောင်းခံ တရားများဖြင့် ဖွဲ့စည်းတည်ဆောက် တိုးတက်အားကောင်းရသည်။

ပယ်နိုင်၊ စွန့်နိုင်၊ သတ်နိုင်၊ ဖြတ်နိုင်လေလေ မဂ္ဂင်အင်အား ကြီးမားလေလေဖြစ်သည်။ ထိုးထွင်းနိုင်၊ ဆင်ခြင်နိုင်၊ ငြိမ်းချမ်းနိုင်၊ အေးမြနိုင်၊ မျက်မှောက်ပြုနိုင်လေလေ၊ ထိုအင်အား ကြီးမားလေလေဖြစ်သည်။

နိဗ္ဗာန်သည် ထိုအင်အားအကောင်းဆုံးကို ဖြစ်စေသော အငြိမ်းဓာတ်ကြီးတခုပေတည်း။

## စိတ္တာနုပဿနာသိမှတ်ခြင်းနှင့် ရှုသတ်ခြင်းဆိုင်ရာ တရားတော်ကောက်ချက်များ

စိတ်ဖြင့် စိတ်ကိုမရှုနိုင်ပေ၊ စိတ်သည် စွန့်ပယ်ရမည့်အရာဖြစ်၍ ဉာဏ်သည်တည်ဆောက်ပွားများရမည့် တရားဖြစ်သည်။

စိတ်သည် ကုန်ဆုံး ချုပ်ငြိမ်းရမည့် တရားဖြစ်၍ သင်္ခတနယ်အတွင်း၌ တည်ရှိသည်။

နိဗ္ဗာန်သည် မျက်မှောက်ပြုရသော တရားဖြစ်၍ မပျက်မစီးနိုင်သော အသင်္ခတဓာတ်၊ မြတ်သောတရားထူးပေတည်း။

စိတ်သည် ပျက်စီးရန် ဖြစ်ပေါ်လာရသည့် နည်းတူ အကြောင်းမကင်းသော အပြုအပြင်ခံ ဓာတ်သဘာဝဖြစ်သည်။ စိတ်သည်အပျက်တည်းဟူသော ဘင်စွန်း၏ဒဏ်ကို ခံရသည့် ပျက်စီးရန် ဦးတည်နေသော သင်္ခတအမျိုးအစားဖြစ်သည်။

နိဗ္ဗာန်မှာမူ ထာဝရ တည်မြဲလျက်သာရှိသည်။ နိဗ္ဗာန်သည် အစ၊ အလယ်၊ အဆုံး မရှိဟူ၍၊ ဖြစ်စ ဖြစ်လယ် ဖြစ်ဆုံးမရှိဟူ၍ ကာလသုံးပါးမှ လွန်မြောက်လေသည်။

ထိုနိဗ္ဗာန်သို့ စံဝင်နိုင်ရန် ဉာဏ်ယှဉ်ကြရပေမည်။ ဉာဏ်ဆိုသည်မှာ စိတ်၏အပျက်ကိုမြင်သော စွမ်းရည်ကို ပိုင်ဆိုင်သည်။ ထို့ကြောင့် စိတ်ကို စိတ်ဖြင့်သိမှတ်နေခြင်းထက် စိတ်ကို ဉာဏ်ဖြင့် ရှုသတ်နေခြင်းက အကျိုးသက်ရောက်မှု ထူးခြားစေသည်ဖြစ်၍ အပျက်ကို အပျက်ဖြင့်မမှတ်ပဲ အပျက်ကို မဂ်ဖြင့်သတ်ခြင်းသည် နိဗ္ဗာန်စံဝင်ရေး၏ အဓိကသော့ချက်ပင် ဖြစ်တော့သည်။

ပယ်စွန့်ရမည့်စိတ်ကို ပွားများတည်ဆောက်ရမည့်မဂ္ဂင်ဖြင့်ရှုသတ်ပိုင်းဖြတ်ပါဟုသတည်း။

## သာသနာတော် စည်ပင်သာယာစေခြင်း တရားတော်ကောက်ချက်များ

မြတ်ဗုဒ္ဓ၏ သာသနာဆိုသည်မှာ မြင့်မြတ်လှစွာသော သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ကိုယ်တော်မြတ်ကြီး၏ အဆို အဆုံးအမများပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ အဆိုအဆုံးအမများသည် ရုပ်,နာမ်ရှိသူတို့အတွက် ငြိမ်းအေးချမ်းသာမှုကို ဖြစ်စေနိုင်သည်။

ရုပ်,နာမ်တို့အား ဆင်းရဲပူလောင်စေသော လောဘ၊ ဒေါသ၊ မောဟ မီးများကို မဂ်ရေစင်ဖြင့် ငြိမ်းသတ်၍ငြိမ်းအေးစေနိုင်သည်။ မဂ်ရေစင်ကို မြတ်ဗုဒ္ဓသာသနာတော်၌ ရရှိလေသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓသာသနာတော် စည်ပင်သာယာစေရန်လည်းကောင်း၊ အဓွန့်ရှည် တည်တံ့စေရန်လည်းကောင်း၊ ကြိုးပမ်း အားထုတ်ခြင်းသည် မြင့်မြတ်သော ကျင့်စဉ်တခုဖြစ်သည်။

ရုပ်,နာမ်ရှိသော လူသားများ အတွက် အကျိုး ဖြစ်ထွန်းစေသော ကျင့်စဉ်တခုဖြစ်သည်။

လူတိုင်းလူတိုင်းမိမိတို့၏ရင်ထဲ၌ သာသနာ တည်ရန် သို့မဟုတ် ဓမ္မစေတီတည်ရန် ကျင့်ကြံကြိုးစား အားထုတ်သင့်လှသည်။ မိမိတို့၏ ရင်ထဲ၌ သာသနာ ဓမ္မစေတီ တည်ထား ကိုး ကွယ်ခြင်းသည်မြတ်ဗုဒ္ဓသာသနာတော်အတွက် တဖက်တလမ်းမှ ဆောင်ထမ်းရာမည်ပါသည်။ သာသနာ စည်ပင်သာယာစေရေးနှင့် အဓွန့် ရှည် တည်တံ့စေရေးအတွက် ရည်ညွှန်းလျက်။

## တရားသိလျှင် ဘုရားရှိသည် တရားတော်ကောက်ချက်များ

အမှန်တရား လေး မျိုး ရှိ သည်။ ပထမ အမျိုးအစားမှာ ရုပ်,နာမ်သည် ဆင်းရဲသည် ဟူသော သဘောပင် ဖြစ်သည်။

ဒုတိယ အမျိုး အစားမှာ ဆင်းရဲသော ရုပ်,နာမ်၏ အကြောင်းရင်းသည် အမှန်ရှိ၏ ဟူသော အဘောပင်ဖြစ်၏။

တတိယ အမျိုးအစားမှာ ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာ သဘောအမှန်ပင်ဖြစ်သည်။

စတုတ္ထနှင့် နောက်ဆုံး အမျိုးအစားမှာ ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာ သဘောနှင့် ပတ်သက်၍ ခိုင်လုံသော အကြောင်းရင်းမှန် ကေန် ရှိသည်ဟူ၍ ဖြစ်သည်။

ဆင်းရဲခြင်းကို သိနားလည်ခြင်း၊ ဆင်းရဲခြင်း၏ အကြောင်းရင်းကို သိနားလည်ခြင်း၊ ဆင်းရဲခြင်း ချုပ်ငြိမ်းရာကို သိနားလည်ခြင်း၊ ဆင်းရဲမှုချုပ်ငြိမ်းခြင်း၏ အကြောင်းကို သိနားလည်ခြင်းသည် တရား သိခြင်း ပင်ဖြစ် သည်။

ထို တရားကိုသိလျှင် သဗ္ဗညုတ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ တည်ရှိမှု ကို ကိုယ်တိုင် ကိုယ်ကျ ကိုယ်ပိုင် ဉာဏ်ဖြင့် သိရှိ နားလည် သဘောပေါက် သွားပါလိမ့် မည်။

ထို့ကြောင့် တရားစစ် တရားမှန်ကို သိရှိ နားလည်သော ပညာရှင်များသာလျှင် ဘုရားစစ် ဘုရားမှန်၏ သို့မဟုတ် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး၏ တည်ရှိမှုကို ဟုတ်တိုင်း မှန်စွာ ဉာဏ်ပညာနှင့် ကောင်းစွာသိမြင် ထိုးထွင်း ဆင်ခြင်နိုင်ပါလိမ့်မည် ဟုသတည်း။

## ဝိပဿနာလက်တွေ့ကျင့်ကြံအားထုတ်ရာ၌ တွေ့ကြုံရသော အခက်အခဲများ၊ တရားတော်ကောက်ချက်များ

ဝိပဿနာ နည်းပညာသည် မိမိအတ္တကို ပယ်စွန့်ရသော ကျင့်စဉ် နည်းပညာဖြစ်သည်။

အနမတဂ္ဂသံသရာမှ အကျင့်ရ အလေ့ထုံလာသော ငါအတ္တ သိပ်သည်းကျစ်လစ်မှုကို တလွှာချင်း တလွှာချင်း ခြေဖျက်ရသည်ဖြစ်၍ ခက်ခဲ နက်နဲသည်။

ဝိပဿနာကျင့်စဉ်သည်နူးညံ့သိမ်မွေ့သော ဉာဏ်ပညာနှင့် ယှဉ်ရသည် ဖြစ်၍ သိနိုင်၊ မြင်နိုင်၊ တတ်ကျွမ်းနိုင်ရင် ခက်ခဲနက်နဲသည်။

ဝိပဿနာကျင့်စဉ်သည် တိကျသေချာရသည် ဖြစ်၍ အတိမ်းအစောင်း မခံသဖြင့်ခက်ခဲနက်နဲသည်။

အာသဝတို့၏ စီးယိုမှုကို ဟန့်တားပိတ်ပင် ခြေဖျက်အောင်မြင်ခြင်း၌ ခက်ခဲနက်နဲသည်။ အဝိဇ္ဇာကို ဝိဇ္ဇာဉာဏ်ဖြင့် ထိုးဖေါက်ရှုသတ်ပိုင်းဖြတ်ခြင်း၌ ခက်ခဲနက်နဲသည်။

## သစ္စာရှင်သည် မေတ္တာရှင်ဖြစ်သည်
## တရားတော်ကောက်ချက်များ

သစ္စာရှင်သည် အမှန်မြင်ရန် ဥာဏ်ယှဉ်ရသော ပုဂ္ဂိုလ်ဖြစ်သည်။ သစ္စာရှင်သည် အမှန်သစ္စာအား ဖုံးလွှမ်းနေသော မောဟခေါ် အဝိဇ္ဇာကို တိုက်ခိုက်ဖြိုဖျက်သည်။

သစ္စာရှင်သည် မိမိကိုယ်တိုင် အပြစ်ကင်းစင်သူဖြစ်အောင် တည်ဆောက်သည်။ သစ္စာရှင်သည် မိမိကိုယ်ကို အမှန်အတိုင်း မြင်သိနိုင်ရန် ကြိုးစားခြင်းအမှု၌ အကျင့်ရနေသူ ဖြစ်သည်။

ထို့ကြောင့် တပါးသော ရုပ်,နာမ်တို့အပေါ်၌လည်းပုဂ္ဂိုလ်စွဲမထားမူ၍ယထာဘူတကျကျ ရှုမြင်သုံးသပ်နိုင်မှုရှိသည်။ သစ္စာရှင်သည် ရိုင်းစိုင်းကြမ်းတမ်း ညစ်ထေးမှုများကိုပယ်စွန့်ထားသည်ဖြစ်၍ တပါးသူအပေါ် ယဉ်ကျေး သိမ်မွေ့စွာ အပြု သဘောဖြင့် ကောင်းကျိုး လိုလားသည်။ သစ္စာရှင်သည် တပါးသူကို ချမ်းသာစေချင်၏။

သစ္စာဝါဒီအသျှင်နန္ဒဝံသ(မဟာဝိဇ္ဇာ)
ဟောကြားတော်မူသော တရားတော်

# ဝိပဿနာ နည်းပညာ

# ဝိပဿနာ နည်းပညာ

ဝိပဿနာ နည်းနိဿယနဲ့ပတ်သက်တဲ့ ဝိပဿနာနည်းပညာကို ဟောခဲ့ပါတယ်။ ဝိပဿနာ နည်းပညာ ဆိုတာကတော့ သစ္စာတရားကိုရှာဖွေလိုတဲ့ ပုဂ္ဂိုလ်များ ကိုင်တွယ်အသုံးပြုရမဲ့ လက်နက်ခဲယမ်း မီးကျောက်တွေ၊ လက်နက် ကရိယာတန်ဆာပလာတွေ ဖြစ်ပါတယ်၊ သစ္စာတရားတည်းဟူသော ရတနာပန်းကုံးကို ဆွတ်ချူဘို့အတွက် ဒီတံချူ မပါယင် မရနိုင်လို့ ဝိပဿနာနည်းပညာကို စတင်ပြီးတော့ အဖွင့်အနေနှင့်ဟောခဲ့ပါတယ်။

ဝိပဿနာ နည်းပညာမှာ ဝိဆိုတာ အထူး၊ ပဿနဆိုတာ ရှုသတ်ခြင်း၊ ရုပ်,နာမ်မှာ အမှန်တရားကို မမြင်စေနိုင်တဲ့ ဒီ နိဝရဏတရားတွေကို ရှုကြစို့၊ သတ်ကြစို့ဆိုပြီး ဝိပဿနဒီ ဒဿနကို သစ္စာတရား ရရာရကြောင်း နည်းလမ်းကောင်း အဖြစ်နဲ့ ဟောခဲ့ပါတယ်။

ဝိပဿနာဆိုတာ ရှုသတ်ရမှာမို့ ဘာနဲ့ရှုရမတုန်း၊ဘယ်မှာ ရှုရမတုန်း၊ ရှုတယ်ဆိုတာဘယ်လိုတုန်း၊ ရှုလိုက်တော့ ဘာဖြစ်သွားသတုန်း။ ဘာတွေ ရှုသတုန်း ဆိုတဲ့ ဒီမေးခွန်းတွေရဲ့ အဖြေကိုလဲ ထိုက်တန်သလောက် ပေးခဲ့ပါတယ်၊ ဉာဏ်ပညာ

နဲ့ရှုကြစို့၊ အဇ္ဈတ္တဘာဝင်မှာ ရှုကြစို့၊ ရုပ်,နာမ်ဒုက္ခကိုရှုကြစို့၊ ရှုတယ်ဆိုတာ အပျက်ဆိုတဲ့သဘောနဲ့ သုံးသပ်ကြည့်ခြင်းဖြစ်တယ်။

ရှုလိုက်တဲ့အတွက် မိမိဉာဏ်တက်ပြီး နောက်....ရုပ်,နာမ်ကို ဖုံးလွှမ်းနေတဲ့ အဝိဇ္ဇာတဏှာ ဦးခုံကြီး ပေါက်ကွဲသွားလိမ့်မယ်၊ ဒါကြောင့် ဝိပဿနာ နည်းပညာနဲ့ ပတ်သက်လို့ ပထမ ညအနေနဲ့ ဟောပြခဲ့ပါတယ်၊ ဒုတိယ ညမှာတော့ ဝိပဿနာ နည်းပညာကို ကျင့်သုံးဆောက်တည်တဲ့ ပုဂ္ဂိုလ်များအတွက် ဘာရနိုင်သတုန်း၊ အရိယာဉာဏ်မျက်လုံးကိုရနိုင်ပါတယ်။

အရိယာ ဉာဏ်မျက်လုံးဆိုတာ ရိုးရိုးမံသစက္ခုလို့ခေါ်တဲ့ ရိုးရိုးမျက်လုံးနဲ့မတူပါဘူး၊ ထွင်းဖောက်ပြီးတော့ ကြည့်နိုင်ပါတယ်၊ ရိုးရိုး မျက်လုံးမမြင်နိုင်တဲ့ အရာတွေကို အရိယာမျက်လုံးက မြင်ပါတယ်၊ ဥပမာ ဒုက္ခကိုဒုက္ခမှန်း မြင်သာပေတဲ့ အဲဒီဒုက္ခရဲ့ အကြောင်းအရင်း ဇစ်မြစ်ဖြစ်တဲ့ သမုဒယကိုဒုက္ခရဲ့ ရှေ့ပြေးအနေနဲ့ ရိုးရိုးမျက်လုံးနှင့် မမြင်နိုင်တဲ့အခါမှာ ဒီအရိယာဉာဏ်မျက်လုံးက မြင်နိုင်တယ်၊ဒါကြောင့် အရိယာသူတော်စင်တွေဟာ သမုဒယကို ပယ်ခဲ့ကြတယ်။

သမုဒယ အကြောင်းခံယင် ဒုက္ခအကျိုး လာမယ်လို့ ကြိုတင်ပြီး သိခဲ့ကြတဲ့အကြောင်း ဇာတ်လမ်းကောင်းတွေနဲ့ အတူ ရောထွေးယှက်တင်ပြီးတဲ့နောက်လည်း ရှင်းပြခဲ့၊ ဟောပြခဲ့ပြီ၊ ဒီလိုအရိယာ၏ ဉာဏ်မျက်လုံးများပိုင်ပြီဆိုမှဖြင့် အတ္တ

မဖက် ခမ္မသက်သက်နဲ့ ခမ္မဓိဋ္ဌာန်ကျတဲ့ ဉာဏ်အမြော်အမြင်နဲ့ယှဉ်တဲ့ မေတ္တာစစ် မေတ္တာမှန် ဒီလောကကြီးကို ပို့သနိုင်တယ်။

မိမိအတ္တကို ဗဟိုပြုပြီး ကိုယ်ကောင်းဘို့အတွက် မဟုတ်ပဲနဲ့ တပါးသူတွေကို ကောင်းစားကြပါစေ၊ အကျိုးရှိကြပါစေ၊ ချမ်းသာခြင်းကို ဆောင်နိုင်ကြပါစေလို့ လာဘ်မျှော်ခံစားလိုစိတ်မရှိပဲ မိမိကိုယ်ကိုအတ္တနုဝါဒီအဖြစ်မှ ပယ်စွန့်ပြီးတဲ့နောက် မေတ္တာပို့သခြင်း အတတ်ပညာနဲ့ယှဉ်တဲ့ သူတော်စင် သူတော်မြတ်တွေ ထားရှိတဲ့မေတ္တာဟာ အင်မတန် ကြီးမားပါတယ်။

ထိရောက်လေးနက်တဲ့အကြောင်းနဲ့ ခံယူတတ်ယင် အကျိုးများ၍အကြောင်းတွေကို "မေတ္တာစစ် မေတ္တာမှန်" ဆိုတဲ့ တရားတော်မှာ ထည့်သွင်းဟောခဲ့ပါတယ်။ ဒီလိုအရိယာဉာဏ်မျက်လုံးရလို့ မေတ္တာစစ်မေတ္တာမှန် ပို့သနိုင်တယ်၊ ခံယူနိုင်တယ်ဆိုရင်ဘဲ သစ္စာတရားကိုစတင်ရှာဖွေကြစို့၊ အင်မတန်မှ နက်ရှိုင်းသော၊ တိကျသော၊ သိမ်မွေ့သော၊ နူးညံ့သော၊ အသိခက်သော၊ ပြတ်သားသော ထိုသစ္စာတရားကို ကြိုးစားရှာဖွေကြစို့။

သစ္စာတရားရှာဖွေတဲ့နေရာမှာ ဇွဲတွေ၊ သတ္တိတွေ၊ ဝီရိယတွေ၊ သဒ္ဓါတွေ၊ ပညာတွေ အမျိုးမျိုးလိုအပ်တဲ့ အကြောင်းကို ကိုယ်တိုင် ကျင့်သုံးဆောက်တည်ခဲ့တဲ့ ကိုယ်တွေ့ဗဟုသုတနှင့် ရောယှဉ်ပြီးတော့လည်းဟောခဲ့ပြီ၊ ဒီနေ့ညတော့ သစ္စာတရားကို တွေ့ရှိခြင်းခေါ်တဲ့ တရားတော်မြတ်ကို ဟောရမှာဖြစ်ပါတယ်။

ဒီတော့ ယနေ့ရောက်လာကြတဲ့ ဓမ္မယောဂီ ပရိသတ်တို့အား "သစ္စာတရားကိုတွေ့ရှိခြင်း" ခေါ်တဲ့ခေါင်းစဉ်ကို လေးလေးနက်နက် သဘောထားပြီး ဟောပြပါမယ်။ ဘာကြောင့်လဲဆိုတော့ တရားနာပရိသတ်ကြီးပဲ ဆင်ခြင်ပြီးတော့ ကိုယ်ချင်းစာကြည့်ပါဦး။ ဦးဇင်းတို့တတွေဟာ ဟိုးသံသရာဘဝအဆက်ဆက်က အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်ဖြစ်ခဲ့ကြတယ်။

သူ့သူ့ကိုယ်ကိုယ်ပေါ့၊ အဝိဇ္ဇာတဏှာရဲ့ကျေးကျွန်မဖြစ်ဘူးဆိုယင် ဦးဇင်းတို့တွေ ခုချိန်မှာ ရုပ်နာမ်ကြီးမရပဲ နိဗ္ဗာန်စံကုန်ကြလောက်ပြီ။ အဲဒီအတိတ်အတိတ်ဘဝတွေက သစ္စာတရားကို ရာနှုန်းပြည့်ပြည့်သိခြင်း၊ နားလည်ခြင်း မရှိခဲ့လေတော့ သမုဒယတဏှာတွေ အကြောင်းပြုမှုကြောင့် ဒီဘဝရုပ်,နာမ်ပြန်ရတယ်။

သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကောင်းစွာဟောကြားတော်မူအပ်သော သစ္စာတရားလေးပါးရှိတယ်။ လေးပါးအနက် ရှေးဦးစွာ ဒုက္ခသစ္စာ၊ ဒုက္ခဆိုတာက ဆင်းရဲခြင်း၊ သစ္စာဆိုတာက အမှန်တရား။ ဆင်းရဲခြင်း အမှန်ဘဲပေါ့၊ ဒီတော့ အရှင်ဘုရားရယ် တပည့်တော်တို့ဖြင့် မဆင်းရဲပါဘူး။ တပည့်တော်တို့လိုချင်တာတွေလဲ ရပါတယ်။

ပျော်လဲပျော်ပါတယ်ဘုရား၊ သုခဖြစ်ပါတယ်၊ ချမ်းသာပါတယ်အရှင်ဘုရား၊ ဘယ်လိုလုပ်ပြီး ဒုက္ခလို့တပည့်တော်တို့

နားလည်ရမတုန်းလို့ မေးမှာဘဲ။ပုထုဇဉ်စရိုက်အနေနဲ့ကတော့ ကိုယ်လိုချင်တာတွေရယင် ချမ်းသာတယ်လို့ ထင်မှာပဲ။

အဲ....ဒီချမ်းသာခြင်းကို အရိယာဉာဏ်မျက်လုံးနဲ့တိုက်ဆိုင်ပြီး ကြည့်ကြအုံးစို့။ အော်....တကယ်ချမ်းသာတယ် ထင်သလား၊ ဒီချမ်းသာတယ်ဆိုတာ တကယ်တော့ သာမညချမ်းသာခြင်းပါဘဲ၊ တကယ်စစ်မှန်တဲ့ချမ်းသာခြင်းမဟုတ်သေးဘူးတဲ့၊ လောကကြီးမှာရွှေအစစ်ကိုမရခင် ရွှေအတုကလေးနှင့်ကျေနပ်နှစ်သိမ့်သလိုပါပဲပေါ့။

ရွှေအစစ်ကိုရတဲ့အခါကျတော့ အဲဒီရွှေအတုကြီး ဘာလုပ်မှာတုန်း။ သစ္စာတရားတကယ်တွေ့ပြီး၊ သိပြီး၊ နားလည်ပြီး၊ သဘောပေါက်ပြီး၊ ပိုင်နိုင်ပြီး၊ ဝင်စားပြီး၊ မျက်မှောက်ပြုပြီးဆိုတော့ ဒီဝေဒနာကသုခဝေါတဲ့စိတ်နဲ့ပတ်သက်တဲ့ ချမ်းသာခြင်းတွေဟာ သာမညချမ်းသာခြင်းပါ။

ဘာကြောင့်တုန်း....ဘာကြောင့်တုန်းဆိုတော့ ဒီစိတ်ကိုကပျက်နေတဲ့ အရာမို့ အဲဒီချမ်းသာတဲ့ စိတ်ကလေးကလဲ ပျက်စီးမှာ၊ ဒီတော့ ပျက်စီးတဲ့စိတ်ရဲ့ ကျေနပ်နှစ်သိမ့်မှုနဲ့ခံစားရတဲ့ အဲဒီပီတိနဲ့လောဘသည် အရိယာဉာဏ်မျက်လုံးနဲ့ ကြည့်တော့လည်း ဒုက္ခအမှန်ပါဘဲ။ ဒီမှာဘက် ရုပ်,နာမ်မှာဖြစ်ပျက်နေတဲ့ စိတ္တသင်္ခါရ အားလုံးသည် ဒုက္ခသစ္စာဘဲ။ ဘယ်လိုများပါလိမ့်။

အော်....ရုပ်,နမ်တွေမှာဖြစ်ပေါ်နေရတဲ့ ရုပ်ဓမ္မ၊ နာမ်ဓမ္မသဘာဝရဲ့ ဖြစ်နေရတာကိုက ဒုက္ခပဲ၊ ဒီဒုက္ခချုပ်ငြိမ်း ရုပ်

သိမ်းပြီး နိဗ္ဗာန်ချမ်းသာမြတ်ကို ကိုယ်ပိုင်ဉာဏ်နဲ့ ဝင်စား တော့မှ စစ်မှန်တဲ့ချမ်းသာရမယ်။

သစ္စာဉာဏ်က အဲဒီမှာဆိုက်မှာ၊ ဘာကြောင့် စိတ်၏ဖြစ် ရပ်ကလေးတွေဟာ ဒုက္ခခေါ်ရတုန်း။ ဘာကြောင့် ဒုက္ခ ခေါ်ရတုန်းဆိုယင် ဖြစ်ပေါ်လာရတာကိုက ပျက်စီးခြင်း သဘောအဘပ်ထပ်ကို ဦးတည်လျက်နဲ့ ဖြစ်ပေါ်လာရတာမို့ အစစ်အမှန် ချမ်းသာခြင်းကို ဘယ်လိုမှယူလို့ မရဘူး။ စိတ် ဒုက္ခလေးတွေ ငယ်စဉ်တောင်ကျေးကလေးဘဝက ဖြတ်သန်း ပြီး ပျော်ရွှင်ခဲ့ကြရ၊ ကြည်နူးခဲ့ရတဲ့ ဖြစ်ရပ်ကလေးတွေ အခု ရှိသေးသလားဆိုတော့ မရှိတော့ဘူး။

ဒါဖြင့် အခုဘာရှိသတုန်း၊ အတိတ်က ပျော်ခဲ့တာတွေ ကို အခု ပြန်လည်ပြီး ဆင်ခြင်လိုက်တဲ့အခါ အဲဒီ ပျော်ရွှင် ခြင်းကို တပ်မက်မိတဲ့ လောဘသက္ကာယလေးနဲ့ အဲဒီပျော်နေ ရတဲ့ အဖြစ်ဘဝကလေးကို တပ်မက်နှစ်သက်တဲ့ ရာဂနဲ့ ယှဉ် တဲ့ ဘဝတဏှာလာရတယ်။

အော်....ဒီလိုဆိုတော့ ကြောက်စရာကြီးပါလား၊ မသိလို့ ကိုယ်ကပျော်မိ၊ အဲဒီပျော်ရွှင်ကြည်နူးမှုကလေးကို တပ်မက် ရင်းနဲ့ ပျော်ခြင်းကို နှစ်သက်ရာက ရာဂဖြစ်ပြီး အဲဒီရာဂမှ ဥပဒါန်ဝင်ကပ်သည်ရှိသော်၊ နောက်ထပ်တဖန် ထပ်မံ၍ ထိုကဲ့ သို့ ပျော်စရာကောင်းသည့် ဘဝမျိုး လိုလားခြင်းအားဖြင့် ဘဝဘဏှာ၊ ဘဝတဏှာဖြစ်ကတည်းက သဿတဒိဋ္ဌိနဲ့ယှဉ် သွားပြီ။ ဒီတော့ ရုပ်၊နာမ်တွေ ဖြစ်ပေါ်လာတာ စိတ်နဲ့ပတ်

သက်လို ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည် ဖြစ်စေ၊ ၎င်းတို့သည် ဒုက္ခစာရင်းထဲမှာဝင်တယ်။

အော်....ဒီတော့ ဒုက္ခစာရင်းမဝင်တာက ဘယ်လိုတုန်း။

ဒုက္ခစာရင်းမဝင်တာက အခြားမဟုတ်ဘူးတဲ့၊ အဲဒီ ပျော်စိတ်တွေရော၊ စိတ်ညစ်စိတ်တွေရော ရှုလိုက်လို့၊ သတ်လိုက်လို့ အပျက်မြင်ပြီး မဂ္ဂင်ဉာဏ်နဲ့ ဆင်ခြင်တဲ့နောက်မှ ဒီမဂ္ဂင်ဉာဏ်နဲ့ နိဗ္ဗာန်ကိုထိုးထွင်းပြီး မျက်မှောက်ပြုခြင်းရဲ့ ဟိုမှာဘက်တရား တွေ့သိခြင်းမှာ ရရှိအပ်တဲ့ ချမ်းသာစစ်ကမှတကဲ့ ချမ်းသာစစ်ဖြစ်တယ်။

အော်..ဒါဖြင့် အဲသလိုချမ်းသာစစ်ကို အရှင်ဘုရားရယ် တပည့်တော်တို့ ဘယ်လိုရမှာတုန်း၊ ဘယ်လိုရမတုန်းဆိုတာတွေဟောချင်လို့ပဲ ဒီခေါင်းစဉ်ပေးလိုက်ရပြီတဲ့၊ "သစ္စာတရားတွေ့သိခြင်း" သစ္စာတရားကို တွေ့သိခြင်းဆိုတော့ သစ္စာတရားဆိုတာက အမှန်၊ အမှန်တရားလေးပါးအနက်က ရုပ်နာမ်ဒုက္ခ၊ ဒုက္ခကို ဒုက္ခရယ်လို့မြင်တော့ ဒုက္ခကိုသိတဲ့ ဉာဏ်ပေါ်တဲ့အခါမှာ ခန္ဓာမှာ ဉာဏ်ရှိပြီး အဲဒီသစ္စာက ဒုက္ခသည်အမှန်ပါပဲလို့ သိလိုက်တဲ့အခါမှာ မိမိခန္ဓာမှာ ဉာဏ်အစပျိုးတယ်။ ပါဠိလိုတော့ ဒုက္ခဉာဏံ ပရိယုဋ္ဌာနဘာဝ ဘဝ နဝ သေန သက္ကာယ ဒိဋ္ဌိံ နိဝတ္တေတိ။

မြန်မာလိုကတော့ ငါ့ရုပ်တွေ ငါ့နာမ်တွေ မြဲတယ်ဟော့၊ ခိုင့်တယ်ဟော့၊ မာဘယ်ဟော့၊ တင့်တယ်တယ်ဟော့၊ သာယာတယ်ဟော့၊ နှိပ်စက်စရာမရှိဘူးဟော့၊ ကျေနပ်ဖွယ်ရာကောင်း

တယ်ဟေ့၊ ကြည့်နူးစရာကြီးဟေ့ ဒီလို မတွက်တော့ပဲနဲ့ အော် ရုပ်နာမ်ကြီး ရ,ထားတာ ဒီရုပ်နာမ်ကြီးဟာ တဖြည်းဖြည်းနဲ့ ကြီးရင့်နေတဲ့၊ အိုမင်းနေတဲ့၊ ရင့်ရော်နေတဲ့၊ ရွေ့လျောနေတဲ့၊ ပျက်စီးနေတဲ့ ဘေးဆိုးရဲ့ဒါဏ်ကို ခံရတယ်၊ ပြုမူနေတာပဲ၊ ကံတွေ၊ စိတ်တွေ၊ ဥတုတွေ၊ အာဟာရတွေရဲ့ ကျေးကျွန်ဖြစ်နေပြီလို့ အဲဒီလို ဒုက္ခ ရုပ်နာမ်ကို သဘောပေါက်လိုက်ယင်ပဲ အဲဒီပုဂ္ဂိုလ်သည် ဒုက္ခဉာဏ်ပျိုးလိုက်ပြီ၊ ဒီတော့ ဒုက္ခကြီး ဘာကြောင့်ရသတုန်းလို့ ထပ်မံ၍စဉ်းစားလိုက်ခါမှ ဒုတိယသစ္စာခေါ်တဲ့ သမုဒယသစ္စာ သဘောပေါက်မယ်တဲ့။

သမုဒယသစ္စာဆိုတာ ဘယ်လိုတုန်း၊ သမုဒယ သစ္စာဆိုတာက ဒီရုပ်နာမ်ကို ဆင်းရဲတယ်လို့ နားမလည်တဲ့အပြင် ပျက်သွားတာကိုလည်း သတိမယူဉ်မိတော့ ဒီရုပ်နာမ်ကိုပဲ လိုချင်မိလို့ ဒီရုပ်နာမ်ကိုပဲ စွဲလန်းတပ်မက်ကပ်ငြိပြီး လိုချင်နေတဲ့သဘောတွေဖြစ်လို့ အဲဒီလိုချင်ခြင်းကိုအကြောင်းခံလိုက်တော့ သမုဒယကို လက်ခံရာကျတယ်။

အဲဒီသမုဒယကို လက်ခံမိယင်ပဲ၊ ဒုက္ခက နောက်ကွယ်က လာတယ်၊ ဒါကြောင့် ဒုက္ခရဲ့အကြောင်းအရင်းသည် သမုဒယဖြစ်၏။ သမုဒယအကြောင်းခံယင် ဒုက္ခအကျိုးပေးမယ်။

အော်.... ဒီတော့ အရှင်ဘုရား၊ တပည့်တော်တို့က သစ္စာတရား ရှာဖွေနေတာ၊ တွေ့ရှိအောင် ရှာဖွေနေတာ၊ ဒီသစ္စာတွေ့အောင် ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေမှို ဒုက္ခကြီး ရှိနေသမျှ

ကာလပတ်လုံး သစ္စာမတွေ့ယင်၊ သစ္စာတွေ့အောင်၊ ဒုက္ခချုပ်အောင် ကြိုးစားတော့မယ်။

ဒုက္ခချုပ်အောင် ကြိုးစားတော့မယ်ဆိုတော့ အဲဒီ ဒုက္ခချုပ်အောင် ဘယ်လိုလုပ်ကြိုးစားရမတုန်း၊ ဒုက္ခချုပ်အောင် ကြိုးစားနည်းက ဒုက္ခကိုဖြစ်စေတဲ့ သမုဒယကို ပယ်ရမယ်၊ အော်....ဒီလိုဆိုတော့ သမုဒယတွေ ပယ်ချင်ပါတယ် ဘုရား၊ သမုဒယကို ဘယ်မှာပယ်ရမယ်၊ ဘယ်လိုပယ်ရမတုန်း၊ကောင်းပြီ သမုဒယ ဘယ်မှာပယ်ရမယ်ဆိုယင်၊ တခြားမှာမပယ်ရဘူးတဲ့ တရားနာ ပရိသတ်ကြီး၊ သမုဒယဆိုတာ ကိုယ့်ရင်ထဲမှာ ရှိတယ်။

ကိုယ့်ရင်ထဲကစိတ်နဲ့အတူ ယှဉ်တွဲပြီး ဖြစ်ပေါ်တဲ့ အဲဒီ သမုဒယကို ပယ်ရမယ်တဲ့၊ ဒီဒုက္ခကို နှစ်သက်နေတဲ့ သမုဒယကို ပယ်ချင်တော့ ဒုက္ခကို မနှစ်သက်ပဲ၊ ဒုက္ခကို အပျက်ရှုခြင်းသည် သမုဒယကိုပယ်ယင်းနဲ့ ဒုက္ခကို ချုပ်ဆုံးစေတယ် တရားနာပရိသတ်ကြီး။

ဒီနေရာမှာ နက်နဲသွားပြီး၊ သမုဒယကို ဘယ်မှာပယ်မတုန်း၊ ကိုယ့်ရင်ထဲမှာပယ်မယ်၊ ကိုယ့်ရင်ထဲမှာ ဘယ်လိုပယ်မှာတုန်း၊ ဘာကြောင့် သမုဒယပယ်ပြီးသား ဖြစ်ရသတုန်း၊ အော်....စောစောကတော့ ဒုက္ခကို ဒုက္ခမှန်းမသိဘူး၊ ဒုက္ခကို ဒုက္ခမှန်းမသိလို့ အဲဒီ ဒုက္ခကြီးကို လိုချင်လို့ ဒုက္ခကိုပဲ ရင်ဝယ်ပိုက်ခဲ့တယ်။

အခုတော့ ဒုက္ခကို ဒုက္ခမှန်းသိလို့ ဒုက္ခကို မလိုချင်လို့၊ အဲဒီ ဒုက္ခကို မလိုချင်လို့ ဒုက္ခ အပျက်ရှုရတဲ့ သတ္တိဟာ

သမုဒယကိုကျော့ခိုင်းလိုက်တာပဲ၊ သမုဒယကိုကျော့မခိုင်းယင် သမုဒယ အကြောင်းပြု ပြီးတဲ့နောက် ဒုက္ခသာ ဒီဒုက္ခကိုပဲ ဆက်ပြီးရင်ဝယ်ပိုက်လိုတဲ့ သဘောထားတော့ နောက်ထပ် တဖန် ဒုက္ခလာတာပဲ။

တနည်းအားဖြင့် မျိုးစေ့ကလေးတခုဟာ သစ်ပင်စိုက်လို့ သစ်ပင်က သစ်သီး့သီးပြီး၊ ဒီ သစ်သီးကတဖန် သစ်ပင်ပြန်ဖြစ်၊ အဲဒီမျိုးစေ့ကတဖန် ပြန်ဖြစ်တဲ့ နောက်သစ်ပင်ပေါက်၊ သစ်ပင်ကတဖန် သစ်သီး့သီး၊ ဒီသစ်သီးကတဖန် မျိုးစေ့ပြန်ဖြစ်ယင် နောက်ထပ်တဖန် သစ်သီး့သီးစရာတွေပေါ်တော့မယ်၊ ဒါကြောင့် ဒီမျိုးစေ့ကို ဆက်လက်ပြီး သစ်ပင်မဖြစ်ရအောင် မျိုးစေ့က သစ်ပင်ပေါက်စရာ အလားအလာတွေကို ကုန်ဆုံး ချုပ်ငြိမ်းအောင်လို့ မီးအိုးကင်းပေါ်မှာ ထည့်ပြီး လှော်လိုက်သလိုပဲ၊ ဒုက္ခရုပ်နာမ်ကို ငြိတွယ်နေတဲ့ သမုဒယကို ပါယ်သတ်ချင်တော့ ဒီဒုက္ခကို အပျက်ရှုလိုက်တာပဲ။

အရှင်ဘုရား ဘာနဲ့အပျက်ရှုမလဲဆိုတော့ အော်....ဝိပဿနာ နည်းပညာနားလည်ပြီးသားပဲ၊ဒီဒုက္ခရုပ့်နာမ်ကိုဉာဏ်ပညာနဲ့ အပျက်ရှုလိုက်ပေါ့၊ ဉာဏ်ပညာနဲ့ ဘယ်လိုအပျက်ရှုရမတုန်း ဆိုတော့ ကိုယ့်ရုပ်ကိုယ့်နာမ် ကိုယ်ပိုင်တယ်လို့ မယူနဲ့၊ အတ္တ၊ သတ္တ၊ ဇီဝ၊ နဲ့မယူပဲနဲ့ ပရတော့ပဿနွ ဒီရုပ့်နာမ်ကိုတစိမ်းပြင်ပြင် မင်းအပျက်ကွာလို့ ဉာဏ်နဲ့ရှုလိုက်၊ ရှုလိုက်တဲ့အခါကျတော့ သမုဒယ ပယ်လိုက်သည်နှင့် တပြိုင်နက်ထဲ ဒုက္ခကြီးပျက်သွားတယ်။

အဲ့ဒီဒုက္ခကြီးပျက်သွားတော့ လက္ခဏာတင်လိုက်၊ ပြီး.... ရုပ်,နာမ်ဒုက္ခ၊ မင်းဟာ အပျက်ကြီးကွာလို့ လက္ခဏာတင် လိုက်၊ လက္ခဏာတင်လိုက်တော့ ဉာဏ်အောက်မှာ ဒီဒုက္ခက ဉာဏ်ရဲ့ ရှုခွက်အောက်မှာ ဒုက္ခသည် ကျစ်လစ်သိပ်သည်းမှု တွေ မရှိတော့ပဲ၊ တဖြည်းဖြည်းနဲ့ ပါးလျပ်လျော့ရဲပြီး၊လျော့ နဲပြီ၊ ပျက်ပြယ်ပြီး၊ သေးသိမ်ပြီး၊ သေးငယ်ပြီး နောက်ဆုံး ကျတော့ ချုပ်ငြိမ်း ပျောက်ကွယ်သွား၊ချုပ်ငြိမ်းပျောက်ကွယ် သွားတော့ ဒုက္ခချုပ်ငြိမ်းရာကို ဒုက္ခရဲ့ အပျက်ကို ရှုလိုက်တဲ့ ဉာဏ်က ဒုက္ခချုပ်ငြိမ်းရာကို သိတဲ့အခါမှာ ဒုက္ခချုပ်ငြိမ်းတဲ့ သဘောကြီးက နိဗ္ဗာနသစ္စာ၊ ဒုက္ခ ချုပ်ငြိမ်းတာကို သိနေ တဲ့ ဉာဏ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ။

မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာနကို မျက်မှောက်ပြုလိုက် တယ်ဆိုယင်ပဲ၊နိဗ္ဗာနသစ္စာဉာဏ်တွေရတော့ နိဗ္ဗာနဉာဏံ **သင်္ခတ ဒိဋ္ဌိံ နိဝရတိ ကသ္မာ ဟေတုနိဗ္ဗာနေ ဖလနိဗ္ဗာ နောတိဒဿန** နိဗ္ဗာနဉာဏ် ဒုက္ခ ချုပ်ငြိမ်းခြင်းသဘောကို ရှုလိုက်တဲ့ ဒီဉာဏ်သည် သင်္ခတဒိဋ္ဌိနိဝရတိ ရုပ်,နာမ်ဒုက္ခဆက် ဖြစ်ရအုံးမှာပဲ၊ ငါဟာ ဒုက္ခဆက်ဖြစ်ရအုံးမှာပဲ၊ ငါ့လိပ်ပြာ ကလေးဆက်ပြီး ဘဝတွေ ဘဝတွေ ဖြစ်နေအုံးမှာပဲလို့ အဲဒီလိုအယူအဆလွဲမှားနေတဲ့ ဒိဋ္ဌိကို ကုန်စင်စေတယ်၊ ဆုတ် နစ်စေတယ်၊ ချုပ်ငြိမ်းစေတယ်။

တသ္မာအဘယ်အကြောင်းကြောင့် ထို နိဗ္ဗာနသစ္စာကို မြင်သော ဉာဏ်သည် **သင်္ခတဒိဋ္ဌိ** ဟု ခေါ်သော ဘဝ ဆက်၍ဆက်၍ဖြစ်တတ်သော သဘောကို ယူဆသော သင်္ခါ

ဒိဋ္ဌိနှင့် ယှဉ်သည့် အယူမှားမှုကို ပါယ်စွန့်နိုင်သလို ဟေတုနိယောမ၊ ဖလနိယာမေတို့၊ ဒဿနတော နောက်ထပ်တဖန် ထပ်မံ၍ ဒုက္ခရာ အကြောင်းခံတရားတွေ ကုန်ဆုံးချုပ်ငြိမ်းအောင် ရှုသတ်လိုက်လို့ အကျိုးတရားလည်း မရှိတော့ဘူး။

အော်.... ဒီတော့ သစ္စာသဘော ရိပ်မိစပြုလာပြီ၊ သစ္စာရဲ့ သဘောက ဘယ်လိုတုန်းဆိုတော့ မျိုးစေ့ကောင်းတခုကို ရေတွေ ဘာတွေလောင်း၊ မြေကြီးဩဇာ ကောင်းကောင်းပေးနဲ့ အပူအအေးမျှတစွာ စိုက်ယင်တော့ ဒီမျိုးစေ့ဟာ သစ်ပင်ပေါက်ပြီး အသီးတွေ သီးနေအုံးမယ်၊ ဘဝတွေအမျိုးမျိုးဖြစ်အုံးမယ်။

အဲဒီ အသီးတွေကလည်း ပြန်ပြီးတဲ့နောက် ထပ်မံ၍ မျိုးစေ့တွေဖြစ်ပြီးတော့ အသီးအနှံတွေ ထပ်မံ၍ ပြန့်ကားလိမ့်အုံးမယ်၊ မျိုးစေ့တွေ ထပ်မံပြန့်ကားလိမ့်အုံးမယ်။

ဒီတဏှာမျိုးစေ့လေးကို အဝိဇ္ဇာနဲ့ တဏှာနဲ့ ပေါင်းစပ်လိုက်လို့ရှိရင် ဒီအဝိဇ္ဇာ၊ တဏှာပေါင်းခြင်းရဲ့ အကြောင်းရင်းဇစ်မြစ်ကြောင်းမို့ ဆက်လက်၍ ရုပ်နာမ်တွေပြန်ရအုံးမှာဘဲ။

ဒီမျိုးစေ့ကလေးကို မီးအိုးကင်းပေါ်မှာ လှော်ပြီးတဲ့နောက်၊ ကျွမ်းခြောက်သွားအောင် လှော်လိုက်တော့ နောက်ထပ်တဖန် ထပ်မံ၍ သစ်ပင်မဖြစ်နိုင်၊ သစ်သီးမသီးနိုင်တော့သလိုဘဲ။

နောက်ထပ် ဘဝတွေ ဒုက္ခတွေ ချုပ်ငြိမ်းအောင်လို့ ဒုက္ခကို ဖြစ်စေတဲ့ ဒီသမုဒယကို ဉာဏ်ပညာနဲ့ ချေပြီးတော့ မှုန့်မှုန့်ညက်ညက် တခါထဲ အကြွင်းအကျန် မရှိအောင်၊ ကုန်စင်

အောင်၊ ကျေညက်သွားအောင်လို့ ချေဖျက်လိုက်လို့ရှိယင် တခါထဲ အဲဒီမဂ်ဉာဏ်ရတယ်။

မဂ်ဉာဏ်ရယင် ခြေဖျက်နိုင်တဲ့ မဂ်ဉာဏ် အကျေပျက်ပြီး သွားဖြစ်တဲ့ချုပ်ငြိမ်းတဲ့ ဒီနိယောဓကိုမျက်မှောက်ပြုလိုက်တယ် ဆိုယင်ဘဲ သစ္စာတံခါးလမ်း ပွင့်ပြီ။

အော် ဒါကြောင့် လမ်းစဉ်တော့သိပြီ၊ ဘယ်လိုတုန်း။

အော်....ဒုက္ခကို မလိုချင်ရင် သစ္စာကို မတွေ့နိုင်တဲ့ ဒီဒုက္ခ ရုပ်,နာမ်ကြီး မလိုချင်ယင် ဒုက္ခ ရုပ်,နာမ်ကြီး မလိုချင်ရင် ဒုက္ခရုပ်,နာမ်ကြီး ရှိနေသမျှ ကာလပတ်လုံး မငြိမ်းအေးတဲ့ စစ်မှန်တဲ့ ချမ်းသာစစ်ကို မရမှာမို့ ငြိမ်းအေးတဲ့ ချမ်းသာစစ် ကို ရခြင်းလို့ ဒုက္ခ ရုပ်,နာမ်ကြီးကို မလိုချင်ရင် ဒီဒုက္ခ ရုပ်, နာမ်ကို ဖြစ်စေတဲ့ သမုဒယကို ချေဖျက်ရတော့မယ်။

အော် .... သမုဒယကို ချေဖျက်လိုက်တော့မှ သမုဒယကို ချေဖျက်တဲ့အခါ ဒုက္ခကြီး ကျေပျက်သွားပြီ။ ဒုက္ခကျေပျက် လို့၊ ဒုက္ခဆိတ်သုဉ်းလို့ ဒုက္ခလုံးလုံး ကုန်ဆုံး ချုပ်ငြိမ်းသွား တဲ့ သဘောကို ဒုက္ခကို ချေဖျက်ရဲတဲ့ သမုဒယကို ကြေပျက် စေတဲ့ ဒီမဂ်ဉာဏ်သည် ဖိုလ်ဉာဏ်သို့ ကူးလျက် ဒုက္ခချုပ်ငြိမ်း တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဆိုမှဖြင့် သစ္စာတံခါးကြီး ဟင်းလင်း ပွင့်တော့မယ်။

အော်....ဒီတော့ သစ္စာရဲ့ သဘောကိုတော့ ရှိုးတိုးရိပ်တိတ် ပေါ်လာစ ပြုလာပြီး သစ္စာသိချင်ရင် သစ္စာသိအောင် အကြောင်းခံရမယ်။

အော်....မိမိရဲ့ အဇ္ဈတ္တ ရင်ဝမှာ ပေါ်လာပြီး သောက ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ ဒီမီးတွေ လောင်မြိုက်ပြီး ချစ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ကွေကွင်းရသော ဆင်းရဲ။

မချစ်မနှစ်သက်တဲ့ သင်္ခါရတရားတွေနဲ့ တွေ့ကြုံရတော့ ဆင်းရဲ။

အိုရတဲ့ ဆင်းရဲ။

နာရတဲ့ ဆင်းရဲ။

သေရတဲ့ ဆင်းရဲ။

လောကဓံတရားတွေနဲ့ အမျိုးမျိုးတွေ့ကြုံရတဲ့ ဆင်းရဲ။

အို....ပဋိသန္ဓေ နေခြင်း ဆင်းရဲမှစ၍ သေခြင်းဆင်းရဲအထိ ဆင်းရဲမျိုးစုံ စုပုံပြီး ဆင်းရဲခြင်း တခုပြီးတခု ပြောင်းလဲသွားတာသာ အဖတ်တင်တယ်။

တကယ်တော့ ရုပ်,နာမ်ကြီးမှာ ပင်ပန်းနွမ်းလှုပြီ၊ နောက်ဆုံး သေမင်းလက် ဝကွက်အပ်ရလို့ မြေကြီးသြဇာ ဖြစ်ရ ရှာတယ်။

အော်....လက်စသတ်တော့ ဘဝ ရုပ်,နာမ်ဆိုတာက အချည်းအနှီးဘဲ၊ နောက်ဆုံး ပျက်စီးရတာဘဲ။

ဒီပျက်စီးရတဲ့ ရုပ်နာမ်တွေ ဘဝတွေ ထပ်ခါထပ်ခါ ရချင်ရင် ထပ်ခါထပ်ခါ အိုဘို့။

ထပ်ခါထပ်ခါနာဘို့။

ထပ်ခါထပ်ခါ သေဆုံးဘို့ပဲ ဖြစ်တော့မှာမို့ ဒီဘဝ ရုပ်,နာမ်တွေ ချုပ်ငြိမ်း ရုပ်သိမ်းသွားဘို ငြိမ်းအေးတဲ့ ဓာတ်ဖြစ်တဲ့ သစ္စာကြီးကို မျက်မှောက်ပြုချင်ပါပြီ။

ဒါကြောင့် ခန္ဓာကိုယ်မှာ လောင်ကျွမ်းတဲ့ ဒီရုပ်နာမ် အပူမီးကို ငြိမ်းသတ်ဘို့ လိုပြီလို့ သဘောပေါက်လိုက်ယင်ပဲ၊ ကိုယ့်ရုပ်နာမ်ကို အတ္တလို့ယူတဲ့ ဒီသက္ကာယဒိဋ္ဌိမှ ထွက်ခွာကြဘို့ပါပဲ။

အော် .. တကယ်တော့ ငါ့ရုပ် ငါ့နာမ် မဟုတ်ဘူး၊ ဒီရုပ်နာမ်ကြီးဟာ တချိန်တော့ သေမင်းလက် ဝကွက်အပ်ရမှာ။

ကြည့်ပါအုံး မြေကြီးသြဇာကြီးပါကလား။

ဒီရုပ်နာမ်ကြီးသည်ကားဆိုလျှင် မိနစ်မခြား၊စက္ကန့်မခြား ပျက်ဆီးနေတဲ့ မိမိပကတိ အရှိသဘောမှ ရွေ့လျောနေတာကြီးပါကလား။

တချိန် သေမင်းလက် ဝကွက်အပ်ရအံ့။

ဒီလို သေမင်းလက် ဝကွက်အပ်ရတော့ ကိုယ်က သစ္စာတရား တွေ့ပြီးသား မဟုတ်လို့ရှိယင်....။

ပူမယ်၊ လောင်မယ်။

ငါ့ခန္ဓာကြီး၊ ငါ့ကိုယ်ကြီးလို့စွဲပြီး သေမင်းလက် ဝကွက်မအပ်နိုင်သေးပါဘူး၊ ငါ့မှာ သားတွေရှိတယ်။

သမီးတွေရှိတယ်။

ချွေရံသင်းပင်းတွေရှိတယ်။

လယ်ယာကိုင်းကျွန်းတွေရှိတယ်။

လုပ်ငန်းဆောင်တာတွေရှိတယ်။

တာဝန်တွေ မကုန်သေးဘူး။

ဒီခန္ဓာကြီးကို သေမင်းလက် ဝကွက်မအပ်နိုင်သေးဘူးလို့ ငြင်းပယ်ချင်ပေမဲ့ မရဘူး။

မည်သူမဆို သေချိန်ကျ သေရတာပဲ။

မလွဲမရှောင်သာတဲ့ ခရီးလမ်း ဖြတ်သန်းရမှာမို့ ဒီဉာဏ် အမြော်အမြင်နဲ့ ဆင်ခြင်လိုက်တဲ့အခါကျတော့ အသေမဦးခင် သစ္စာ သိထားမှ။

သစ္စာ သဘောပေါက်ထားမှဆိုတော့ သစ္စာသိရအောင် ကြိုးစားကြရတော့မယ်။

သစ္စာသိရအောင် မိမိ ခန္ဓာဉာဏ် စိုက်လိုက်တဲ့ အခါကျ တော့ ရှေးဦးစွာ ရှုရမှာကတော့ ဒုက္ခသစ္စာကြီးကို ရှေးဦး စွာတွေ့ရတော့မှာပဲ။

အော်....ဒုက္ခသစ္စာတရား ရရှိထားတဲ့ ရုပ်နာမ်ကြီးသည် ဒုက္ခတုံးကြီး။

သွေးပြည်သလိပ် အကောင်ပုပ်ကြီး။

စက်ဆုတ်စရာကြီး။

ရွံရှာစရာကြီး။

မသတီစရာကြီး။

နောက်ဆုံး သေမင်းလက် ပက္ကက်အပ်ရမဲ့ ဝဋ်တုံးကြီး။

ဝဋ်ကောင်ကြီးပါလား။

ဒီလိုမြင်လိုက်တော့မှ၊ အော်.... ဒီ ဝဋ်က ကျွတ်အောင် ဘယ်လိုလုပ်မလဲ။

ဒီ ဝဋ်ကို ဝဋ်လို့ မသိနိုင်တဲ့၊ အဝိဇ္ဇာတဏှာ ဦးစီးမှုတွေ ဉာဏ်ပညာနဲ့ ထိုးဖေါက်ပြီးတော့ ကြည့်ရတော့မယ်။

ကဲ....ကြည့်လိုက်ကြဦးစို့။

ဒီခန္ဓာမှာ ဉာဏ်နဲ့ကြည့်လိုက်ကြဦးစို့။
ဘယ်လိုတုန်း။
ဒီခန္ဓာမှာ တကယ်တော့၊ ဖြစ်ပျက်နေတဲ့သဘောက ဒုက္ခသစ္စာသဘောသက်သက်မျှသာ ဖြစ်တယ်။
ဒီ ဒုက္ခသစ္စာကို ဒုက္ခ သစ္စာရယ်လို့ သိနားလည်ပြီးတဲ့နောက်....။
ဒီ ဒုက္ခ သစ္စာကြီးကို မလိုချင်တော့လို့။
မုန်းတော့လို့။
ဒီ ဒုက္ခသစ္စာကြီး နောက်ထပ်တဖန် ထပ်မံ၍ မရချင်တော့လို့။
ဒီ ဒုက္ခသစ္စာကို လိုချင်တဲ့သမုဒယကို ပယ်သတ်တဲ့သဘောနဲ့ ဒီ ဒုက္ခသစ္စာတုံးကြီးကို အပျက်ရှုလိုက်ပြီ။
အော်....သင်္ခါရအနိစ္စ။
ယဒါ ပညာယ ပဿတိ။
သင်္ခါရ ခပ်သိမ်းကုန်သော သင်္ခါရ ဖြစ်ပျက်ပြုပြင်ပြောင်းလဲတဲ့ တရားတို့သည်....
အနိစ္စ အမြဲမရှိကြဘူး။
ယဒါ ထိုကဲ့သို့ ပျက်ဆီးနေတဲ့ တရားတွေကို....
ပညာယဉာဏ် အမြော်အမြင် ဆင်ခြင်တုန် ပညာဖြင့်။
ပဿတိ ရှုသတ်ကြစို့။
ကိုယ့်ခန္ဓာဉာဏ် စိုက်၍ရှုလိုက်။
အော်....တွေ့လာရတဲ့၊ ဖြစ်လာရတဲ့ ဒီ တရားဒုက္ခတို့သည် မမြဲပါလား။

ရှုချလိုက်။

ရှုချလိုက်တော့ ပထမဦးစွာ ဉာဏ်အောက်မှာ ဖြစ်ပေါ်လာတဲ့ ဒီတရားဟာ ရှုဉာဏ်ရဲ့အောက်မှာ တခါထဲ တဖြည်းဖြည်းနဲ့ ဖုံးကွယ်တဲ့ အဝိဇ္ဇာ ပါးလျှသွားသလို၊ပါးလျှသွားတယ်၊ ဒါပေမဲ့.... ဒီရှုသတ်တဲ့ဉာဏ်ဟာ အားမပြည့်သေးဘူး။

ဆက်ပြီး ထိုးဖေါက်ပြီး ရှုလိုက်ရတယ်။

မင်းဟာမမြဲဘူးကွာ။

အားလုံးသော ရုပ်,နာမ်တွေဟာ မမြဲဘူး။

မမြဲတဲ့ ရုပ်,နာမ်ကို မလိုချင်ဘူး။

တချိန် သေမင်းလက် ဝကွက်အပ်ရမဲ့ ရုပ်,နာမ်ကို အခုထဲက ကြိုကြိုတင်တင် ပယ်စွန့်နိုင်တဲ့ ဉာဏ်သတ္တိထူးကို မွေးတော့မယ်။

တည်ဆောက်တော့မယ်ဆိုတော့....

ဒ့ါ....အာဇာနည် ဖြစ်သွားပြီ။

ဒီနေရာမှာ အာဇာနည် ဖြစ်တာပဲ။

သစ္စာတရားသိအောင် ကြိုးစားတော့မယ်လို့ ကြွေးကြော်လိုက်ယင်ပဲ၊ အဲဒါ အာဇာနည်။

ဘာကြောင့်တုန်း။

အော်....ဘာကြောင့်တုန်းဆိုတော့ သူသူကိုယ်ကိုယ်သည် အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန် ဖြစ်ပြီးတဲ့နောက် အာရုံငါးပါး၊ တံခါးငါးပေါက်က ယိုစီးလာတဲ့ အာသဝေါ တရားတွေနဲ့

အတူတူ ကိလေသာ အာရုံကြော နစ်မျောပြီး၊ သစ္စာတရား ရှာဖွေရကောင်းမှန်းမသိ။

သစ္စာတရားကို သိနားလည်ရကောင်းမှန်း မသိပဲနဲ့ နေမိနေရာ၊ နေလာကြတာ။

မိမိတို့က သစ္စာတရား တွေ့အောင် ကြိုးစားတော့မယ်လို့ ကြွေးကြော်လိုက်ယင်၊ ကြုံးဝါးလိုက်ယင်၊ဇွဲသတ္တိရှိတဲ့အာဇာနည် အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်သွားပြီ။

ဖြစ်သွားတော့ ဒီခန္ဓာမှာ ဉာဏ်စိုက်ပြီးတော့ ဒီ သစ္စာတရားကို ကာကွယ် ပိတ်ပင် တားဆီးနေတဲ့ အဝိဇ္ဇာတဏှာနိဝရန တရားတွေကိုဉာဏ်သတ္တိနဲ့ထိုးဖေါက်ပြီး ရှုသတ်တော့တယ်။

မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ အနိစ္စလက္ခဏာကို လက်နက် ကရိယာ တန်ဆာပလာအဖြစ်နဲ့အသုံးပြုပြီး ဒီခန္ဓာရဲ့ အမှန်တရားကို ပိတ်ဖုံးကွယ်ကာနေတဲ့ အဝိဇ္ဇာ ဦးခွံကိုဉာဏ်နဲ့ ဆိုးဖေါက်လိုက်တယ်။

မင်းအပျက်ဟေ့....

မင်းကိုမဖက်တွယ်ဘူးဟေ့....

မင်းဟာ သေမင်းလက် ဝကွက်အပ်ရမဲ့ ရုပ်, နာမ် အကောင်ပုပ်....

ဒီတော့ သေမင်းလက် ဝကွက်အပ်တဲ့ အချိန်ကျတော့ မင်းကို ငါက တွယ်တာမိယင် ငါ့မှာငိုရမယ်။

ယိုရမယ်။

အသေဖြောင့်ရမှာ မဟုတ်ဘူး၊ ငါ့ရဲ့ သွားရာလမ်းခရီး ဖြောင့်ဖြူးနိုင်စရာ အကြောင်းမရှိဘူး။

ဒီတော့ မင်းကိုငါ အသေမဦးခင်က ခွာနိုင်အောင်။

ပယ်နိုင်အောင်။

စွန့်နိုင်အောင်။

ငါသည် ဉာဏ်ပညာ မွေးတော့မယ်။

အဲဒီ ဉာဏ်က သစ္စာကို သိနိုင်အောင်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် သစ္စာညာဏ်ကိန်းအောင်လို့ ခန္ဓာမှာ ဉာဏ်နဲ့ပဲ။

သစ္စာတရားရဲ့ ရှေ့က ကွယ်ကာ ပိတ်ပင် တားဆီးနေတဲ့ ဒီ....နိဝရနတရားတွေ အပျက်လို့ ရှုမယ်ဆိုပြီး ဉာဏ်နဲ့ ချရှုလိုက်။

ရှုချလိုက်တဲ့ အခါကျတော့ ထူးဆန်းတဲ့ အံ့သြဘွယ်ရာ ကောင်းတာက ဘာဖြစ်လာသတုန်းဆိုတော့....

အင်မတန် အံ့သြစရာ ကောင်းတာက ရှုယင်းရှုယင်းနဲ့ ရှုတဲ့ ဉာဏ်ကြီးဟာ အင်အားကောင်းလာတယ်။

သိပ်သည်းလာတယ်။

ကျစ်လစ်လာတယ်။

ခိုင်မာလာတယ်။

ခိုင်လုံလာတယ်။

အင်မတန်မှ ထက်မြက်လာတယ်။

လျင်မြန်လာတယ်။

ဒီလိုရှင်သန်လာတာ တွေ့ရတဲ့အခါ ဒီဉာဏ်က တယ်အား ကောင်းပါလား။

ပထမ ရှုစနဲ့ မတူတော့ဘူး။

ရှုယင်း ရှုယင်းနဲ့ ခန္ဓာတရားကို သိနားလည်အောင် ဇွဲတွေ၊ သတ္တိတွေ၊ ဝီရိယတွေ၊ သဒ္ဓါတွေ၊ ပညာတွေ၊ ဟိရိဩတပ္ပတွေနဲ့ ကြိုးစားယင်း ကြိုးစားယင်းနဲ့ ဒီဉာဏ်တွေ၊ အင်အားသိပ်ကောင်း လာပါတော့တယ်။

အခြားတဖက်မှာ ရှုဉာဏ်က အင်အား ကောင်းကောင်းလာသလို ကျန်တဖက်မှာ သစ္စာတရားကို ပိတ်ဖုံးကွယ်ကာနေတဲ့ အဝိဇ္ဇာတွေကလည်း အင်အား လျော့,လျော့သွားတယ်။

ဒီတော့ တချက်ခုတ်နှစ်ချက်ပြတ်ပြီး ဒီလမ်းစဉ် ကျင့်သုံးခြင်းအားဖြင့် တချက်ခုတ်နှစ်ချက်ပြတ်။

အဝိဇ္ဇာတဏှာ အင်အားလျော့အောင်ရှုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်မဲ့ ရှေ့ပြေး ဉာဏ်သတ္တိအင်အားကလည်းကောင်း။

ထက်မြက်လည်း ထက်မြက်၊

အင်မတန်မှ လျင်မြန်တဲ့ဉာဏ်ကလဲ ဆထက်တံပိုးတိုးပြီးဆက်လက်၍ ရှုယင်းရှုယင်းနဲ့။

အော်....လက်စသတ်တော့ ဒီရုပ်, နာမ်ကြီးကို နဂိုရ်က ခိုင်တယ်။

မာတယ်။

မြဲမြန်တယ်။

တင့်တယ် တယ်။

သာယာဖွယ်ရာလို့ယူခဲ့တယ်။

အခုတော့ မဟုတ်ပါလား။ (အသာတံ သာတရူပေန ပိယ ရူပေန အပိယံ ဒုက္ခံ သုခဿ ရူပေန ပမတ္တံ အတိ ဝတ္တတိ။)

အော် သာယာဘွယ်ရာမဟုတ်တဲ့ ဒီရုပ်၊ နာမ်ကို လူသာမန် အဖြစ် မြင်ခဲ့စဉ်က သာယာဘွယ်ရာ နှစ်သက်ဘွယ်ရာလို့ ယူဆ ခဲ့တယ်။

ကိုယ်က သာယာနေတုန်း နှစ်သက်နေတုန်း အဲဒီရုပ်၊နာမ် ကို အဲဒီလို လွဲမှားစွာထင်နေတဲ့ မိမိရဲ့ အဝိဇ္ဇာတဏှာ ကျေးကျွန် ဖြစ်ရတဲ့ ဖြစ်ရပ်ကြောင့် တချိန်မှာ အဲဒီသုခလို့ထင်တဲ့ အရာ လေးက ပျက်စီးပြီး၊ ဖေါက်ပြန်ပြီး၊ နှိပ်စက်ပြီး ဘေးအမျိုး မျိုးကြုံရတဲ့အခါကျတော့ မိမိမှာယူကြုံးမရဖြစ်ပြီး "ပမတ္တံအတိ ဝတ္တတိ" ကြီးစွာသော ဒုက္ခကိုကြုံရတယ်၊ တွေ့ရတယ်။

လက်စသတ်တော့ သစ္စာတရား သိနားလည်ဖို့ ဒုက္ခ၊ပျက် စီးတာကိုမြင်အောင်၊ ဒုက္ခချုပ်ငြိမ်းအောင်၊ ကုန်ဆုံးအောင်၊ ပြုရမှာပါလား။

လက်စသတ်တော့ တွေ့နေတဲ့၊ ရှိနေတဲ့၊ ဖြစ်နေတဲ့ဒုက္ခကို မရှိအောင် ကြိုးစားနိုင်ယင်၊ အဲဒီ ဒုက္ခကြီးတွေမရှိတော့ယင် ဖြစ်ပေါ်လာမဲ့သုခကို သိလိုက်တဲ့ဉာဏ်သည် သစ္စာတွေမှာပါ ကလားလို့ သဘောပေါက်တယ်။

ဟိုအတိတ်အတိတ်ဘဝက မှားခဲ့တဲ့ 'အယောနိသောမဏသိ ကာရ' ဆိုတဲ့နှလုံးသွင်းတွေမှားခဲ့တဲ့ ဒါဏ်ရာဒါဏ်ချက်ကြောင့် ဖြစ်ရတဲ့ ဒီဒုက္ခကို ချုပ်ငြိမ်းအောင်၊ ရုတ်သိမ်းအောင်လို့ ဉာဏ် သတ္တိနဲ့ ဒီဒုက္ခဆိုးကြီးကို တိုက်ခိုက်ရတော့မယ်၊ ဖြိုဖျက်ရတော့

မယ်၊ ကောင်းပြီ ဖြိုဖျက်တဲ့နေရာမှာ လက္ခဏာရေးသုံးပါးနဲ့ ဆင်ခြင်ဖြိုဖျက်တော့၊ အင်း....ဒီဒုက္ခသည် မမြဲဘူးလို့ ရှုသတ်လိုက်၊ မမြဲဘူးလို့ ရှုသတ်လိုက်တဲ့အခါမှာ ဒုက္ခကြီးလည်း ပျက်သွားရော ဒုက္ခကိုပျက်တယ်လို့မြင်တဲ့ ဉာဏ်ဟာလည်း အင်အားကောင်းတယ်၊ ဒုက္ခကို ပျက်တယ်လို့မြင်တဲ့ဉာဏ်က လည်း အင်အားကောင်းရော၊ စောစောက ဒုက္ခပျက်သွားလို့ အဲဒီ ဒုက္ခပျက်တဲ့နေရာမှာ အစားထိုးတဲ့ ဒုက္ခအသေးစား လေးကိုလည်း မြင်ယောင်၊ ဒီနေရာမှာ အရေးကြီးသွားပြီး ပထမပေါ်လာတဲ့ ဒုက္ခကို မရှုသတ်နိုင်ယင် ဒုက္ခအကြီးစားက လည်း ပျက်တယ်ဆိုတာဉာဏ်ကမသိသလို ဒီဉာဏ်ကလည်း ဒုက္ခအကြီးစားရဲ့ ပျက်ခြင်းကို မမြင်နိုင်တော့ မေ့းမှိန်သေး သိမ်သတဲ့။

ဒုက္ခအကြီးစားကြီးကိုပျက်အောင်ရှုလိုက်တဲ့ဉာဏ်ကို အင်နဲ့ အားနဲ့ ရှုလိုက်လို့ ဒုက္ခအကြီးစားလည်း ပျက်သွားရော ဒုက္ခ အကြီးစားပျက်တာကို ဒီမြင်တဲ့ ဉာဏ်က အင်အားကောင်း တော့ နောက်ထပ်တဖန် ထပ်မံ၍ ဖြစ်ပေါ်လာတဲ့ ဒုက္ခအလပ် စားရဲ့အပျက်ကို ကောင်းစွာ ရှုသတ်နိုင်ပြီး၊ ဒုက္ခအလပ်စား ကို လက်မခံပဲ ဆက်လက်၍ ရှုသတ်လိုက်လို့ ဒုက္ခအလပ်စား လည်း ပျက်သွားရော၊ ဒုက္ခအလပ်စား ပျက်တာကိုမြင်တဲ့ ဉာဏ်သည် အင်အားပိုမိုခကာင်းသဖြင့် ထပ်မံ၍ ဒီဒုက္ခကို ကြည့်လိုက်တဲ့အခါကျ ဒုက္ခအလပ်စားတွေကုန်တော့ အသေး စားလေးတွေရသတဲ့၊

အဲဒီဒုက္ခအသေးစားရော မင်းကလည်းကွာ ပျက်တဲ့တရားပဲ့ါ လား။ တကယ်တမ်းကျ ဒုက္ခအကြီးစားတွေက ရှုဘို့သတ်ဘို့ လွယ်တယ်၊ ဒုက္ခအနုစားကျတော့ ရှုသတ်ဘို့မလွယ်ဘူးတဲ့၊ တနည်းအားဖြင့် ဆင်းရဲတဲ့ဒါဏ်ကို ခံရတတ်တယ်၊ ခံနိုင်တယ်၊ ခံနိုင်စွမ်းရည်ရှိတယ်၊ ချမ်းသာတဲ့ဒါဏ်ကို ခံတဲ့အခါကျတော့ ခံနိုင်ရည်မရှိဘူး၊ မေ့လျော့တတ်သတဲ့။

ဒုက္ခမျိုးစုံ စုပုံပြီးတွေ့ရတဲ့အခါကျတော့ ဒုက္ခ.... ဒုက္ခမှန်း သိပေမယ့် ပီတိနဲ့မျောပြီး ဒုက္ခကြီးကို တခါထဲ ဆေးခါး၊ အဆိပ်ခါးလို သကြားလေးကကွပ်ကဲပြီးထားတော့ ဒီသကြား လေး အချိုလေးကို ဖောက်ပြီးတဲ့နောက် အတွင်းက အဆိပ် တုံးကို မမြင်သလို ဒုက္ခအသေးစားကလေး ကို လွှမ်းမိုးကွပ် ကဲအုပ်ချုပ်နေတဲ့ နူးညံ့တဲ့ ပီတိဇလေးကိုတော့ ဒုက္ခလို့မမြင် တတ်ဘူး။

သို့သော်လည်း လမ်းစဉ်ကရှိနေတော့ ဒီဒုက္ခမှန်သမျှ မကြွင်း မကျန်ရအောင် ရှုသတ်ရမယ်ဆိုတော့ဒီဒုက္ခအသေးစားကလေး ကို ဉာဏ်နဲ့ အထူးဆင်ခြင်ရှုသတ် ထိုးဖေါက်လိုက်တဲ့အခါမှာ ထို ဒုက္ခအသေးစားလေး ချုပ်ငြိမ်းပျောက်ကွယ်သွားရော။

ဒုက္ခခတ်သိမ်း ကင်းပြတ်ငြိမ်းတဲ့အခါ ဒုက္ခမရှိတော့တဲ့ ဒုက္ခမရှိလို့ သုခကြီးဖြစ်ပေါ်လာတဲ့သဘောကို အပျက်ရှုတဲ့ ဉာဏ်မှ ရင့်သန်ပြီးတော့ သွားတဲ့အခါကျတော့ အဲဒီအခါ မှာ အော်....ဒုက္ခကမ္ဘာဆိတ်သုဉ်း ချုပ်ငြိမ်းတော့ သုခကို တွေ့ရတယ်။

အပျက်ကမ္ဘာဆိတ်သုဉ်း ချုပ်ငြိမ်းတော့ မပျက်တဲ့သဘော ကိုတွေ့ရတယ်။

အော်....နိဗ္ဗာန်ကြီးတွေ့ရတော့ နိဗ္ဗာန်ဟာ ဘယ်လိုတုန်း၊ နိဗ္ဗာန်ဆိုတာကတော့ အသက်ရှင်လျက်နဲ့သိတဲ့ နိဗ္ဗာန်ကျတော့ သဉပါဒိသေသ နိဗ္ဗာန်လို့ နားလည်ကြရပြီး သဉပါဒိသေသ ဆိုတာ ယောဂီများတရားရှာလို့ သစ္စာတရားတွေ့လိုက်ယင်ပဲ အဲဒီသစ္စာတရားတွေ့တဲ့ဉာဏ်က နိဗ္ဗာန်ကြီးကို ဆင်ခြင်လိုက်လို့ နိဗ္ဗာန်ကြီးကို သိတဲ့အခါမှာ အဲဒီ အသိခံရတဲ့ နိဗ္ဗာန် သည် သဉပါဒိသေသတဲ့။

ခန္ဓာကိုယ်က အသက်ရှင်လျက် ကြွင်းကျန်လျက်ရှိရက်နဲ့ တွေ့ရတဲ့နိဗ္ဗာန်၊ နောက်....နိဗ္ဗာန်တမျိုးကတော့ အနုပါဒိ သေသနိဗ္ဗာန်တမျိုးပဲ။

ရုပ်,နာမ်ကို နာမ်,ရုပ်လို့ နာမရူပပရိစ္ဆေဒဉာဏ် ရခဲ့တာ ပေါ့။

ရုပ်,နာမ်ကြီးဟာ ငါမဟုတ်ဘူး၊ ငါဟာရုပ်,နာမ်မဟုတ် ဘူး။ ရုပ်,နာမ်ထဲမှာ ငါမရှိဘူး၊ ငါထဲမှာရုပ်,နာမ်မရှိ။

ရုပ်,နာမ်ဟာ ရုပ်,နာမ်ဒုက္ခ သက်သက်ကြီးလို့ သိတော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဒီရုပ်,နာမ်ကြီး ဘာကြောင့်ဖြစ်၊ မိုးပေါ်ကကျလာတာလား။

မဟုတ်ဘူး၊ အကြောင်း သမုဒယကြောင့် အကျိုး ဒုက္ခ ဖြစ်တတ်လို့ ကြောင်းကျိုးဆက်နွယ်ပြီးတော့ ဆက်သွယ်မှု ဥပဒေသနဲ့ပတ်သက်လို့ နားလည်သဘောပေါက်တော့ ပစ္စယ ပရိဂ္ဂဟဉာဏ်။

အော်... ရုပ်,နာမ်ဟာအကြောင်းမဲ့မဟုတ်ဘူး။ ဒီဉာဏ်နဲ့ ဆင်ခြင်ယင်းနဲ့ဒီရုပ်,နာမ်ဟာတကယ်တော့ ထာဝရတည်မြဲနေတာမဟုတ်သေးဘူး၊ သစ္စာနယ်ပယ်ကနိဗ္ဗာန်ကြီးလိုမဟုတ်ဘူး။

သူဟာ ပျက်စီးနေတဲ့ မိနစ်မလပ် စက္ကန့်မလပ် အော်.... ပျက်စီးနေတဲ့ တရားပါလား ဆင်းရဲတဲ့တရားပါလား၊ မပိုင်မဆိုင်တဲ့ တရားပါလားလို့ သိလိုက်တော့ ရုပ်, နာမ်မှာလည်း အဲဒီလို လက္ခဏာရေးသုံးပါး မြင်လိုက်တော့ သမ္မသနဉာဏ်နဲ့ ဆင်ခြင်ရင်းနဲ့ရုပ်,နာမ်သည်ကားဆိုယင် တကယ်တန်း ဘျခတော့ ဖြစ်ပေါ်ပြီးနောက် ပျက်စီးတာပဲ။ မွေးဖွားပြီးတဲ့နောက်၊ နောက်ဆုံးတော့ သေဆုံးရတာဘဲ။

ဒီမှာဖက် ရုပ်,နမ်ဟာ မကောင်းသေးဘူး၊ နိဗ္ဗာန်ကြီးက မှကောင်းတာ၊ ချုပ်ငြိမ်းတာ၊ ဒီမှာဘက် ရုပ်,နာမ်ကဖြစ်ပြီး ပျက်တယ်လို့ အဖြစ်နဲ့အပျက်ကိုမြင်တော့ ဉဒယဗ္ဗဉာဏ်။

ဉဒယဗ္ဗာဉာဏ်အဖြစ်နဲ့အပျက်ကိုမြင်လာပြီဆိုတော့ ယထာဘူတဉာဏ်၊ ဟုတ်တိုင်းမှန်စွာ ဆင်ချင်တတ်လာပြီး။

ရုပ်,နာမ်သည် ဖြစ်ခြင်းသဘောရှိလာပြီဆိုယင် ဟုတ်တိုင်းမှန်ရာ ယထာဘူတကျကျ ရှုသတ်ဆင်ခြင်ယင်းနဲ့ ရုပ်,နာမ်သည် ရှုသတ်ပါများတော့ အို....တဖွားဖွားနဲ့ပျက်နေတာဘဲ၊ မိနစ်မလပ် စက္ကန့်မလပ်ပျက်နေတာဘဲ။

အော် လက်စသတ်တော့ အပျက်တရားကြီးဘဲလို့ ဆင်ခြင်လိုက်တော့ ဘင်္ဂဉာဏ်၊ ဘင်္ဂဉာဏ်အပျက်ကြီးမြင်တော့ဟင်.... ပျက်နေတဲ့ တရားကြီးပါလား၊ သင်္ချိုင်းကုန်းဆီသို့ တလှမ်း

ခြင်း တလှမ်းခြင်း တချိန်တည်း သွားနေပါလားလို့ အပျက်တရားရဲ့ ဘေးဆိုးဒဏ်ခံပြီးတော့ ဘေးအန္တရာယ်ကြီးကို မြင်လိုက်တော့ ဘယဉာဏ်။

ဘယဉာဏ် မြင်ပါများလာတော့ လက်စသတ်တော့ ဒီဘေးကြီးသည် ကြောက်ပြီး၊ လန့်ပြီး၊ စိုးရိမ်ပြီး၊ အာဒီနဝဉာဏ် ရှုံကြောက်ပြီး ရွံကြောက်ယင်းနဲ့ ဒီရုပ်နာမ်ပျက်စီးနေတဲ့၊ ဖောက်ပြန်နေတဲ့၊ နှိပ်စက်တတ်တဲ့ သဘောသဘာဝကိုမြင်တော့ သူ့ကိုမလိုချင်တော့ပါဘူး။

မုန်းပြီး၊ ငြီးငွေ့ပြီးဆိုတော့၊ ငြီးငွေ့တော့ နိဗ္ဗိဒါဉာဏ် ငြီးငွေ့တော့ ဒီရုပ်နာမ်ကြီး မလိုချင်ရင် ဒီရုပ်နာမ်ကြီးမှ ထွက်အောင် ကြိုးစားရမှာပေါ့။

ထွက်ချင်တဲ့သဘောဝင်လာတော့ မုဉ္စိတုကဉာဏ်၊မုဉ္စိတုကဉာဏ်ဝင်လိုက်တဲ့အခါကျတော့ ရုပ်နမ်ကို ပြန်လည်သုံးသပ်တဲ့အခါကျတော့ ပဋိသင်္ခါဉာဏ်။

အော်....လက်စသတ်တော့ ဒီရုပ်နာမ်သည် ငယ်စဉ်တောင် ကျေးကလေးတုန်းကလည်း စိတ်တွေ ရုပ်တွေ ကာယကံ၊ ဝစီကံ မနောကံတွေဖြစ်ပြီး ပျက်ခဲ့၊ လူလတ်ပိုင်း အချိန်မှာလည်း ဖြစ်ပြီးပျက်ခဲ့။

အော်....နောက်ဆုံး အခု အချိန်အပိုင်းလည်းဖြစ်ပြီး ပျက်နေတာပါဘဲလား။ ဒီတော့ ဖြစ်ခြင်းသဘောရှိပြီး ပျက်ခြင်းသဘောရှိတဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊အနတ္တလက္ခဏာ ရယ်လို့ လက္ခဏာရေးသုံးပါး အသေးစိပ် မြင်တော့ ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်။

အော်....ကောင်းဆိုးနှစ်တန် မိမိကသွားပြီး မှီခိုလို့ မဖြစ်ဘူး၊ ကောင်းဆိုးနှစ်ဖြာ ထိုအရာ အိုနာသေ၍ နေတော့မယ်လို့ သင်္ခါရတွေ ဥပေက္ခာပြုတော့ ဒီသင်္ခါရတွေ ပေါ်မှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းကို အလိုမရှိတော့ပဲနဲ့ သင်္ခါရ ဥပေက္ခာပြုတော့ သင်္ခါရုပေက္ခာဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်ကနေပြီး ဆင်ခြင်ယင်းနဲ့ရင့်ကျက်လာတော့ အနုလောမဉာဏ် အနုလုံပဋိလုံ ဆင်ခြင်ပြီး သစ္စာတရားကို တွေ့တော့မယ်နော်၊ ဉာဏ်က ထက်ထက်လာပြီ။

အော်....လက်စသတ်တော့ ရုပ်,နာမ်ကြီး ဒုက္ခဖြစ်တယ်၊ ရုပ်,နာမ်ကြီးဒုက္ခဖြစ်တော့ အဝိဇ္ဇာဦးစီးတယ်၊ အဝိဇ္ဇာဦးစီးတော့ တဏှာကပ်တယ်၊တဏှာကပ်တော့ ဒုက္ခလိုချင်တယ်၊ဒုက္ခလိုချင်တော့ ဒုက္ခရအောင်ပြုလုပ်တယ်၊ ဒုက္ခရအောင် ပြုလုပ်တော့ ဒုက္ခကြီးရ၊ ဒုက္ခကြီးရတော့ ခံစားရတယ် ပါလား၊ ပင်ပန်းလိုက်တာ၊ ဆင်းရဲလိုက်တာ၊ နွမ်းနယ်လိုက်တာ၊ နှိပ်စက်ခြင်းဒဏ်ခံရထားတဲ့ ဝဋ်ကောင်ကြီးပါလား။

ဒီဝဋ်ကောင်ကြီးက လွန်အောင် ရုန်းမှပဲ။ လွတ်အောင် ရုန်းမှ သစ္စာတရားကိုတွေ့မှာပဲလို့ အနုလုံပဋိလုံနဲ့ ဆင်ခြင်လိုက်တော့ အနုလောမဉာဏ်က တခါထဲပေါ် လက်စသတ်တော့ ဒီပုထုဇဉ်စရိုက်ဆိုးကို ရိုက်ချိုးဖျက်စီးဘို့တော်ပြီ။

အဲဒီလိုဒီ ပုထုဇဉ်စရိုက်ဆိုးမှ တခါထဲ 'အရိယာစရိုက်သို့ကူးပြောင်းမဲ့အတွက် ခုန်ပြီးလှန်ပြီးကူးပြောင်းမဟဲ့လို့ ဂေါတြဘူဉာဏ်ကနေပြီး။

ဟော့....ရုပ်,နာမ်ကြီး ပျက်တဲ့တရားကြီး၊ ပျက်တာမင်း ဟာမင်းပျက်တာ နေခဲ့တော့၊ မင်းကိုမမှီခိုတော့ဘူး၊ မင်းကို မတပ်မက်တော့ဘူး၊ မင်းကိုမပက်ပြင်တော့ဘူး၊ မင်းနဲ့ငါ အိုး စားကွဲပြီလေ။

ဖြတ်ချလိုက်၊ ဖြတ်ရဲတဲ့ တောက်ရဲတော့ ကြည်လင်ထက် မြက်တဲ့ ဒီမဂ်ဉာဏ်သည်ကားဆိုလျှင် မဂ်ဉာဏ်မှဖိုလ်ဉာဏ်သို့ ကူးတော့ ဖိုလ်ဉာဏ်မှအေးငြိမ်းချမ်းသာပြီး ထိုးထွင်းလိုက်တဲ့ အခါကျတော့ ပစ္စဝေက္ခဏာဉာဏ်၊ ဆင်ခြင်လိုက်တယ်ဆိုယင် ပဲ၊ သစ္စာတံခါးကြီးပွင့်ပြီ။

လက်စသတ်တော့ မဂ်ဉာဏ်ဆိုတာ ဒီလိုဘဲ၊ ကြည်လင် တယ်၊ ထက်မြက်တယ်၊ ပြတ်သားတယ်၊ ပိုင်းဖြတ်နိုင်တယ် ဖိုလ်ဉာဏ်သည် ဒီလိုဘဲထိုးထွင်းနိုင်တယ်၊ အေးမြတယ်၊ချမ်း သာတယ်၊ ဆင်ခြင်နိုင်တယ်။

နိဗ္ဗာန်ကြီးဟာ ဒီလိုပဲချမ်းသာမျိုးစုံ စုပုံလျက်ပါတကား။ မတွေ့ဘူးတဲ့ ချမ်းသာတွေ၊ မခံစားဘူးတဲ့ ချမ်းသာတွေကို ခံစားရတာကတော့ နိဗ္ဗာန်နန်းမှာပါတကား။

ခံစားရတယ်ဆိုပေမဲ့ ရုပ်,နာမ်နဲ့ပတ်သက်တဲ့ခံစားတဲ့ အတု ချမ်းသာမျိုးမဟုတ်ပဲနဲ့ တကယ့်ကိုစစ်မှန်ကြည်လင်စင်ကြယ် ပြီးတဲ့နောက် တဏှာတွေကုန်ခန်းတဲ့ ငြိမ်းချမ်းတဲ့ ချမ်းသာမှု မျိုး သန္တိသုခရသမဟာ စစ်မှန်တဲ့ချမ်းသာနိဗ္ဗာန်မှာ တွေ့ရ ပါကလား။

နိဗ္ဗာန်မှာမှနိဗ္ဗာဏ-ပနလောကုတ္တရ၊သခ်တလောကကြီးက လွန်မြောက်လာတဲ့ ဒီနိဗ္ဗာန်သည် ငြိမ်းချမ်းမှုအစုစုတို့ကိုတွေ့

နိုင်လို့ စိတ်ငြိမ်လျက်ရှိသော ငြိမ်းချမ်းတဲ့သဘောမှ၊ ချမ်းသာတဲ့သဘောမှ တရံတဆစ်မှမရွေ့လျားဘူးတဲ့။

ချမ်းသာပြီးယင်း ချမ်းသာယင်း၊ နိဗ္ဗာန်ကို ဆင်ခြင်လို့ ရှိယင်တော့ ချမ်းသာပြီးယင်း ချမ်းသာယင်း၊ ချမ်းသာခြင်း မျိုးစုံသာစုပုံပြီး တွေ့ရတတ်တဲ့သဘောပဲ။

အင်မတန် ချမ်းသာတဲ့ ချမ်းသာစစ်၊ ချမ်းသာမှန် ကေန် တွေ့ရပြီလို့၊ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်လိုက်တော့။

အော်....မိမိသည် သစ္စာတရားကြီးကို မတွေ့ခင်က ကပ်ငြိခဲ့တဲ့ ဒိဋ္ဌိတွေ၊ ဝိစိကိစ္ဆာတွေ အခုပယ်လိုက်ပြီ၊ ပြီးပါရောလား၊ အော်....ငါ့ရုပ်၊ ငါ့နာမ် လို့ မယူတော့ဘူး။

ရုပ်၊ နာမ်ကြီးဟာ အပျက် တရားကြီးလို့ သိ သွားပြီး၊ ရတနာမြတ် သုံးပါးကို ဦးထိပ်ထားပြီး၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးအား သံသယ မဖြစ်တော့ဘူး။

သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်ကြီးဟာ အင်မတန်မှ ကြည်ညိုစရာကောင်းတဲ့ အရဟံ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံယူထိုက်တဲ့ မြတ်စွာဘုရားပါကလား။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးသည် အင်မတန်မှကြီးမားလှပါတကား၊ တရားတော်မြတ်၏ ဂုဏ်ကျေးဇူးသည်လည်း ဤကဲ့သို့သော သစ္စာတရား တွေ့သိခြင်းအားဖြင့် ငြိမ်းချမ်းတဲ့ သဘောကို ဤတရားသည်ပေး

သဖြင့် တရားတော်မြတ်၏ ဂုဏ်ကျေးဇူးကလည်း အင်မတန်မှ ကြီးမားပါကလား။

အော်....အရိယာ သံဃာတော်အရှင်သူမြတ်တွေလဲ ဒီလမ်းစဉ် လျှောက်သွားတော် မူကြတာပဲ၊ သစ္စာတရားတွေ့ရှိပြီး၊ ငြိမ်းချမ်းတော်မူကြတယ်။

အားကျစရာကောင်း၊ ကြည်ညိုစရာကောင်း၊ လေးစားစရာကောင်း၊ မြတ်နိုးစရာကောင်း၊ ဦးထိပ်မှာ ပန်ဆင်စရာကောင်းတဲ့ တကယ့် အာဇာနည်၊ အာဇာနည် ကိုယ်တော်မြတ်ကြီး၊ သာသနာ့အကျိုးဆောင် ကိုယ်တော်မြတ်ကြီးတွေက အင်မတန်မှ ကြည်ညိုစရာ ကောင်းပါပဲကလားဆိုပြီး၊ ရတနာမြတ် (၃) ပါး၊ ဦးထိပ်မှာ ထားပြီးတဲ့နောက် မိမိသည် ရတနာမြတ် (၃) ပါးနဲ့ ပတ်သက်လို့ ဝိစိကိစ္ဆာ သို့လော သို့လော့မဖြစ်၊ ရုပ်နာမ်အပျက်ကို ပိုင်းခြားထင်ထင် ဉာဏ်သက်ဝင်ပြီးတော့ပယ်စွန့်လိုက်တဲ့ ဒီ ဒိဋ္ဌိတွေ ဒီ ဝိစိကိစ္ဆာတွေ ဒီကိလေသာတွေ အကြောင်းကိုသိ၊ မပယ်ရသေးလို့ ကြွင်းကျန်နေယင်လဲ ကြွင်းကျန်နေသေးတဲ့ ကိလေသာတွေ အကြောင်းကိုသိတဲ့ပစ္စဝေက္ခဏာဉာဏ်နဲ့ဆင်ခြင်လိုက်တော့မှ....

အော်....သစ္စာတရားရဲ့ နယ်ပယ်ဟာ အင်မတန် ငြိမ်းချမ်းလှန်းလို့ တသံသရာလုံးက ပုထုဇဉ်စရိုက်ဆိုးတွေနဲ့ ဘယ်လိုမှ မကြုံဘူးတဲ့ အဖိုးတန်လှတဲ့၊ အဖိုးနဂ္ဂထိုက်တဲ့ ချမ်းသာခြင်းကိုတော့ ဤမှာဘက် လောကုတ္တရာမှာသာ စံမြန်းနိုင်ပြီလို့

ထိုမဂ်ဉာဏ်ဉာဏ်ဖိုလ်ဉာဏ်ပစ္စဝေက္ခဏာတွေနဲ့ဆင်ခြင်လိုက်ယင်ပဲ၊သစ္စာတရားတွေရှိသွားပြီ၊ သစ္စာတရားတွေရှိသွားပြီဆိုတော့ သုံးဆယ့်တဘုံကြီးကို ပြန်စောင်းတောင် မကြည့်ချင်တော့ဘူးတဲ့။

ဒီ သုံးဆယ့်တဘုံကြီးကိုကြည့်စမ်းပါဦး....လောဘမီးတွေ၊ ဒေါသမီးတွေ၊ မောဟမီးတွေ ဟုန်းဟုန်းတောက် နေလိုက်တာ။

တဏှာရောဂါ ရေစီးချောင်းထဲ နစ်မျောနေလိုက်တာ။

အိုလိုက်၊ နာလိုက်၊ သေလိုက်၊ သေခြင်းဘေးအမျိုးမျိုးနဲ့ ကြုံနေရ လောကဓံ အမျိုးမျိုးနဲ့ တွေ့နေရတဲ့ ဒီသုံးဆယ့်တဘုံ အပူမီးလောင်မြိုက်ပြီး ရာဂမီးတွေ လောင်မြိုက်နေတဲ့ ဒီသုံးဆယ့်တဘုံကြီးကို ပြန်စောင်း မလှည့်ကြည့်ချင်တော့ပဲနဲ့ သုံးဆယ့်တဘုံက လွတ်မြောက်ရာ ဖြစ်သော နိဗ္ဗာန်ဆိုတဲ့ အင်မတန် ငြိမ်းချမ်းသော၊ သာယာသော၊ ချမ်းသာသော ကြည်နူးဖွယ် အတိပြီးသော ပညာဖြင့်သာလျှင် ချမ်းသာ၍ ဉာဏ်ပညာဖြင့်သာ ကြည်နူးဖွယ် အတိပြီးသော အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်စရာ ကောင်းလှသော ငြိမ်းချမ်းလှသော၊ နူးညံ့သော၊ သိမ်မွေ့သော၊ အသိခက်သော၊ နှိုင်းခံစရာ ဥပမာ ဤမှာဘက် လောကီဘက်မှာ မရှိသော အမြတ်တကာ့ အမြတ်ဆုံး မိမိထက် ထပ်ဘူးဆပ်မျှ မြတ်တဲ့တရားရယ်လို့ အဲဒီ နိဗ္ဗာန်နဲ့ နှိုင်းယှဉ်စရာ မရှိထသော အသခ်တတည်းဟူသော ကံတွေ၊ စိတ်တွေ၊ ဥတုတွေ၊ အာဟာရတွေ ပြုပြင်စီရင်လို့မရ

သော၊ မည်ကဲ့သို့သော၊ အကြောင်းခံ တရားကမှ အကျိုးဖြစ်စရာ အကြောင်းမရှိသော၊ မိမိပကတိ ထူးဆန်းအံ့ဩဘွယ်ရာ ပရမတ္ထအားဖြင့် အထင်အရှား သိမ်မွေ့စွာဖြင့်တည်ရှိနေသော၊အမှန်တကယ်တွေ့မြင်နိုင်သော၊ဆင်ခြင်နိုင်သော၊တရားကြီးကို ဒိမဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တွေနဲ့ဆင်ခြင်ပြီးတွေ့သိလိုက်တယ်ဆိုယင်မှတော့ သုံးဆယ့်တဘုံမှကျွတ်လွတ်ပြီဖြစ်၍ ထိုနိဗ္ဗာန်ကြီးရဲ့ အေးမြတဲ့ခတ်ကို ထိုသစ္စာတရားတွေတဲ့ဉာဏ်ပညာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် ထို ငြိမ်းအေးတဲ့ခတ်သဘာဝကို စံမြန်းနိုင်ကြတယ်။

ရင်ထဲနေခက်သပ်တဖန် သုံးဆယ့်တဘုံ ပြန်လည်၍ မလည်ရအောင် ဟသာတို့သည် ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ရေအိုင်မှာပဲ၊ ပျော်မွေ့ကြသလိုပဲ၊ သမုဒ္ဒရာတို့မည်သည် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ ချောင်းအဖြာဖြာက စီးဆင်းတဲ့ရေတွေကို တော်ပြီ တန်ပြီ မစီးတော့နဲ့ ရောင့်ရဲပြီ တင်းတိမ်ပြီလို့ မဆိုသလိုပဲ၊ ဒီသစ္စာတရားတွေသွားတဲ့ ပုဂ္ဂိုလ်တွေရဲ့မဂ်ဉာဏ် ဖိုဉာဏ်တို့သည် နိဗ္ဗာန်အကြောင်းကို ဆင်ခြင်ပြီးထိုးထွင်းမျက်မှောက်ပြုပြီး၊ ကိုယ်တိုင်တွေ့ပြီး ကိုယ်တိုင်ဉာဏ်သက်ဝင်ဘို့ဆိုတာ ဘယ်သောအခါမှရောင့်ရဲတယ်၊ တင်းတိမ်တယ်မရှိဘူး၊ဒီလိုရောင့်ရဲခြင်း၊ တင်းတိမ်ခြင်း မရှိနိုင်တဲ့ ဉာဏ်ပညာရှင်တွေ၊ဆင်ခြင်တဲ့၊ အဲဒီ နိဗ္ဗာန်လမ်းကို စံမြန်းဘို့ရာအတွက် မိမိတို့သည်ရှေးဦးစွာ ဝိပဿနာ နည်းပညာကို သိထား၍ ဝိပဿနာ ကျင့်စဉ်အတိုင်း မိမိခန္ဓာဉာဏ်ရောက်၍ရှုသတ်ရမယ်။

ပယ်ဖျက်ရမယ်။

ပိုင်းသတ်ရမယ်။

ထိုကဲ့သို့ ဝိပဿနာနဲ့ ပိုင်းဖြတ်ရှုသတ်လို့ မိမိမှာ အရှိယာ ဉာဏ်မျက်လုံး ရပြီဆိုတော့ အရိယာ ဉာဏ်မျက်လုံးနဲ့ ရရှိထားတဲ့ ရုပ်နာမ်ကို အပျက်မြင်လျှင် မဂ္ဂင်လမ်း ပွင့်စေတဲ့ ဝိပဿနာ နည်းပညာ ကျင့်စဉ်အစစ်ပါပဲ။
ကဲ....ဒီနေ့ တော်ပြီ။

သာဓု ...သာ ဓု... သာဓု....။

သစ္စာဝါဒီ အသျှင်နန္ဒဝံသ [မဟာဝိဇ္ဇာ]

၏

# ဉာဏ်ပန်းမွှေးလှိုင်ကြူ


ပဌမ အကြိမ် ၃၀၀၀ အုပ်
ဒုတိယအကြိမ် ၂၀၀၀ အုပ်
တတိယအကြိမ် ၃၀၀၀ အုပ်


ဆရာတော်၏ ၎င်းကျမ်းစာအုပ်သည် အကြိမ်ကြိမ် ယောဂီ သူတော်စင်များ၏ တောင်းပန်ချက်ကြောင့် ပုံနှိပ်ထုတ်ဝေ အပူဇော်ခံခဲ့ရပါသည်။

သစ္စာဝါဒီ အသျှင်နန္ဒဝံသ [မဟာဝိဇ္ဇာ]

၏

# ဝိပဿနာလက်တွေ့ကျင့်စဉ်

## လုပ်ငန်းခွင်တရားတော်များ

ပဌမအကြိမ် .... ၃၀၀၀

ဒုတိယအကြိမ် .... ၃၀၀၀

နိဗ္ဗာန်သုခကို လိုလား တောင့်တသော ယောဂီများနှင့်
ဗုဒ္ဓစာပေဗဟုသုတ စာပေလိုက်စားကြသော
ရဟန်း, ရှင်, လူ,ပြည်သူပြည်သားတို့ အမှန်အမြတ်ဆုံး
ဖြစ်သော ကျင့်စဉ် တရားတော်ဖြစ်ပါသည်။

>

# မြတ်ပန်းမွှေးလှိုင်ကြူ

ပဌမ အကြိမ် .... ၅၀၀၀

## စစ်မှန်သော လွတ်မြောက်ခြင်းဖြစ်သည့်
## နိဗ္ဗာန်ချမ်းသာမြတ်တရားတော်

( အင်္ဂလိပ် - မြန်မာ နှစ်ဘာသာဖြင့် )

ပဌမ အကြိမ် .... ၂၀၀၀

## ဝိပဿနာ လက်တွေ့ကျင့်စဉ်
## လုပ်ငန်းခွင်တရားတော်များ
## ၏
## ကောက်ချက်များ

## အခေါင်မြတ်ပန်း
## အောင်ပန်းမွှေးလှိုင်ကြူ။

● ကျမ်းမြတ်အဆူဆူတို့ကို ပူဇော်နေပါပြီ ●

## ဤစာအုပ်တွင်

* လောကသည် ဘယ်သို့ရှိသနည်း၊ သင့်တင့်စွာ နှလုံးသွင်းရန် လမ်းညွှန် မူဝါဒ မည်သို့ ရှိသနည်း၊ လိုချင်းသည် မိမိလော၊ သူတပါးလော။

* ဘဝတခု၏တန်ဖိုးသည် ဘယ်သို့နည်း၊ ရွှေရှိမှလော၊ ငွေရှိမှလော၊ ရင်တွင်းဒုက္ခ ငြိမ်းအေး မှလော၊ ချမ်းသာစစ်သည် ဘယ်မှာနည်း။

* တရားရရန် လွယ်သလော၊ ခက်သလော၊ လူဝတ်ကြောင်နှင့်ဖြစ်နိုင်ပါသလော။

* အသေကို မည်သို့စိတ်ချ၊လက်ချ၊ ရင်ဆိုင် မည်နည်း၊ သေမင်းကို အောင်နိုင်, နိုင်ပါသ လော၊ မည်သို့သော နည်းရှိသနည်း။

* "နိဗ္ဗာန်" ၌ ဘာရှိသနည်း၊ဘယ်လိုသိနိုင်သနည်း၊ ဘာကြောင့်သိနိုင်သနည်း။

စသည် ၎ သည်များကိုဆရာတော်၏ အတွေ့ အကြုံများဖြင့် စနစ်တကျ တင်ပြထားသည်။

